# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## လွှတ်မြောက်အောင် အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။ **စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၀၀)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးတိုင်းဒေသကြီးရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြား

# ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး

**နေပြည်တော် ဇူလိုင် ၂၈**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် လမ်းညွှန်အမှာစကား ပြောကြားသည်။

**တာဝန်ရှိသူများ တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားစဉ်။ သတင်းစဉ်


**သဘာဝဘေးအန္တရာယ်များကို ကြိုတင်သတိပြုကြဖို့ လိုအပ်နေပါပြီ** — စာ - ၆

**တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ် ကျရောက်၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား** — စာ - ၈

**အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဂျပန်နိုင်ငံ အလယ်ပိုင်းသို့ နာရီအနည်းငယ်အတွင်း ဝင်ရောက်မည်** — စာ - ၁၄



GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည် ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

အထွေထွေရောဂါ အထူးကုသမားတော်ကြီး
ဒေါက်တာစိန်သန်း
M.B.,B.S, MD, ABIM Board Certified (Internal Medicine), Attending Physician, Bellevue Hospital, New York, Faculty, NYU Medical Center, NY, USA
၁.၈.၂၀၁၈ မှ ၁၄.၈.၂၀၁၈ ထိ

ကလေးအထူးကုသမားတော်ကြီး
ဒေါက်တာရဲကျော်အောင်
MBBS, MD, MPH, FAAP (Paediatrics), Consultant Paediatrician, New York, USA
၁၀.၈.၂၀၁၈ မှ ၂၃.၈.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂

# သတင်းအချက်အလက်များ ဂရုစိုက်ရယူ သဘာဝဘေးအန္တရာယ်များ ကြိုတင်ရှောင်ရှား

သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများက လျင်လျင်မြန်မြန် ပျံ့နှံ့နေသည်။ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည့်သမားရိုးကျမီဒီယာများထက် အင်တာနက်နှင့် လူမှုကွန်ရက်တို့မှ သတင်းများက ပို၍မြန်ကြသည်။ သို့သော်လည်း မှန်ကန်ခိုင်မာသော သတင်းများ ဟုတ်မဟုတ်ကိုတော့ သတိပြုစောကြောကြဖို့လိုအပ်မည်။ သတင်းတု သတင်းယောင်များ၊ မဟုတ်မမှန် လုန့်လုံး ခြောက်လုံးများနှင့် အဖွသတင်းများကလည်း လူမှု ကွန်ရက်စာမျက်နှာတို့တွင် ပေါ်များလှသည်။

မည်သို့ပင်ရှိစေ လတ်တလောတွင်မူ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် နိုင်ငံအတွင်း အချို့ဒေသများတွင်ပါ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့နေကြရသည်။ နှစ်စဉ်နှစ်တိုင်း သည်အချိန်၊ သည်ကာလတွင် ဤကဲ့သို့သော ဘေးအန္တရာယ်နှင့် ကြုံတွေ့ကြရသည်မှာ ပထမဆုံးမဟုတ်တော့သည့်အလျောက် ဖြစ်ပေါ်လာနိုင်ဖွယ်ရာသော ဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် ကြိုတင်မြော်တွေးကာ ပြင်ဆင်မှုများပြုလုပ်ထားကြခြင်းအားဖြင့် သက်သာရာရနိုင်ကြသည်။ ''ဖြစ်မလာနိုင်ပါဘူး'' ဟူသော အတွေး၊ ''ဖြစ်တော့လည်း ဖြစ်တဲ့အလျောက်'' ဟူသော သဘောထားကာ အမှုမဲ့အမှတ်မဲ့နေခြင်းတို့က ဘေးအန္တရာယ်အမှန်တကယ်ကျရောက်လာချိန်တွင် ခံနိုင်စွမ်းကင်းမဲ့သည့်အခြေအနေသို့ ကျရောက်စေနိုင်သည်။

လူအများစုတို့က အလေးဂရုမပြုမိကြသည့်တိုင်အောင် မိုးရွာမည့်သတင်း၊ မုန်တိုင်းလေပြင်းတိုက်ခတ်မည့်သတင်း၊ မြစ်ရေမြင့်တက်မည့်သတင်း၊ လှိုင်းကြီးမည့်သတင်းစသည့် သတင်းအချက်အလက်များကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မီဒီယာနည်းလမ်းအားလုံးတို့မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖော်ပြပေးနေသလို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကလည်း သဘာဝဘေးအန္တရာယ်များမှ ရှောင်ရှားနိုင်ရေးအတွက် အကြံပြုချက်များကို မီဒီယာများမှတစ်ဆင့် အကြံပြုတင်ပြလျက်ရှိရာ သတင်းအချက်အလက်များ၊ အကြံပြုချက်များကို ဂရုတစိုက်ရယူကာ သဘာဝဘေးအန္တရာယ်မှ ကြိုတင်ရှောင်ရှားနိုင်ရေးအတွက် စီမံဆောင်ရွက်ထားကြဖို့ လိုမည်ဖြစ်သည်။ ကယ်ဆယ်ခြင်း၊ ကူညီပံ့ပိုးခြင်း၊ ပြန်လည်နေရာချထားခြင်းဆိုင်ရာ လုပ်ငန်းတို့ကမူ ဘေးအန္တရာယ် ကျရောက်ပြီးနောက်ပိုင်း ကိစ္စများသာဖြစ်ပြီး သက်ဆိုင်ရာတို့က ဆောင်ရွက်ကြရမည့်လုပ်ငန်းများသာ ဖြစ်သည်ဟု မြော်တွေးကြရပါမည်။

ရေကြီးရေလျှံကာလအတွင်း သတိမူကြရမည်မှာ ရေစီးကြောင်းများ၏ အန္တရာယ်ပင် ဖြစ်သည်။ ရေစီးတွင် မျောပါမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများ နှစ်စဉ်ဖြစ်ပေါ်လေ့ရှိရာ ယခုနှစ်တွင်လည်း အသက်ဆုံးရှုံးမှု၊ ပျောက်ဆုံးမှုတို့ ရှိနေပြီဖြစ်ကြောင်း သတင်းများတွင် တွေ့နေကြရပြီဖြစ်သည်။ အရှိန်အဟုန်နှင့် စီးဆင်းနေသောရေသည် အန္တရာယ်ကြီးသော သဘာဝစွမ်းအားတစ်ရပ် ဖြစ်သည်ကို သတိပြုကြရမည် ဖြစ်သည်။ ရေအနက် လေးပေနှင့်အထက်ရှိပြီး တစ်နာရီလျှင် မိုင် ၂၀ နှုန်းဖြင့် စီးဆင်းနေပါက လူ၊ တိရစ္ဆာန်နှင့် ယာဉ်၊ ရထားများအတွက် အန္တရာယ်ရှိသည်ဟု သုတေသီတို့က အကြံပြုထားသည်။ သာမန်အားဖြင့်ဆိုလျှင် ရေသည် ရင်စို့ခန့် အနက်ရှိနေပြီး ခြေတစ်လှမ်းပြီး တစ်လှမ်း ရွှေ့နိုင်ရန်အတွက် ခက်ခက်ခဲခဲ ကြိုးပမ်းရွေ့လျားနေရသော အခြေအနေမျိုးသည် အန္တရာယ်ရှိသည့် အခြေအနေပင် ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးတွင် ရေ၏ ဖော့ဂုဏ်သတ္တိကြောင့် ရေစီးကြောင်းကို ဖြတ်သန်းသော မော်တော်ကားများမှာ မျောပါသွားနိုင်ပြီး အနက်ပိုင်းသို့ ရောက်သွားပါကလည်း ရေဖိအားကြောင့် နစ်မြုပ်သွားကာ ယာဉ်ထဲမှ ထွက်မရဘဲ ပိတ်မိပြီး အသက်အန္တရာယ်ရှိနိုင်ကြောင်း သတိပေးထားရာ ရေစီးကြောင်းများထဲသို့ မဆင်မခြင် ဖြတ်သန်းခြင်း မပြုလုပ်ကြရန် စေတနာကောင်းဖြင့် သတိပေးကာ ဗဟုသုတ ဝေမျှအပ်ပါကြောင်း။ ။

## ပုဂံ- မန္တလေး အမြန်ရထားများ အစုန်အဆန် ညပိုင်းပြေးဆွဲမည်

**နွားထိုးကြီး ဇူလိုင် ၂၈**

ပုဂံ-မန္တလေး ပြေးဆွဲနေသော အမြန်ရထား ၁၁၉ နှင့် ၁၂၀ အစုန်အဆန်ရထားများကို ဩဂုတ် ၁ ရက်မှစ၍ ညရထားများဖြင့် အိပ်စင်တစ်တွဲပိုဖြင့် ပြေးဆွဲရန်ရှိကြောင်း နွားထိုးကြီး ရုံပိုင်က ပြောသည်။

ယခုပုဂံမှ နံနက် ၄ နာရီထွက် ၁၁၉ အဆန်ရထားသည် ည ၉ နာရီ ပြောင်း၍ မန္တလေးသို့ နောက်နေ့နံနက် ၅ နာရီ ၂၅ မိနစ်တွင် ရောက်မည်ဖြစ်သည်။

မန္တလေးမှ ည ၈ နာရီထွက် ၁၂၀ အစုန်ရထားကို ည ၉ နာရီပြောင်းထွက်၍ ပုဂံသို့ နောက်နေ့နံနက် ၅ နာရီ ၅ မိနစ် ရောက် မည် ဖြစ်သည်။

ဩဂုတ်လဆန်းပြေးမည့် ရထားများတွင် အိပ်စင်တစ်တွဲတိုးပြီး ရိုးရိုးတန်းသုံးတွဲ၊ အထက်တန်း နှစ်တွဲဖြင့် စျေးနှုန်းမတက်ဘဲပြေးဆွဲသွားမည်ဟု သိရသည်။

**ဌေးမြင့်မောင်**




## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ စုပေါင်းပန်းချီပြပွဲ ခင်းကျင်းပြသ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတောင်ခြေရှိ ပန်းချီပြခန်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ကျောင်းသား ကျောင်းသူများ စုပေါင်း၍ 'ခရ Art Exhibition' ပန်းချီ၊ ပန်းပုပြပွဲကို ဇူလိုင် ၂၈ ရက်မှ စတင်၍ ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ဒုတိယနှစ်နှင့် ဒုတိယနှစ်ဂုဏ်ထူးတန်းတို့တွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူ ၁၇ ဦးတို့မှ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်နှင့် မြန်မာ့ရိုးရာဟန် ရေးဆွဲထားသည့် ပန်းချီကားပေါင်း ၉၈ ကားနှင့် တီထွင်ဖန်တီး ထုဆစ်ထားသည့် ပန်းပုရုပ် ခုနစ်ခုတို့ကို စုပေါင်းပါဝင်ပြသခြင်းဖြစ်ပြီး သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များဖြင့် ဖန်တီးရေးဆွဲထားသော ပန်းချီ၊ ပန်းပုလက်ရာများ၏ လိုအပ်ချက်များကို အကြံပြုပေးနိုင်ရန် ရည်ရွယ်၍ ခင်းကျင်းပြသခြင်းဖြစ်ကြောင်း ပန်းပုဌာနမှ ဒုတိယနှစ်ကျောင်းသား ကိုအောင်သန်းစိုးက ပြောသည်။ အဆိုပါ ပန်းချီ၊ ပန်းပုပြပွဲကို ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း ပြသသွားမည်ဖြစ်ပြီး ပန်းချီအမျိုးအစားအပေါ်မူတည်၍ တစ်ကားလျှင် ငွေကျပ်သုံးသောင်းမှ တစ်သိန်းကျော်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## တာချီလိတ်တွင် သွေးလွန်တုပ်ကွေးရောဂါကို လူထုလှုပ်ရှားမှုဖြင့် ကာကွယ်

**တာချီလိတ် ဇူလိုင် ၂၈**

တာချီလိတ်ခရိုင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုကို ဇူလိုင်၂၈ ရက်က တာချီလိတ်မြို့ ရှမ်းရိုးမကွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ၂၀၁၈ ခုနှစ် ဇူလိုင်လမှ ဩဂုတ်လအထိ ရက်သတ္တပါးပတ်ကြာ ဆောင်ရွက်မည့် လူထုလှုပ်ရှားမှု အစီအစဉ်ကို ရှင်းလင်းပြောကြားပြီး ရှမ်းရိုးမကွင်းအရှေ့၌ စိုက်ထူထားသည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှု မြေစိုက်ပိုစတာကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာရွှေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် မြို့မိမြို့ဖများက ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကြီးကြပ်ရေးအဖွဲ့က တာချီလိတ်မြို့ပေါ် ၁၁ ရပ်ကွက်တွင် တစ်ပြိုင်တည်းဆောင်ရွက်နေသည့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး သွန် လဲ စစ်လုပ်ငန်း၊ အဘိတ်ဆေးခပ်ခြင်းလုပ်ငန်းနှင့် ခြင်ဆေးဖျန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။**(ဓာတ်ပုံ)**

တာချီလိတ်ခရိုင်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်ကိုယခု ၂၀၁၈ ခုနှစ်အတွင်း လူထုလှုပ်ရှားမှုအသွင်ဖြင့် အင်တိုက်အားတိုက်ဆောင်ရွက်သွားမည်ဖြစ်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှု၊ ခရိုင်ကျန်းမာရေး ဦးစီးဌာန၏ စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကင်းထောက်လူငယ် မောင်မယ်များကဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆောင်ရွက်

**သရက်ချောင်း ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျွဲဇပ်ကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုအဖြစ် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူများပူးပေါင်း၍ ဇူလိုင် ၂၈ ရက်က ဆောင်ရွက်ခဲ့သည်။

ကျေးရွာအတွင်း နေအိမ်များနှင့် စာသင်ကျောင်းများရှိ ရေလှောင်ကန်၊ ရေစည်၊ ရေအိုး၊ ဘုရားပန်းအိုးများတွင် ခြင်ပေါက်ပွားမှုမရှိစေရန် ဖုံးသွန်လဲစစ် စစ်ဆေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်များခိုအောင်းနိုင်သောနေရာများတွင် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အိမ်တိုင်ရာရောက်လိုက်လံ၍ ခတ်ပေးခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၎က်ဖျားတာဝန်ခံ ဦးဇော်လွင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပြည်သူများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ကြီးမြို့နယ် ဝက်တူးကျေးရွာတွင် ရေဘေးထောက်ပံ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်

**ကျောက်ကြီး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသ ဝက်တူးကျေးရွာ ဃောသိတရာမကျောင်းတိုက်၌ ဇူလိုင် ၂၇ ရက်က အမှတ် (၃) စစ်မြေပြင်ဆေးတပ်ရင်း နယ်လှည့်ဆေးတပ်စု (ကျောက်ကြီး)အဖွဲ့နှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့တို့ ပူးပေါင်းပြီး ရေဘေးထောက်ပံ့မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။ **(ဓာတ်ပုံ)**




အဆိုပါအဖွဲ့သည် ဝက်တူးကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စု ၃၅ စု လူဦးရေ ၁၇၅ ဦး အတွက် မြို့နယ်ရေဘေး စီမံခန့်ခွဲမှုကြီးကြပ်ရေးကော်မတီမှ လှူဒါန်းသည့် ဆန်ခြောက် ပြည်ပါ ၁၀ အိတ်နှင့် စေတနာရှင်များလှူဒါန်းသည့် ရေသန့်ဘူးကြီး ခြောက်လုံးကတ် ၅၀ ကို မြို့နယ်ကြက်ခြေနီတပ်စုမှူး စိုးအောင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ မေတ္တာရောင်ခြည် ပဲခူးရပ်ကွက် ပရဟိတလူငယ်များက ဝက်တူးကျေးရွာ ဃောသိ တရာမကျောင်းတိုက်ဆရာတော် ဦးပညာနန္ဒနှင့် ကျေးရွာ ရာအိမ်မှူး ရပ်မိရပ်ဖများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်း နယ်လှည့် ဆေးတပ်စုသူနာပြုဗိုလ်ကြီးဇော်ကိုမြတ် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဝက်တူးကျေးရွာရှိ ရေဘေးသင့်ပြည်သူ ၅၄ ဦးကို အခမဲ့ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးမြို့၌ ကျင်းပသော တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် လမ်းညွှန်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

❇ *ရှေ့စုံးမှ*

ဦးမောင်မောင်ရွှေနှင့် တရားသူကြီးများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူ များ တက်ရောက်ကြသည်။

**ရည်ရွယ်ချက်နှစ်ခု**

တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က လမ်းညွှန်အမှာစကား ပြောကြားရာ၌ ပဲခူးတိုင်းဒေသကြီးသို့ လာရောက်ရခြင်း ရည်ရွယ်ချက်နှစ်ခု ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို အရှိန် အဟုန်မြှင့်တင် ဆောင်ရွက်ရန်နှင့် အဆက်မပြတ် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် ရင်ဆိုင်ကြုံတွေ့ နေရသည့် ရေဘေးရှောင်ပြည်သူများ အား တွေ့ဆုံရန်တို့ ဖြစ်ပါကြောင်း။

**နည်းမှန်လမ်းမှန် လိုက်ပါ**

နိုင်ငံတော်အစိုးရက အကောင် အထည်ဖော်ဆောင်ရွက်နေသည့် ပြုပြင် ပြောင်းလဲရေးလုပ်ငန်းများကို အရှိန် အဟုန်မြှင့်တင်ဆောင်ရွက်လျက် ရှိပါ ကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း များကို ဆောင်ရွက်ရာတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍ တို့တွင် တာဝန်ထမ်းဆောင်နေကြသူ များအနေဖြင့် စိုးရိမ်ထိတ်လန့်နေရန် မလိုအပ်ပါကြောင်း၊ ယခုအချိန်သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အခွင့်ကောင်း အခါ ကောင်း ဖြစ်ပါကြောင်း၊ အားလုံးတက်ညီ လက်ညီဖြင့် နည်းမှန်လမ်းမှန် လိုက်ပါ ဆောင်ရွက်မှသာ မိမိတို့တိုင်းပြည် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝ ပြီး ပြည်သူလူထုလည်း လူနေမှုအဆင့် အတန်း တိုးတက်မြင့်မားလာမည် ဖြစ်ပါ ကြောင်း။

**အားလုံးတွင် တာဝန်ရှိ**

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံ တည်ဆောက်ရေးကို ဦးတည် ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီး နှင့် ပြည်နယ်များအားလုံး အချိုးကျကျ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာဝပြောရေးနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးကို အလေးထား ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တရား မျှတမှုရရှိရန်မှာ အားလုံးတွင် တာဝန်ရှိ ကြပါကြောင်း၊ တရားမျှတမှုရရှိရေး အကောင်အထည်ဖော်ခြင်းသည် ဒီမို ကရေစီခိုင်မာစေရေးဖြစ်သကဲ့သို့ လူ့အဖွဲ့ အစည်းကိုလည်း ခိုင်မာတောင့်တင်းစေ ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု နိုင်ငံ တည်ဆောက်ရေးကို အထောက် အပံ့ ဖြစ်စေပါကြောင်း၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံအဖြစ် တည် ဆောက်နိုင်မှသာ စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းသာယာဝပြော စည်ပင်လာ မည် ဖြစ်ပါကြောင်း။

**ကာကွယ်စောင့်ရှောက်ပေး**

အုပ်ချုပ်ရေးနှင့်စပ်လျဉ်း၍ ပြည်သူ လူထုကို ဖိနှိပ်ချုပ်ချယ်သည့် ယန္တရား မဖြစ်စေလိုပါကြောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးရန် လိုပါ ကြောင်း၊ ပြည်သူလူထု၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးသည့် စီမံခန့်ခွဲမှု မျိုးဖြစ်စေလိုပါကြောင်း၊ ထို့ပြင် တာဝန် ယူမှု တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ကြိုတင်သိမြင် နိုင်မှုစသည့် အချက်များနှင့်လည်း ကိုက်ညီမှုရှိရန် အထူးလိုအပ်ပါကြောင်း။

**မှန်မှန်ကန်ကန် တရားစီရင်**

ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဥပဒေ များရေးဆွဲရာတွင် ခေတ်ကာလ လက်ရှိ အခြေအနေနှင့် ကိုက်ညီမှုရှိသည့် ဒီမို ကရေစီနှင့်လျော်ညီသည့် ဥပဒေများ ဖြစ်အောင် ရေးဆွဲကြရန်လိုအပ်ပါ ကြောင်း၊ တရားစီရင်ရေးနှင့်စပ်လျဉ်း၍ ဆင်းရဲချမ်းသာမရွေး၊ ရာထူးဌာနန္တရ မရွေးဘဲ ဘက်လိုက်မှုကင်းသည့် တရား စီရင်ရေးဖြစ်ရန်လိုပါကြောင်း၊ တရားစီရင် ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် တရားစီရင်ကြရန် လိုအပ်ပါကြောင်း။

**အမျိုးသားရေး**
**တာဝန်တစ်ရပ်အဖြစ်ခံယူ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အရပ် ဘက်အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများ ပိုမိုပူးပေါင်းပါဝင်နိုင်ရန် ဆောင်ရွက်ကြ ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကို အမျိုးသားရေး



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ရှင်းလင်းတင်ပြစဉ်။

တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက် ရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီး ကာကွယ်နှိမ်နင်းရေး သည် ပြည်သူများ အပါအဝင် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ပိုမို အောင်မြင်မည်ဖြစ်ပါကြောင်း၊ မူးယစ် ဆေးဝါးမှုများကို မသိကျိုးကျွန်ပြုထား ခြင်း၊ လျစ်လျူရှုထားခြင်း၊ မျက်ကွယ် ပြုထားခြင်းများကို ပြည်သူများက စောင့် ကြည့်ပေးထားပြီး ဖော်ထုတ်ပေးကြရန် လိုပါကြောင်း။

**ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်



ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင် ရှင်းလင်းတင်ပြစဉ်။

ပတ်သက်၍ အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင် ဥပဒေများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအထိ ဖွဲ့စည်းဆောင်ရွက် လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအလိုက် Corruption Prevention Unit (CPU)များဖွဲ့စည်းပြီး ထိန်းကျောင်းရန် စီမံလျက်ရှိပါကြောင်း၊ အဂတိလိုက်စား မှု ကင်းရှင်းစေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုကို ဆူကြုံနိမ့်မြင့်မရွေး



ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ရှင်းလင်းတင်ပြစဉ်။

ဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းလျက် ရှိပါကြောင်း၊ အဂတိကင်းစင်သည့် လူ့အဖွဲ့အစည်းဖြစ်စေရန် ဆောင်ရွက် နေပါကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးမြို့၌ ကျင်းပသော တိုင်းဒေသကြီးအစိုးရ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

**လမ်းညွှန်မှာကြား**

တရားစီရင်ရေးကဏ္ဍတွင် ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်ဆင့် တာဝန်ယူတာဝန်ခံ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေတွင် ပါဝင်သည့် ပြဋ္ဌာန်းချက်များ၊ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေ၏ ရှေ့မှောက်တွင် နိုင်ငံသူနိုင်ငံသားများအားလုံး အညီအမျှဖြစ်ကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြရန် လိုအပ်ပါကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က လွှတ်တော်ရေးရာ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားလွှတ်တော်ရေးရာလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ရှင်းလင်းတင်ပြသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ တရားစီရင်ရေးကဏ္ဍတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ မရှိစေရန် အမြဲမပြတ်စောင့်ကြည့်ရန် လိုအပ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်စေရန် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အမှုများကို မှန်မှန်နှင့်မြန်မြန် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း။

**အကျိုးဖြစ်ထွန်းစေရန်လို**

ဥပဒေပြုရေးကဏ္ဍတွင် လွှတ်တော်သို့ အဆိုများတင်သွင်းရာ၌ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်ညီရန်လိုပါကြောင်း၊ ကတိကဝတ်ပေးပြီးပါက အကောင်အထည်ဖော်ရန် လိုပါကြောင်း၊ ဥပဒေများရေးဆွဲရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန်လိုပါကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် လယ်ယာမြေများစိစစ်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ မူဝါဒနှင့်အညီ စိစစ်ကြရန်လိုပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဒေသ၏လိုအပ်ချက်နှင့် ပြည်သူများအကျိုးဖြစ်ထွန်းစေရန် လိုပါကြောင်း။

**ပြည်သူကို ဝန်ဆောင်မှုပေး**

ဝန်ထမ်းများသည် နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းမှ ကျခံသုံးစွဲသည့် လစာ၊ စရိတ်ငွေနှင့် အခြားခံစားခွင့်များကို ခံစားကြရပါကြောင်း၊ အဆိုပါဝန်ထမ်းများတွင် အခွင့်အရေးနှင့် ဒွန်တွဲ၍ တာဝန်ယူမှုများရှိပါကြောင်း၊ အခွင့်အရေးကို မှန်ကန်စွာသုံးစွဲပြီး တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် လိုကြောင်း၊ ပြည်သူ့ဘဏ္ဍာကို ခံစားနေကြသည့် ဝန်ထမ်းများသည် ပြည်သူ့တာဝန်များကို တရားဥပဒေနှင့်အညီ ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ပြီး ပြည်သူကို လေးစားစွာ အလုပ်အကျွေးပြုကြရမည်၊ ပြည်သူကို ဝန်ဆောင်မှုများပေးကြရမည် ဖြစ်ပါကြောင်း။

**အပြန်အလှန်ထိန်းကျောင်း**

ဝန်ထမ်းများအနေဖြင့် ပြည်သူကို တရားမျှတစွာဆက်ဆံရန်၊ ပြည်သူ့ဘဏ္ဍာကို အလေအလွင့်မရှိအောင် ဆောင်ရွက်ရန်လိုပါကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့သည် အပြန်အလှန်ချိတ်ဆက်နေပါ၍ အပြန်အလှန်ထိန်းကျောင်းရန်လည်း တာဝန်ရှိပါကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးမြို့ရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန်၌ ရေဘေးရှောင်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန်သို့ သွားရောက်ပြီး ပဲခူးမြို့နယ်အတွင်းရှိ ရေဘေးရှောင်ပြည်သူများနှင့် သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေသို့ လွှဲပြောင်းထောက်ပံ့သည့် ငွေကျပ်သိန်း ၁၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံ ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရေဘေးရှောင်ပြည်သူများအတွက် ဆန်အိတ် ၁၀၀ နှင့် ရေဘေးရှောင်မိသားစု ၁၀၀၀ အတွက် ထောက်ပံ့ရေးပစ္စည်း ခြောက်မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရေဘေးရှောင်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။ **သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေသို့ လွှဲပြောင်းထောက်ပံ့သည့် ငွေကျပ်သိန်း ၁၀၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံ ပေးအပ်စဉ်။ သတင်းစဉ်

- ❐ **ယခုအချိန်သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အခွင့်ကောင်း အခါကောင်းဖြစ်၊ အားလုံးတက်ညီလက်ညီဖြင့် နည်းမှန်လမ်းမှန် လိုက်ပါဆောင်ရွက်မှသာ မိမိတို့တိုင်းပြည် အမြန်ဆုံးဖွံ့ဖြိုးတိုးတက် ချမ်းသာကြွယ်ဝပြီး ပြည်သူလူထုလည်း လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်ဖြစ်။**
- ❐ **မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးသည် ပြည်သူများအပါအဝင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ ပိုမိုအောင်မြင်မည်ဖြစ်၊ မူးယစ်ဆေးဝါးမှုများကို မသိကျိုးကျွန်ပြုထားခြင်း၊ လျစ်လျူရှုထားခြင်း၊ မျက်ကွယ်ပြုထားခြင်းများကို ပြည်သူများက စောင့်ကြည့်ပေးထားပြီး ဖော်ထုတ်ပေးကြရန်လို။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ထောက်ပံ့ရေးပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံ ပေးအပ်စဉ်။ သတင်းစဉ်

❒ *ကျောဖုံးမှ*

ဗိုလ်ချုပ်အောင်သူ၊ ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စနစ်တကျကြိုတင်ပြင်ဆင်**

အစည်းအဝေးတွင် ဒုတိယသမ္မတက နိုင်ငံအတွင်း လတ်တလောဖြစ်ပေါ်နေသည့် သဘာဝဘေးအန္တရာယ်ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ လိုအပ်သလိုပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန် အစည်းအဝေးကို ယခုကဲ့သို့ ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း ရေကြီးရေလျှံမှုများကြောင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေရပါကြောင်း၊ လတ်တလော ရေကြီးရေလျှံမှုများကြောင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုများ လတ်တလောဖြစ်ပေါ်လျက်ရှိရာ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားနေကြရသူများကို သဘာဝဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်၍ ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်းနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်သည်များကို မျှော်မှန်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်နှင့် ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဗိုလ်ချုပ် အောင်သူ၊ ဦးဝင်းမော်ထွန်းနှင့် ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊ ဦးတင်မောင်ဦးနှင့် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း၊ ဒေါက်တာကျော်မိုးဦးနှင့် တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားနေကြရသူများအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ကူညီဆောင်ရွက်သွားမည့်အစီအမံများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ ချက်ချင်းတုံ့ပြန်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ထောက်ပံ့ကူညီသွားမည့် အစီအစဉ်များ၊ လုံခြုံရေး၊ သတင်းထုတ်ပြန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ လျှပ်စစ်ကဏ္ဍဆိုင်ရာများနှင့် တပ်မတော်မှ သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်နေရာများတွင် ပူးပေါင်းကူညီ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး မိုးလေဝသ အခြေအနေဆိုင်ရာများနှင့် စပ်လျဉ်း၍ ဖြိုဟ်တုမှပေးပို့သည့် ပုံရိပ်များကို လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနရှိ မိုးလေဝသအခြေအနေဆိုင်ရာများနှင့်စပ်လျဉ်း၍ ဂြိုဟ်တုမှပေးပို့သည့် ပုံရိပ်များကို ကြည့်ရှုစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း ရှင်းလင်းဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ရှင်းလင်းဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ရှင်းလင်းဆွေးနွေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရှင်းလင်းဆွေးနွေးစဉ်။

❖ **လတ်တလော ရေကြီးရေလျှံမှုများကြောင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုများ လတ်တလောဖြစ်ပေါ်လျက်ရှိရာ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားနေကြရသူများကို သဘာဝဘေး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်၍ ချက်ချင်းတုံ့ပြန် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်။**

# ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ဘားအံမြို့ရှိ ရေဘေးရှောင်စခန်းများသို့ သွားရောက်၍ အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့

**ဘားအံ ဇူလိုင် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေကာ ဆက်လက်မြင့်တက်နေသည့်အတွက် ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ လူနေရပ်ကွက်အချို့တွင် ရေများဝင်ရောက်လျက်ရှိပြီး ကယ်ဆယ်ရေးစခန်းများကို ဖွင့်လှစ်ထားရှိခဲ့ရာ ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီခန့်က ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ရေဘေးရှောင်စခန်းများသို့ သွားရောက်၍ ရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံကာ အာဟာရဖြည့်စွက် အစားအစာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ အထက(၃) အားကစားရုံ၊ အလက(၆)၊ Cyclone Shelter ၊ အထက(၁)မြကြေးမုံ၊ အစ္စလာမ်ကျောင်းနှင့် အမက(၁၁) အစရှိသည့် ရေဘေးရှောင်စခန်းများသို့ သွားရောက်၍ အားပေးစကားများ ပြောကြားကာ အာဟာရဖြည့်စွက်စာများအဖြစ် ပဲနို့၊ ကြက်ဥ၊ ပေါင်မုန့်၊ မုန့်အမျိုးမျိုးနှင့် သောက်ရေသန့်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အစိုးရအဖွဲ့မှ ထမင်းနှင့်ဟင်းလျာဘူးများကို တစ်နေ့လျှင် နှစ်ကြိမ် ဝေငှပေးကြောင်း သိရသည်။

အလားတူ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များကလည်း စားသောက်ကုန်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် ငွေကြေးများကို တစ်ဦးတစ်ယောက်ချင်းစီသော်လည်ကောင်း၊ အစုအဖွဲ့များဖြင့် သော်လည်းကောင်း ကူညီထောက်ပံ့ပေးလျက်ရှိပြီး သံလွင်မြစ်ရေ ဆက်လက်မြင့်တက်နေသည့်အတွက် မြို့ပေါ်ရပ်ကွက်များရှိ လမ်းအချို့နှင့် ဘားအံ-ဇာသပြင်-မော်လမြိုင်သွားကားလမ်း၊ ဘားအံ-မြိုင်ကလေး-သထုံသွား ကားလမ်း၊ ဘားအံကမ်းနားလမ်းတို့တွင် ရေများကျော်လျက်ရှိကြောင်း သိရသည်။



ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများရှိ အိမ်ထောင်စု ၁၅၈၆ စု၊ လူဦးရေ အမျိုးသား ၄၀၂၆ ဦး၊ အမျိုးသမီး ၄၁၃၁ ဦး စုစုပေါင်း ၈၁၅၇ ဦးတို့သည် ရေဘေးကယ်ဆယ်ရေး စခန်း ၁၅ ခုသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စခန်းတာဝန်ခံများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# သဘာဝဘေးအန္တရာယ်များကို ကြိုတင်သတိပြုကြဖို့ လိုအပ်နေပါပြီ

**သတင်းဆောင်းပါး -ခင်ရတနာ**

**ယခုသီတင်းပတ်အတွင်း သဘာဝဘေးကြောင့် လမ်းပန်းဆက်သွယ်ရေး၊ နေထိုင်ရေးများအတွက် ဆုံးရှုံးမှုများစွာ ကြုံတွေ့နေကြရသည်။ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရေကြီးရေလျှံမှုများကြောင့် များစွာသော ပြည်သူများ ထိခိုက်ဆုံးရှုံးမှုများ ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ခြေ မြင့်မားသည့်နိုင်ငံဖြစ်ပြီး နှစ်စဉ်အမေရိကန် ဒေါ်လာ ၁၈၄ သန်းခန့်သည် သဘာဝဘေးအန္တရာယ်များကြောင့် ဆုံးရှုံးမှုကြုံတွေ့နေကြရကြောင်းနှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ဖို့ လိုအပ်ကြောင်း ကမ္ဘာ့ဘဏ်က ဇွန်လအတွင်းက သတိပေးထားခဲ့သည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် ပြီးခဲ့သည့်ရက်အတွင်းက မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် သဘာဝဘေးဒဏ်ကို ခံစားခဲ့ရသည့် ပြည်သူများအား သွားရောက်အားပေးခဲ့သည့်အပြင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည်လည်း ဇူလိုင်လ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုကြောင့် ဆုံးရှုံးမှုကြုံတွေ့နေရသည့် ပြည်သူများကို သွားရောက်တွေ့ဆုံကာ လိုအပ်သည့် စီမံခန့်ခွဲမှုများကို ပြုလုပ်ခဲ့သည်။ ထို့အတူ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း ဇူလိုင်လ ၂၈ ရက်နေ့တွင် လတ်တလောဖြစ်ပွားနေသော ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုတွေလိုအပ်**

မြန်မာနိုင်ငံတွင်သာ မဟုတ်၊ အခြားသော အရှေ့တောင်အာရှနိုင်ငံများတွင်လည်း နှစ်စဉ်နှစ်တိုင်းရေကြီးရေလျှံမှုများ၊ မုန်တိုင်းများ၊ လေပြင်းတိုက်ခတ်မှုများ၊ ငလျင်ဘေးများစသည်ဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ခံစားတွေ့ကြုံနေကြရသည်။

“သဘာဝဘေးအန္တရာယ်နဲ့ ကြုံတွေ့လာရင် အလျင်မြန်ဆုံး ပြန်လည်ထူထောင်နိုင်ဖို့အတွက် ဘေးအန္တရာယ်မကျရောက်မီကတည်းက ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုတွေ လိုအပ်ပါတယ်။ ဖြစ်လာတဲ့အခါမှာလည်း အလျင်မြန်ဆုံး တုံ့ပြန်ဆောင်ရွက်နိုင်မှသာ မိသားစုဘဝတွေ လုံခြုံမှာဖြစ်သလို ပြည်သူတွေလည်း လုပ်ငန်းခွင်ကို မြန်မြန်ဆန်ဆန်ပြန်ဝင်နိုင်မယ်”ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး အယ်လင်ဂိုးစတိန်းက ပြောကြားသည်။

“မြစ်ရေကတော့ စိုးရိမ်ရေမှတ်တွေကို ကျော်နေတာ

> **“ရေကြီးတဲ့အတွက် ကျွန်မတို့ အများဆုံးကြုံတွေ့ရတာက အအေးမိတာပေါ့။ ဒုတိယအဖြစ်များတာက ဝမ်းပျက်ဝမ်းလျှောနဲ့ တတိယအဖြစ် အများဆုံးက အရေပြားယားနာတာမျိုးတွေနဲ့ ကူးစက်တတ်တဲ့ ရောဂါမျိုးတွေကို သတိပြုသင့်ပါတယ်။ ဒါကြောင့် ကယ်ဆယ်ရေး စခန်းတွေမှာ ဆေးဝါးလုံလောက်အောင် စီမံဆောင်ရွက်ဖို့က အရေးကြီးတယ်”**



**ဘားအံမြို့နယ်အတွင်း သံလွင်မြစ်ရေကြီးမှုကြောင့် ရပ်ကွက်များအတွင်း ရေဝင်နစ်မြုပ်နေမှုကို တွေ့ရစဉ်။**
ဓာတ်ပုံ-စောမျိုးမင်းသိန်း

တွေ့ရပါတယ်။ ဆက်လက်ပြီးတော့ မြင့်တက်နိုင်သေးတဲ့ အနေအထားလည်းရှိတယ်။ ဒီနှစ်ပိုင်းတွေမှာ ရာသီဥတုက သိသိသာသာပြောင်းလဲလာတယ်ဗျ။ အရင်က အနောက်တောင်မုတ်သုံလေဝင်ရောက်လာတဲ့ ကာလကနေစပြီး မိုးကြို၊ မိုးဦး၊ မိုးနှောင်းတွေမှာ မိုးတိမ်တောင်တွေ ဖြစ်လာတယ်။ ဒီလိုမိုးတိမ်တောင်တွေကြောင့် ထစ်ချုန်းမိုးရွာသွန်းမှုတွေ ဖြစ်တယ်။ အခုနောက်ပိုင်းမှာတော့ တစ်နှစ်ပတ်လုံး မိုးတိမ်တောင်တွေကို တွေ့ရတယ်။ ဒါဟာ ရာသီဥတုဖောက်ပြန်မှုတွေထဲက တစ်ရပ်ပဲဖြစ်ပြီး တစ်နှစ်ပတ်လုံးမိုးတိမ်တောင်တွေကြောင့် ထစ်ချုန်းရွာသွန်းမှုတွေကလည်း တစ်နှစ်ပတ်လုံးမှာ ဖြစ်ပွားတယ်။ ထစ်ချုန်းမိုးတွေရွာတယ်ဆိုတာက ရုတ်တရက် ရွာသွန်းတာမျိုးဖြစ်ပြီး မိုးရေလည်း အတော်များများပါတယ်။ မိုးတိမ်တိုက်တွေ စုဖွဲ့ထားတဲ့အတွက် မိုးရွာသွန်းတဲ့ပမာဏက များတယ်။ ဒါပေမယ့် ပုံမှန်မိုးရွာသွန်းမှုကို ထိခိုက်စေပြီး မိုးရွာတဲ့ အကြိမ်ရေနည်းသွားတယ်။ အရင်နှစ်တွေကို ပြန်ကြည့်ရင် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ နှစ်တွေအားလုံးမှာ မိုးရာသီ ရေကြီးရေလွှမ်းမှုဒဏ်ကို ခံစားခဲ့ကြရပါတယ်။ ရေကြီးမှုကလည်း နှစ်စဉ်ဖြစ်ပွားလာနေတာပါ။ ပြောရမယ်ဆိုရင် မိုးလေဝသအစွန်းရောက်ဖြစ်စဉ်တစ်ခုကို ကြုံတွေ့နေကြရတာ။ မိုးက ထစ်ချုန်းရွာသွန်းတဲ့အတွက် ကျန်တဲ့ရက်တွေမှာ အပူချိန်တွေက ပြင်းထန်တော့ မိုးတိမ်တောင်တွေ ပြန်ဖြစ်၊ ဒီလိုနဲ့ ထစ်ချုန်းရွာတာ၊ မိုးကြိုးပစ်တာနဲ့ လျှပ်စီးလက်တာ၊ လေပြင်းတိုက်တာတွေဟာ အတော်လေးများနေပါတယ်။ ဒါကြောင့် ရေကြီးရေလျှံမှုတွေဟာ မြန်မာနိုင်ငံမှာ အများဆုံးဖြစ်ပွားရပါတယ်”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ရှင်းပြသည်။

**ရေကြီးခြင်း၏နောက်ဆက်တွဲ ကျန်းမာရေးသတိပြုစေချင်**

“ရေကြီးတဲ့အတွက် ကျွန်မတို့အများဆုံးကြုံတွေ့ရတာက အအေးမိတာပေါ့။ ဒုတိယအဖြစ်များတာက ဝမ်းပျက်ဝမ်းလျှောနဲ့ တတိယအဖြစ်အများဆုံးက အရေပြားယားနာတာမျိုးတွေနဲ့ ကူးစက်တတ်တဲ့ ရောဂါမျိုးတွေကို သတိပြုသင့်ပါတယ်။ အစားအသောက်တွေကလည်း ပုံမှန်မဟုတ်ဘဲ ပြောင်းလဲလာသလို အနေအထိုင်မှာလည်း ရေကြီးရေလျှံတာကြောင့် ပုံမှန်မဟုတ်တော့ဘဲ ပြောင်းလဲကြရတဲ့အတွက် အဖြစ်များတယ်။ ဒါကြောင့် ကယ်ဆယ်ရေးစခန်းတွေမှာ ဆေးဝါးလုံလောက်အောင် စီမံဆောင်ရွက်ဖို့က အရေးကြီးတယ်”ဟု ဘီးလင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ဒဏ် ခံစားနေကြရသည့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဒေါက်တာစိုးစိုးသူကျော်က ရှင်းပြသည်။

ပဲခူးမြို့ပတ်ဝန်းကျင်ဒေသများတွင် ရေဘေးသင့်ပြည်သူများအား သွားရောက်ကူညီပေးနေသည့် ကိုစိုးသူရမြင့်ကလည်း ယခုရက်ပိုင်းအတွင်း ကျန်းမာရေးအသိပညာများ ပိုမိုပေးအပ်ရန် လိုအပ်နေကြောင်း ပြောပြပြီး “အများစုက ကြိုတင်မျှော်တွေးပြီး ပြင်ဆင်မှုမလုပ်တတ်ကြပါဘူး။ ကလေးတွေရှိတဲ့ အိမ်တွေဆိုရင် အနည်းဆုံး အိမ်သုံးဆေးဝါးတွေကို ကြိုတင်စုဆောင်းထားဖို့လိုတယ်။ သန့်ရှင်းတဲ့ရေ ရရှိဖို့အတွက်လည်း ကြိုပြီးပြင်ထားသင့်တယ်။ အများစုက ရေကြီးနိုင်တာကို သိပေမယ့် ကြိုတင်ပြင်ဆင်မှုက တော်တော်လေးနည်းပါးနေတော့ မလိုအပ်ဘဲ ပိုပြီးဆုံးရှုံးမှုခံစားရတယ်”ဟု သူ့အတွေ့အကြုံကို ပြောပြသည်။

ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်စားသောက်မှုပုံစံ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ချက်ပြုတ်မှုပုံစံနှင့် အညစ်အကြေးစွန့်ပစ်မှု ပုံစံများကိုလည်း ယခုထက် ပိုမိုကောင်းမွန်သည့် စီမံခန့်ခွဲမှုများပေးအပ်ရန် မျှော်လင့်နေကြပြီး ကျန်းမာရေးအပြင် အခြားသောဆိုးကျိုးများကို ကာကွယ်ရန်အတွက်လည်း သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်းသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေသည်။

သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားနေကြရသူများအား သဘာဝဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်၍ ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်းနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်သည်များကို မျှော်မှန်း၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းဆွေးနွေးပွဲတွင် ဒုတိယသမ္မတက ပြောကြားထားသည်။

**စိုက်ပျိုးရေးတောင်သူများ သတိပြုကြရမည်**

“ဒီလိုရာသီဥတုတွေဟာ ကျွန်တော်တို့ မကြာခဏ ကြုံရတော့မှာလေ။ ဒါကြောင့် ဖြစ်နိုင်မယ်ဆိုရင် ရာသီဥတုဒဏ်ခံနိုင်မယ့် ပျိုးပင်တွေကို ရွေးချယ်သင့်တယ်။ ဥပမာပြောရရင် မြန်မာနိုင်ငံ အလယ်ပိုင်းနဲ့ အပူပိုင်းဒေသတွေဆိုရင် ရေငတ်ဒဏ်ခံနိုင်တဲ့ သီးနှံအမျိုးအစားတွေ၊ စပါးဆိုလည်း ရာသီဥတုနဲ့ ချိန်ညှိပြီး ရွေးချယ်ဖို့ အချိန်ဖြစ်လာပါပြီ။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသတွေဟာ မကြာခဏ မိုးထစ်ချုန်းရွာလေ့ရှိတဲ့အတွက် ရေကြီးရေလျှံမှုတွေကို ပိုပြီးခံစားကြရနိုင်တာကြောင့် ရေနစ်မြုပ်ခံနိုင်တဲ့ စပါးမျိုးတွေကို ရွေးချယ်စိုက်ပျိုးသင့်ပါတယ်။ ဒီလိုစိုက်ပျိုးကြရာမှာလည်း မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်တွေကို စွန့်လွှတ်ကြပြီး ခေတ်မီစိုက်ပျိုးနည်းစနစ်တွေကို ကူးပြောင်းသင့်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မိရိုးဖလာ စိုက်ပျိုးတဲ့ မျိုးရိုးတွေက လက်ရှိကြုံတွေ့နေရတဲ့ ရာသီဥတုဒဏ်ကို လုံးဝမခံစားနိုင်ကြတော့ပါဘူး။ ဒါကြောင့် အပင်တွေ ပျက်စီးပြီး တောင်သူတွေ အမြဲအထိနာနေကြရပါတယ်။ ဒါကြောင့် ဒေသအလိုက် ကျွမ်းကျင်တဲ့ ပညာရှင်တွေရဲ့အကြံပြုချက်တွေကို လိုက်နာပြီး စိုက်ပျိုးစေချင်ပါတယ်။ နောက်တစ်ခုက တောင်သူတွေအားလုံးကို ပန်ကြားချင်တာက ကျွန်တော်တို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကနေ နေ့စဉ်နေ့တိုင်းမှာ ထူးခြားမှုဖြစ်စဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ရုပ်သံတွေ၊ ရေဒီယိုလိုင်းတွေ၊ သတင်းစာတွေ၊ လူမှုကွန်ရက်တွေနဲ့ ကျွန်တော်တို့ရဲ့ ဝက်ဘ်ဆိုက်တွေမှာ လွှင့်တင်နေပါတယ်။ သတိပေးချက်တွေကိုလည်း အမြဲသတိပြုခြင်းအားဖြင့် စိုက်ပျိုးရေးကဏ္ဍကို အများကြီးအထောက်အကူဖြစ်စေမယ်လို့ ပြောချင်ပါတယ်”ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦး က ပြောကြားသည်။

“ရေကြီးရေလျှံထားတဲ့အတွက် မိုးရေတွေကို မြေဆီလွှာတွေထဲမှာ သိုလှောင်ထားတာမရှိတော့ပါဘူး။ ဒါက နောက်ပိုင်းဆောင်းနဲ့နွေမှာ မြေဆီလွှာခြောက်ခန်းလာတတ်ပါတယ်။ ဒါက သီးနှံကြီးထွားမှုကို ခြိမ်းခြောက်လာမှာပါ။ ဒါကြောင့် လာမယ့်ဆောင်းမှာ ရေငတ်ခံနိုင်တဲ့ စပါးနဲ့ အခြားသီးနှံတွေကိုပဲ ရွေးစိုက်သင့်ပြီး လက်တွေ့ကျတဲ့ တောင်သူတွေလည်း တန်ဖိုးနည်းနည်းနဲ့ ဖော်ဆောင်နိုင်မယ့်နည်းစနစ်တွေ၊ မျိုးတွေကို ဖြန့်ဝေပေးရမှာပါ။ လက်ရှိမှာ လုပ်ဆောင်နေတာတွေတော့ ရှိတယ်။ ဒါ့အပြင် တိရစ္ဆာန်အစားအစာတွေနဲ့ ဆေးဝါးတွေကိုလည်း ရေဘေးသင့်တဲ့ဒေသတွေမှာ ကူညီထောက်ပံ့ပေးကြဖို့ လိုအပ်တယ်”ဟု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုပညာရှင် UNDP ဒေါက်တာငုဝါနွယ်က သုံးသပ်ပြောကြားသည်။

**နောက်နှစ်ရက်အတွင်း မိုးဆက်လက်ရွာသွန်းနိုင်**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ စစ်တောင်းမြစ်ရေနှင့် ပဲခူးမြစ်ရေများသည် စံချိန်သစ်အထိ မြင့်တက်လာနိုင်သေးပြီး ရေကြီးရေလျှံမှုများ ဆက်လက်ကျရောက်နိုင်သေးကြောင်း သတိပေးထားသည်။ ထို့ကြောင့် မြစ်ရေများသည်လည်း စိုးရိမ်ရေမှတ်တွင် ဆက်လက်တည်ရှိနေနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း ရွာရန်ရာနှုန်းပြည့်ဖြစ်ပြီး မုတ်သုံလေ အားကောင်းနေဦးမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည့်အပြင် ဘားအံမြို့နယ်၊ ပဲခူးမြို့နယ်၊ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့နယ်တို့ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများသည် မြစ်ရေကြီးခြင်းအန္တရာယ်မှ ကင်းလွတ်ရာသို့ ရှောင်ရှားကြရန်နှင့် တောင်ငူမြို့နယ်နှင့် ဘီးလင်းမြို့နယ်များအတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသူများ အထူးဂရုပြုကြရန် အကြံပြုထားသည်။ ။

## စစ်တောင်းမြစ်ရေမြင့်တက်မှုကြောင့် ဝေါမြို့နယ်၌ ကျောင်းနှင့် လူနေအိမ်များ ရေနစ်မြုပ်



**ဝေါ ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အတွင်းရှိ ဆင်ရွာကျေးအုပ်စုရှိ ဆင်ရွာ၊ ဂျိုးလေးကျေးရွာတို့တွင် ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး စစ်တောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ဝေါမြို့နယ် ဆင်ရွာကျေးရွာနှင့် ဂျိုးလေးကျေးရွာတို့တွင် စာသင်ကျောင်းလေးကျောင်းနှင့် လူနေအိမ် ၂၅၀ ကျော်ခန့် ရေနစ်မြုပ်မှုဖြစ်ပွား၍ ကျေးရွာဘုန်းတော်ကြီးကျောင်းများနှင့် မိမိတို့၏ နီးစပ်ရာရေလွတ်အိမ်တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် ဆင်ရွာကျေးရွာလမ်းမ ရေကျော်ကျိုးခြင်းနှင့် တာပေါင်ကျိုးခြင်းများ ဖြစ်ပွားပြီး ဆင်ရွာ အထက်တန်းကျောင်းခွဲတစ်ကျောင်းနှင့် အမကလွန်နှစ်ကျောင်း၊ ဂျိုးလေးအမကလွန် ကျောင်းတစ်ကျောင်းတို့တွင် ရေကြီးမှုဖြစ်ပွားနေမှုကြောင့် ကျောင်းခေတ္တပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် USOAP- ICVM Audit အကြို 2018 USOAP Audit Preparation Task Force အဖွဲ့ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ၂၀၀၃ ခုနှစ်တွင်တည်ဆောက်ခဲ့သော Terminal-2 အား Terminal-1နှင့် ချိတ်ဆက်ရန် အကြီးစားပြုပြင်မွမ်းမံရန်အတွက် အဆိုပါ Terminal-2 အား ခေတ္တပိတ်ပြီး လေကြောင်းလိုင်းများအား Terminal-1 သို့ရွှေ့ပြောင်း၍ အပြည်ပြည်ဆိုင်ရာ ခရီးစဉ်များအား လက်ခံဆောင်ရွက်ကာ ခရီးသည်အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လေကြောင်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိသော ရန်ကုန်အေရိုဒရုန်း ကုမ္ပဏီ လီမိတက်(YACL) မှ တာဝန်ရှိသူများ၊ လေဆိပ်ဝန်ဆောင်မှု လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ခံများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ Terminal-2 အား ဇူလိုင် ၂၇ ရက်တွင် အကြီးစား ပြုပြင်မွမ်းမံရန်အတွက် အဆိုပါ Terminal မှ လေဆိပ်ကောင်တာများ၊ လေဆိပ်ရှိ လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းများ၊ X-ray စက်များကို ဇူလိုင် ၂၆ ရက် လေကြောင်းလိုင်းခရီးစဉ်များပြီးဆုံးသည့် ညအချိန် ၁၂ နာရီနောက်ပိုင်းမှ ရွှေ့ပြောင်းရသဖြင့် ဇူလိုင် ၂၇ ရက် မနက်ပိုင်းတွင် စက်ပစ္စည်းများ၊ X-ray စက်များ ပြောင်းရွှေ့တပ်ဆင်မှုမပြီးစီးသည့် အခက်အခဲများကြောင့် ခရီးသည်များအား စစ်ဆေးရာတွင် အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းများ၊ X-ray စက်များ တပ်ဆင်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များနှင့် ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များတွင် လိုက်ပါစီးနင်းမည့် ခရီးသွားဧည့်သည်များ၏ အဆင်ပြေချောမွေ့သွားလာမှု အခြေအနေများ၊ လေဆိပ်လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းများ ပြောင်းရွှေ့တပ်ဆင်ထားသည့် X-ray စက်အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (**အပေါ်ပုံ**)

**သတင်းစဉ်**



# ဂျိုင်း(ကော့ကရိတ်)ဗောတံတားချဉ်းကပ်လမ်းရေကျော်နေ၍ ကုန်တင်ယာဉ်များ စောင့်ဆိုင်းနေ

**ဘားအံ ဇူလိုင် ၂၈**

နယ်စပ်ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းတွင် အဓိကလမ်းကြောင်း တစ်ခုဖြစ်သော ဂျိုင်း(ကော့ကရိတ်) ဗောတံတား၏ ချဉ်းကပ်လမ်းပေါ် ဇူလိုင် ၂၈ ရက်က ရေခြောက်ပေခွဲခန့်အထိ နစ်မြုပ်နေသည့်အတွက် ကုန်တင်ယာဉ်များအားလုံး ဖြတ်သန်းသွားလာ၍ မရသေးဘဲ ဆက်လက်စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**ယာဉ်အန္တရာယ်မဖြစ်စေရေး**

တံတားပေါ်၌ ၁၃ တန်အောက်ယာဉ်များကို ဖြတ်သန်းခွင့်ပြုထားပြီး တံတားခံနိုင်ဝန်ထက်ကုန်များ ပိုမိုတင်ဆောင်ခြင်းမရှိစေရေးနှင့် တံတားပေါ်တွင်ယာဉ်များ တစ်ပြိုင်တည်းဖြတ်သန်းခြင်း၊ ကျော်တက်ခြင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခြင်း မရှိစေရေး တာဝန်ရှိသူများက ဘားအံဘက်ခြမ်းနှင့် ကျုံဒိုးဘက်ခြမ်းတို့ကို တစ်ဖက်ပိတ် တစ်ဖက်ဖွင့် အလှည့်ကျစနစ်ဖြင့် နှစ်ဖက်ချိတ်ဆက် ဆောင်ရွက်လျက်ရှိရာ ယာဉ်အန္တရာယ်တစ်စုံတစ်ရာ ဖြစ်ပွားမှု မရှိကြောင်း သိရသည်။

**စစ်ဆေးပြီးမှ စေလွှတ်**

အဆိုပါ တံတားတွင် လူစီးယာဉ်များ အနေဖြင့် (ယာဉ်+ ကုန်) ၁၃ တန်ချိန်တင်ဆောင်လာပါက တံတားပေါ်မှ ခရီးသည်များ လမ်းဆင်းလျှောက်သောစနစ်ဖြင့် ယာဉ်များအား ဖြတ်သန်းခွင့်ပြုထားကြောင်း သိရပြီး တံတားပေါ်မှဖြတ်သန်းမည့်ယာဉ်များကို တာဝန်ရှိသူများက ကတ္တားပေါ်တက်စေပြီး တိုင်းတာစစ်ဆေးပြီးမှ စေလွှတ်လျက်ရှိကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# လှိုင်းဘွဲ့မြို့နယ် ကျွန်းမီးကျေးရွာနှင့် ရွှေဂွန်းကျေးရွာရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**လှိုင်းဘွဲ့ ဇူလိုင် ၂၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကိုမောင်ကျေးရွာအုပ်စု ကျွန်းမီးကျေးရွာနှင့် ရွှေဂွန်းကျေးရွာများတွင် သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ဒေသခံပြည်သူအချို့သည် ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီခွဲက ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများသည် ကျွန်းမီးကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၆၀ လူဦးရေ ၂၈၉ ဦးနှင့်ရွှေဂွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးသင့်အိမ်ထောင်စု ၈၇ စု လူဦးရေ ၃၉၇ ဦးတို့အား ထောက်ပံ့ ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဘေးသင့် ပြည်သူများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လူမှုရေးဝန်ကြီးတို့က အားပေးစကားများ ပြောကြားကာ ကျွန်းမီးကျေးရွာ ရေဘေးသင့်စခန်းသို့ ဆန်အိတ် ၃၀၊ ငွေကျပ် ၃၃၀၀၀၀ တို့ကို လည်းကောင်း၊ ရွှေဂွန်းကျေးရွာ ရေဘေးသင့်စခန်းသို့ ဆန်အိတ် ၂၀ နှင့်အဝတ်အစား ၁၁ မျိုးပါ အထုပ် ၅၀ တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်**

**(ပြန်/ဆက်)**

# စစ်တောင်း၊ ရွှေကျင်၊ ပဲခူး၊ သံလွင်နှင့် ဘီးလင်းမြစ်တို့၏ စိုးရိမ်ရေမှတ်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၈**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ပေဝက်ခန့်နှင့် မဒေါက်မြို့တွင် ခုနစ်ပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက် နှစ်ရက်အတွင်း တောင်ငူမြို့တွင် တစ်ပေခန့်နှင့် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် မွန်းလွဲ ၂ နာရီခွဲ တိုင်းတာရရှိသော ၁၂၇၈ စင်တီမီတာသည် နှစ်ပေါင်း ၅၃ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ယခင်အမြင့်ဆုံးရေမှတ်မှာ ၂.၈.၁၉၉၇ ရက်နေ့တွင် တိုင်းတာရရှိသော ၁၂၄၄ စင်တီမီတာဖြစ်သည်။

**ရွှေကျင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ခြောက်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် နှစ်ရက်အတွင်း နှစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းတာရရှိသော ၉၆၈ စင်တီမီတာသည် နှစ်ပေါင်း ၅၄ နှစ်အတွင်း အမြင့်ဆုံးရေမှတ်ဖြစ်သည်။ ယခင်အမြင့်ဆုံးရေမှတ်မှာ ၁၀.၈.၂၀၁၁ ရက်နေ့တွင် တိုင်းတာရရှိသော ၉၆၀ စင်တီမီတာ ဖြစ်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**


သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ငါးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**


ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**


**မွန်ပြည်နယ် ဘီးလင်းမြို့ ဘီးလင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ကရင်ပြည်နယ် ဘားအံမြို့ သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူးမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်မှု**




**ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ရွှေကျင်မြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ပဲခူးတိုင်းဒေသကြီး မဒေါက်မြို့ စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်မှု**



**ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်မှု**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အဖွဲ့ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ကျိုက်ထို ဇူလိုင် ၂၈**

ကျိုက်ထိုမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ ရပ်ကွက်ကျေးရွာများ၌ ရေမြင့်တက်မှုကြောင့် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီမှ ရေဘေးရှောင်ပြည်သူများအတွက် ဇူလိုင် ၂၇ ရက် ညနေ ၅ နာရီခွဲတွင် ကယ်ဆယ်ရေးစခန်း လေးခု ဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

အဆိုပါစခန်းများသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် အဖွဲ့သည် ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက သွားရောက်၍ အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ရှေးဦးစွာ ကော့စံနိုင်ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ရေဘေးရှောင်ပြည်သူ ၁၆၂၀ ကို တွေ့ဆုံအားပေးစကားပြောကြားပြီး လတ်တလော စားဝတ်နေရေးအဆင်ပြေစေရေးအတွက် ငွေကျပ် ၃၄၀၂၀၀၀ ကို လည်းကောင်း၊ တောင်သူစုရပ်ကွက် အခြေခံပညာမူလတန်းကျောင်း (သမလ) တွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းမှရေဘေးရှောင်ပြည်သူ ၁၁၃ ဦး ငွေကျပ် ၂၃၇၃၀၀ ကိုလည်းကောင်း၊ ဇေယျာမွန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ရေဘေးရှောင်ပြည်သူ ၅၇၁ ဦးအတွက် ငွေကျပ် ၁၁၉၉၁၀၀ ကို လည်းကောင်း၊ ဖက္ကလိပ်ကျေးရွာ ကိုးနဝင်းစေတီဓမ္မာရုံရှိ ရေဘေးရှောင်ပြည်သူ ၁၈၀ ခန့်အတွက် ငွေကျပ် ၃၇၈၀၀၀ ကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

**ဝင်းမောင်(ကျိုက်ထို)**



❖ *ကျောဖုံးမှ*

ခရီးသွားလာမှုစိတ်ချရခြင်းမရှိသေး၍ ကားများဖြတ်သန်းသွားလာခွင့်ကို ခေတ္တပိတ်ထားသောကြောင့် တချို့ခရီးသည်များ ၊ ခရီးသည်တင်ယာဉ်များသည် နောက်ကြောင်းသို့ ပြန်လှည့်သွားသူများရှိသော်လည်း တချို့မှာ ဒုံဝန်းကျေးရွာမှ ရေကြီးရာ ရွှေရောင်ပြလမ်းဆုံအထိ ရပ်တန့်ထားသော ကားတန်းအရှည်မှာ တစ်မိုင်ကျော်ခန့် ရှိနေသေးကြောင်း သိရသည်။ "နှစ်ရက်ရှိသွားပါပြီ၊ ကားသွားမရလို့ ပိတ်မိနေတာပါ၊ နောက်ကြောင်းပြန်မလှည့်တော့ပါဘူး။ ဖြတ်လို့ရမယ့်အချိန်ကို စောင့်နေတာပါ။ ဒီအနီးတစ်ဝိုက်ရှိ ဒေသခံတွေက ထမင်း၊ စားစရာ၊ သောက်ရေတွေအပြင် ကျန်းမာရေးစောင့်ရှောက်မှုပါ ခရီးသည်တွေအတွက် လာရောက်ကူညီနေလို့ အဆင်ပြေပါတယ်"ဟု မိုးကောင်းကင် ခရီးသွားယာဉ်မှ ခရီးသည်တစ်ဦးက ပြောသည်။

ခရီးသွားများ၊ ရေဘေးသင့်ပြည်သူများအတွက် ဒေသခံစေတနာရှင်များ သာမက သထုံ၊ မုဒုံ အစရှိသော မြို့များက ကုသိုလ်ရှင်များကလည်း ကားကြီး၊ ကားငယ်လေးများနှင့် လာရောက်၍ စားသောက်စရာများကို လိုက်လံလှူဒါန်းနေကြောင်း သိရသည်။ "အခက်အခဲဖြစ်နေတဲ့ ခရီးသွားတွေအတွက်ရော ရေဘေးသင့်နေတဲ့ ကျေးရွာတွေကိုပါ သွားပြီး အခြေအနေကောင်းတဲ့အထိ ကူညီမှာပါ"ဟု သုဝဏ္ဏဝတီမြို့မှ စေတနာရှင်ပြည်သူတစ်ဦးက ပြောသည်။ သုဝဏ္ဏဝတီမြို့သိမ်ဆိပ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ရေဘေးရှောင်ခရီးသွားများအပြင် ရေဘေးသင့်ကျေးရွာများသို့ အဖွဲ့များခွဲ၍ ကျန်းမာရေးဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ ရေကြီးရာ နေရာများတွင် သက်ဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အဖွဲ့အစည်းများမှ အချိန်ပြည့် ကူညီမှုများပေးနေကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက် ညနေအချိန်မှ ငါးကြင်းအင်း ဘုန်းတော်ကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်းဖွင့်ထား၍ ငါးကြင်းအင်းကွင်းစပ်ပိုင်းမှ ရေဘေးသင့်သူ အိမ်ထောင်စု ၄၇ စု လူဦးရေ ၂၁၀ ၊ ခရီးသွားဧည့်သည် ၃၆ ဦးတို့အား ပြောင်းရွှေ့အခြေချထားပေးပြီး စေတနာရှင် လူမှုရေးအဖွဲ့များက ကူညီကြသည်။ ထို့အပြင် ကျိုက္ကော် - ကတိုက်ကြီးသွားရာ မော်တော်ကားလမ်း ရေကျော်ခြင်း၊ အနိမ့်ပိုင်းကျေးရွာများရှိ နေအိမ်များအတွင်း ရေဝင်ရောက်ခြင်း၊ ကမာစိုင် - ဒုံဂန်းကျေးရွာ ချင်းဆက် တာလမ်းရေကျော်ခြင်း၊ ဇရပ်ကျွန်းကျေးရွာသည် ရေပတ်လည်ဝိုင်း၍ အဆက်အသွယ်ပြတ်တောက်ခြင်းများအပြင် ပင်လယ်ဘက်ခြမ်းရှိ ကျေးရွာများအချို့ ရေကြီးနစ်မြုပ်နေ၍ ကူညီကယ်ဆယ်မှုများ အမြန်ဆုံး လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

**ခွန်(ဝင်းပ)**

# ကျိုက်မရော၌ မိုးသည်းထန်ပြီး အတ္ထရံမြစ်ရေတိုးလာ၍ ငပြေမကျေးရွာကြီး ရေကြီးနစ်မြုပ်

**ကျိုက်မရော ဇူလိုင် ၂၈**

မွန်ပြည်နယ်၌ မိုးအားကောင်းပြီး အတ္ထရံမြစ်ရေမှာလည်း ထပ်မံမြင့်တက်လာသဖြင့် မြစ်ကမ်းနှင့် နီးစပ်လျက်ရှိသော ဦးလေးရွာနှင့် ငပြေမကျေးရွာကြီးရှိ အထက(ခွဲ) စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းအတွင်းနှင့် အိမ်များပေါ်သို့ မြစ်ရေများ ဝင်ရောက်နစ်မြုပ်လျက်ရှိရာ ရေဘေးသင့်အိမ်ထောင်စုများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် စောဒူးလေးခေါင်းဆောင်သော လူငယ်ပရဟိတအဖွဲ့များ၊ ခရိုင်မီးသတ်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သဘာဝဘေးဆိုင်ရာ ကော်မတီများက အဆိုပါ ရေကြီးနစ်မြုပ်ရာ ကျေးရွာများထိ သွားရောက်ကာ စားနပ်ရိက္ခာဆန်အိတ် ၃၀ နှင့် ရေသန့်ကတ်များ၊ ခေါက်ဆွဲခြောက်များကို ရေဘေးသင့် မိသားစုများထံ သွားရောက်ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ကျရောက်၍ ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား

နေပြည်တော် ဇူလိုင် ၂၈

**နေပြည်တော် လယ်ဝေးမြို့နယ်တွင် ဇူလိုင် ၂၇ ရက်က မိုးရွာသွန်းပြီး ရေနီလေးချောင်းရေမြင့်တက်ခဲ့ရာ ဘို့ကိုးလုံးကျေးရွာမှ ရေနီလေးကျေးရွာသို့ ဆက်သွယ်ထားသော အရှည်ပေ ၁၃၀ ရှိ သစ်သားတံတားမှ ၁၅ ပေခန့် မျောပါပျက်စီးခဲ့ရာ တန်ဖိုး ငွေကျပ် ၃၅ သိန်းခန့် ဆုံးရှုံးပျက်စီးခဲ့ကြောင်း၊ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက်၌ သစ်ပင်လဲကျပိမိ၍ ဓာတ်တိုင် တစ်တိုင် ကျိုးကျပျက်စီးပြီး ဓာတ်တိုင်တစ်တိုင် တိမ်းစောင်းခဲ့ရာ တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း၊ ရှမ်းပြည်နယ် မိုးမောက်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး နမ့်ကျရီချောင်းရေ တိုက်စားမှုကြောင့် မိုးမောက်မြို့နှင့် ကျရီဒဂေါ်ကျေးရွာတို့အား ဆက်သွယ်ထားသည့် အရှည်ပေ ၂၀၀ ရှိ နမ့်ကျရီချောင်းကူး ကွန်ကရစ်တံတား အရှည်ပေ ၇၀ ခန့်၊ ကြံခင်းကျေးရွာနှင့် နမ့်ဆိုင်းကျေးရွာတို့အား ဆက်သွယ်ထားသည့် အရှည် ပေ ၂၇၀ ရှိ နမ့်ကျရီချောင်းကူး သစ်သားခင်း၊ သံမဏိကြိုးဆိုင်းတံတား (တန်ဖိုး-စိစစ်ဆဲ)တို့ ပြိုကျပျက်စီးကာ ချောင်းရေနှင့်အတူ မျောပါသွားကြောင်း သိရသည်။**

### ဘားအံမြို့နယ်တွင် ကျေးရွာအနိမ့်ပိုင်းများရေဝင်

အလားတူ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် ခရဲကမ်းနားကျေးရွာအနိမ့်ပိုင်းသို့ ရေများဝင်ရောက်ခဲ့သဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၁၆ စုသည် ကျေးရွာအမြင့်ပိုင်းရှိ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ သံလွင်မြစ် ရေတိုက်စားမှုကြောင့် လှိုင်းဘွဲမြို့နယ် ရွှေဂွန်းကျေးရွာရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုး မီးဖိုဆောင်တစ်ဆောင် မြစ်အတွင်းမျောပါ သွားခဲ့သဖြင့် တန်ဖိုး တစ်သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ထီလုံကျေးရွာရှိ ရေဘုတ်ဆည်၌ ရေပိုလွှဲအမှတ် ၆၃ လက်မထက် ၃ ဒသမ ၂ လက်မ ပိုလျှံခဲ့၍ ရေပိုလွှဲမှ ရေများထုတ်လွှတ်ခဲ့ရာ သမ္ဘာန်ကျေးရွာရှိ မွေးမြူရေးဇုန် အနိမ့်ပိုင်းသို့ ရေလေးပေခန့် ဝင်ရောက်ခဲ့သဖြင့် ကြက်ခြံ ခုနစ်ခြံ(ကြက်ကောင်ရေ ၄၀၀၀)၊ ဝက်ခြံ ခြောက်ခြံ (ဝက်ကောင်ရေ ၆၀)၊ ဆိတ်ခြံတစ်ခြံ(ဆိတ်ကောင်ရေ ၄၃ ကောင်) တို့အား ယင်းမွေးမြူရေးဇုန် အမြင့်ပိုင်းသို့ ပြောင်းရွှေ့ထားကြောင်း၊ သံတောင်ကြီးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေတကျေးရွာအနီး ယာဒို- ကေကောကားလမ်း ကတ္တရာလမ်း ပခုံးသားမြေပြိုကျ၍ အနီးရှိ လယ်ယာမြေများပေါ်သို့ မြေစာများဖုံးလွှမ်းခဲ့သဖြင့် တန်ဖိုးငွေကျပ် ၂၆ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မြဝတီမြို့နယ်၊ ဝေ့ရှမ်း-ပေါလောကျေးရွာသွားလမ်း အလျားပေ ၃၀ ခန့်ရှိ ကွန်ကရစ်တံတား ပြိုကျပျက်စီးခဲ့သဖြင့် တန်ဖိုးငွေကျပ် သိန်း ၅၀ ခန့် ပျက်စီးဆုံးရှုံးပြီး ထီဝါပလောကျေးရွာအဝင် ဇရပ်ဖြူကုန်းကျေးရွာ-ထီဝါပလောကျေးရွာချင်းဆက်လမ်း၌ ကွန်ကရစ်ပြွန်မြှုပ် တံတားအရှည် ပေ ၃၀ ခန့်မှာ ရေတိုက်စားမျောပါ ပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၂၅ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

### ရွှေကျင်၌ ရေတက်မှုကြောင့် အိမ်ထောင်စုများပြောင်းရွှေ့

ထို့အတူ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ မိုးရွာသွန်းပြီး စစ်တောင်းမြစ်ရေနှင့် ရွှေကျင်ချောင်းရေတို့ စိုးရိမ်ရေအမှတ်ထက် မြင့်တက်မှုကြောင့် အင်းဗလာကျေးရွာပါ ကျေးရွာ၊ ရပ်ကွက် ၂၈ ခုတို့၌ ရေ လေးပေခန့်အထိ ဝင်ရောက်၍ အိမ်ထောင်စု ၁၇၇၂ စုသည် ၎င်းတို့နှင့် နီးစပ်ရာဆွေမျိုးများ၏ နေအိမ်၊ ရုံးများ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သနပ်ပင်မြို့နယ် အောင်ချမ်းသာကျေးရွာပါ နှစ်ရွာတွင် နေအိမ် ၂၃ လုံး အမိုးလန်၊ တောင်ထန်းမိုး၊ ထရံကာ နေအိမ် ခုနစ်လုံး၊ သွပ်မိုး၊ ပျဉ်ကာ နေအိမ် ခြောက်လုံး၊ ကြက်ခြံ တစ်ခြံနှင့် လယ်ထွန်စက်ထားသည့် တဲနှစ်လုံး ပြိုကျပျက်စီးခဲ့သဖြင့် တန်ဖိုးငွေကျပ် ၁၇၈၂၅၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက် ညပိုင်းတွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် လွမ်းပြေကျေးရွာပါ ၆ ရွာ၌ သွပ်မိုး၊ ကြမ်းခင်းနေအိမ် အလုံး ၃၀၊ ဘုန်းကြီးကျောင်း ကုဋီ လေးခန်း၊ ကရအမှုုးရုံး တစ်ရုံး ပြိုကျ ပျက်စီး၊ နေအိမ် ၁၈၄ လုံး၊ ရကအမှုုးရုံး တစ်ရုံး၊ သစ်သားနွားရုံ တစ်ရုံ၊ စပါးကျီ တစ်ရုံ အမိုးလန်ပျက်စီး၊ သစ်သားတံတား တစ်ခု မျောပါပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၄၈၄၉၀၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

### ပဲခူး၌ လေဆင်နှာမောင်းတိုက်၍ ပျက်စီးမှုဖြစ်

ဇူလိုင် ၂၇ ရက် ညပိုင်းတွင် မိုးရွာသွန်းပြီး လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပဲခူးမြို့နယ် ကမာနတ်ကျေးရွာ၌ သွပ်မိုး၊ ထရံကာ နေအိမ် ၈၅ လုံး ပြိုကျ၊ ၁၉၂ လုံး အမိုးလန်၊ သွပ်မိုး၊ အုတ်ကာ RC နှစ်ထပ် ဘုန်းကြီးကျောင်းဆောင် သုံးဆောင် အမိုးလန်၊ စောင်းတန်း ငါးခန်းနှင့် အုတ်တံတိုင်းတို့အား သစ်ပင်ပိမိ၍ ပျက်စီး၊ ဓမ္မာရုံ နှစ်ရုံ အမိုးလန်ပျက်စီးခဲ့ရာ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၂၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီး အမျိုးသား တစ်ဦး(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သဖြင့် ပဲခူးပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ကြောင်း၊ နံနက် ၉ နာရီ မိနစ် ၃၀ တွင် မိုးရွာသွန်းပြီး ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် ကမ်းမြင့်ကျေးရွာအတွင်းသို့ ရေ ငါးပေခန့်အထိ ဝင်ရောက်လျက်ရှိသဖြင့် အိမ်ထောင်စု ၂၅ စုသည် ယင်းကျေးရွာရှိ အမက(မူလွန်)ကျောင်းသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ ထို့ပြင် မိုးရွာသွန်းပြီး ပဲခူးမြစ်ရေမြင့်တက်မှုကြောင့် ဥဿာမြို့သစ် (၉)ရပ်ကွက်အတွင်းသို့ ရေ ၁၂ ပေခန့် ဝင်ရောက်ခဲ့သဖြင့် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၃၅၇ စုသည် ၎င်းတို့ ကျေးရွာ၊ ရပ်ကွက်များရှိ ဘုန်းကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်းနှင့် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်(၄၃/၄-၇)ကြား တစ်ပေခွဲခန့် ရေကျော်လျက်ရှိသော်လည်း မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း။

### ကျောက်ကြီး၌ ချောင်းရေမြင့်တက်

မိုးရွာသွန်းပြီး ကျောက်ကြီးချောင်းရေ မြင့်တက်မှုကြောင့် ကျောက်ကြီးမြို့နယ် ဝက်လာတောကျေးရွာပါ ကျေးရွာ၊ ရပ်ကွက် လေးခုအတွင်းသို့ ရေ ခုနစ်ပေခန့် ဝင်ရောက်၍ အိမ်ထောင်စု ၄၉ စုသည် ဘုန်းကြီးကျောင်းများနှင့် နီးစပ်ရာဆွေမျိုးများ နေအိမ်သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း၊ နံနက် ၁၀ နာရီတွင် မအူတန်းချောင်းရေ တိုက်စားမှုကြောင့် ဒိုက်ဦးမြို့နယ် မအူတန်းကျေးရွာနှင့် အေးသုခကျေးရွာတို့ ဆက်သွယ်ထားသည့် အရှည် ပေ ၁၅၀ ရှိ သစ်သားတံတားမှာ ကျိုးကျပျက်စီးသွားသဖြင့် တန်ဖိုးငွေကျပ် သိန်း ၅၀ ခန့် ဆုံးရှုံးခဲ့ကြောင်း၊ ညနေ ၅ နာရီတွင် မိုးရွာသွန်းပြီး စစ်တောင်းမြစ်ရေ မြင့်တက်မှုကြောင့် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ မြို့မ(၂)ရပ်ကွက်ပါ ရပ်ကွက် နှစ်ခုအတွင်းသို့ ရေ လေးပေခန့် ဝင်ရောက်သဖြင့် အိမ်ထောင်စု ၂၆၆ စုသည် ယင်းရပ်ကွက်ရှိ ဘုန်းကြီးကျောင်းသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

### သိမ်ဇရပ်မြို့တွင် မြေပြို

အလားတူ ဇူလိုင် ၂၇ ရက် နံနက် ၅ နာရီ မိနစ် ၃၀ အချိန် မွန်ပြည်နယ် သိမ်ဇရပ်မြို့တွင် မြေပြိုကျမှုကြောင့် ရွာမရပ်ကွက်ရှိ ဆွမ်းလောင်းဓမ္မာရုံ၏ နံရံ ၁၀ ပေခန့် ပွင့်ထွက်ပျက်စီးခဲ့ပြီး ကျိုက်ထီးရိုးတောင်တက်ကားဂိတ်အနီးရှိ ဈေးဆိုင်ခန်း တစ်ခန်း ပြိုကျပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၃၈၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ နံနက် ၈ နာရီတွင် မိုးရွာသွန်းမှုကြောင့် ကျိုက်ကန်းပါးစပ်ဘုရားအနီးရှိ ဈေးဆိုင်နှစ်ဆိုင် အနောက်ဘက်ခြမ်းမှ မြေသားများ၊ အမှိုက်ပုံများ ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် လေပြင်းတိုက်ခတ်မှုကြောင့် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်ရှိ နေအိမ်လေးလုံးအမိုးလန်ပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် လေးသိန်းခန့် ဆုံးရှုံးခဲ့ကြောင်း၊ နံနက် ၇ နာရီခွဲတွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဘီးလင်းမြို့နယ် ကျောက်လုံးကြီးကျေးရွာရှိ နေအိမ် ၁၆ လုံး ပြိုကျပျက်စီး၊ နေအိမ် ၁၇ လုံး အမိုးလန်ပျက်စီးခဲ့ရာ တန်ဖိုးငွေကျပ် ၁၉၃ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် ဘီးလင်းမြစ်ရေသည် စိုးရိမ်ရေအမှတ်အထက် ကျော်လွန်မြင့်တက်မှုကြောင့် မော်လမြိုင်-ရန်ကုန်ကားလမ်း မိုင်တိုင်(၁၂၆/၄-၆)အကြားနှင့် မိုင်တိုင် (၁၂၉/၀-၅) အကြားတို့၌ သုံးပေခန့် ရေကျော်လျက်ရှိပြီး မော်တော်ယာဉ်များ သွားလာမှုအား ယာယီရပ်ဆိုင်းထားကြောင်း၊ ညနေပိုင်းတွင် မိုးရွာသွန်းမှုကြောင့် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ သိမ်ကုန်းပိုင်း၌ ရေခြောက်ပေခန့် မြင့်တက်ခဲ့သဖြင့် လယ်ကွင်းပြင်တွင် နေထိုင်သော အိမ်ထောင်စု ၁၄ စုသည် အလက (ဈေးမသွယ်အထက်)သို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိ၊ ည ၇ နာရီခွဲတွင် ဒုံသမိမြစ်ရေ မြင့်တက်မှုကြောင့် ဒူးရင်းဆိပ်ကျေးရွာရှိ နေအိမ် ၁၄ စုသည် ကျေးရွာရှိ ဓမ္မာရုံနှင့် ဘုန်းကြီးကျောင်းများသို့ ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း။

### တိုက်ကြီး၌ ရောဝတီမြစ်ကမ်းပါးပြို

အလားတူ ရောဝတီမြစ်ကမ်းပါး ပြိုကျမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မအူခုံကျေးရွာပါ လေးရွာရှိ မြစ်ကမ်းနှင့်နီးသော သွပ်မိုး၊ ထရံကာ နေအိမ် ၁၇ လုံးသည် ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ည ၉ နာရီခွဲတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လှည်းကူးမြို့နယ် ညောင်ကုန်းကျေးရွာပါ နှစ်ရွာ၌ လူနေအိမ် လေးလုံးပြို၊ ၁၆ လုံး အမိုးလန်၊ ကျေးရွာဇရပ် တစ်လုံးပြို၊ သစ်ပင်လဲကျပိမိ၍ စေတီနှစ်ဆူ ပျက်စီး၊ အငှားယာဉ်တစ်စီး ကားစက်ဖုံး ပိန်ချိုင့်ပျက်စီးခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၈၀၀၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက် နံနက် ၂ နာရီအချိန် မိုးသည်းထန်စွာရွာသွန်းပြီး သံတွဲချောင်းရေမြင့်တက်မှုကြောင့် ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၁၊၂၊၄)ရပ်ကွက်တို့ရှိ လမ်းများအတွင်းသို့ ရေ တစ်ပေမှ နှစ်ပေခန့်ထိ ဝင်ရောက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာစက်မှုဇုန်မှ စက်ရုံ ၁၄ ရုံ ပိတ်သိမ်းခြင်းနှင့် အလုပ်သမားများ နစ်နာပြီး အလုပ်လက်မဲ့ဖြစ်နေမှုသတင်းမှာ မမှန်ကန်ကြောင်း ဦးဇော်အေးမောင် ပြောကြား

ရန်ကုန် ဇူလိုင် ၂၈

**ရက်အနည်းငယ်အတွင်းက ဖေ့စ်ဘုတ်စာမျက်နှာများနှင့် အွန်လိုင်းပေါ်တို့တွင် ပျံ့နှံ့ခဲ့သော ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်အတွင်းရှိ စက်ရုံ ၁၄ ရုံ ပိတ်သိမ်းခြင်းနှင့် ယင်းစက်ရုံများ ပိတ်သိမ်းမှုကြောင့် အလုပ်သမားများ အလုပ်လက်မဲ့များပြားလာမှု သတင်းမှာ မှန်ကန်မှုမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောကြားသည်။**

ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်တွင်း မီဒီယာများနှင့် တွေ့ဆုံစဉ် ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ပြီး ၎င်းအနေဖြင့် မည်သူ့ကိုမှ ပုဂ္ဂိုလ်ရေးရာအရ တိုက်ခိုက်ခြင်းလည်း မဟုတ်သလို အလုပ်သမားများကြား တုန်လှုပ်ချောက်ချားမှုလည်း မဖြစ်ပေါ်စေရန်နှင့် ပြည်သူများ သတင်းအမှန်သိရှိစေရန် ရည်ရွယ်ပြီး မြေပြင်သို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီးမှ ယခုကဲ့သို့ ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း ထပ်မံရှင်းပြသည်။



ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က မီဒီယာများအား ရှင်းလင်းစဉ်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ ပုလဲအထည်ချုပ်စက်ရုံ၊ ဝါးဟားဟားရေခဲမုန့်စက်ရုံ၊ မိကျောင်းပီနံအိတ်စက်ရုံ၊ မြို့မဆင်ဖြူတော် ပဲသန့်စင်စက်ရုံ၊ United Knitting Myanmar ခြေအိတ်စက်ရုံ၊ ရေခဲတောင်အအေးခန်း၊ မြတ်ပန်းမွှေးသနပ်ခါး၊ Chamzon အထည်ချုပ် စက်ရုံ၊ Success Time ဖိနပ်၊ Beauty Palace A21 စက်ရုံ၊ Kuwahara အထည်စစ်လုပ်ငန်း၊ TMP ငါးဖမ်းပိုက်စက်ရုံ၊ Popular အထည်ချုပ် စက်ရုံနှင့် North Share အထည်ချုပ် စက်ရုံတို့ ပိတ်သိမ်းခဲ့ပြီး အလုပ်သမားအများစုအလုပ်လက်မဲ့ ဖြစ်ခဲ့ရသည် ဟူသော သတင်းမှာ ပြည်သူများအကြား ဖေ့စ်ဘုတ်စာမျက်နှာမှတစ်ဆင့် ပျံ့နှံ့ခဲ့သည်။ ယင်းသတင်းပျံ့နှံ့မှုကြောင့် အလုပ်သမားထုအကြား တုန်လှုပ်မှု ဂယက်များဖြစ်ပေါ်ခဲ့၍ ရခိုင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင် ဦးဆောင်ကာ တာဝန်ရှိသူများနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ရက်ပိုင်းက အွန်လိုင်းတွေပေါ်မှာ လှိုင်သာယာစက်မှုဇုန်မှာ စက်ရုံ ၁၄ ရုံ ပိတ်သိမ်းတယ်ဆိုတဲ့ သတင်းထွက်ပေါ်ခဲ့တယ်။ အဲဒီသတင်းအပေါ်မှာ အလုပ်သမားတွေ တော်တော်လေး တုန်လှုပ်သွားကြတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဒီလိုပဲစက်ရုံတွေ တစ်ရုံပြီးတစ်ရုံပိတ်နေပြီလား၊ အလုပ်လက်မဲ့တွေ များလာတော့မှာလား။ အလုပ်သမားတွေဘက်က စိုးရိမ်ကြတယ်။ ဒီဂယက်က အခြေခံအလုပ်သမားတွေ လောကမှာတော်တော်လေး လှုပ်ခတ်သွားတယ်။ ဒါ့အပြင် နိုင်ငံတကာက လာရောက်ရင်းနှီးမြှုပ်နှံဖို့ လေ့လာနေကြတဲ့ ကုမ္ပဏီတွေကလည်း တုန်လှုပ်သွားကြတယ်။ တကယ်တော့ လှိုင်သာယာစက်မှုဇုန်မှာရှိတဲ့ စက်ရုံအားလုံး ပိတ်သိမ်းသွားတယ်ဆိုတာ မဟုတ်ပါဘူး။ စက်ရုံအနည်းငယ်သာ လုပ်ငန်းမအောင်မြင်လို့ ပိတ်သိမ်းသွားတာပါ။ပြောင်းရွှေ့တာရယ်၊ လုပ်ငန်းပေါင်းစပ်တာရယ် အခြေအနေပေါ်မူတည်ပြီး ဆက်လက်လည်ပတ်လုပ်ကိုင်နေတာရှိပါတယ်။ လုပ်ငန်းဆိုတာ အောင်မြင်တာရှိသလို၊ မအောင်မြင်တာလည်းရှိတယ်။ အောင်မြင်တဲ့သူက ဆက်လုပ်တယ်။ မအောင်မြင်တဲ့သူက ပြောင်းလဲ လုပ်ကိုင်ကြတယ်။ ဒါက သဘာဝပဲ။ ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်သမားတွေ အများကြီးလိုအပ်နေပါတယ်။ နောက်ပိုင်း MIC ဥပဒေပြင်လိုက်တာကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာနေပါတယ်။ ခုဆို နိုင်ငံတစ်ဝန်း တစ်နှစ်ခွဲအတွင်းမှာ စက်ရုံပေါင်း ငါးထောင်ကျော် တိုးလာနေပါပြီ။ အလားတူ ရန်ကုန်တိုင်းဒေသကြီးမှာ အထည်ချုပ် စက်ရုံ ၃၇၇ ရုံ ထပ်တိုးဖို့ မြေနေရာပြင်နေပါတယ်။ ပြောချင်တာက ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ အလုပ်သမားတွေအနေနဲ့ ကိုယ့်ကိုယ်ကိုယ်သာ စွမ်းရည်အပြည့်အဝရှိဖို့ လိုပါတယ်"ဟု တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

အွန်လိုင်းပေါ်တွင် ပျံ့နှံ့ခဲ့သော သတင်းများနှင့်ပတ်သက်ပြီး လှိုင်သာယာစက်မှုဇုန်ရှိ ပုလဲအထည်ချုပ်စက်ရုံမှာ စက်ရုံမြေနေရာ ငှားရမ်းမှု အခက်အခဲကြောင့် တခြားနေရာရှိ လုပ်ငန်းတူသို့ ပေါင်းစပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝါးဟားဟား ရေခဲမုန့်စက်ရုံမှာလည်း လုပ်ငန်းအဆင်မပြေ၍ အလုပ်သမားများအား နစ်နာကြေးပေးပြီး ရပ်နားခဲ့ကြောင်း၊ စက်ရုံပိတ်သိမ်းမှုကို သက်ဆိုင်ရာသို့ တင်ပြခဲ့ခြင်းမရှိဘဲ အရှေ့ဒဂုံစက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်မည် ဖြစ်ကြောင်း၊ မိကျောင်းပီနံအိတ် စက်ရုံသည်လည်း လုပ်ငန်းလည်ပတ်ရန် အခက်အခဲကြောင့် ယခုနှစ် မေလတွင် ပိတ်သိမ်းခဲ့ကြောင်း၊ မြို့မဆင်ဖြူတော် ပဲသန့်စင်စက်ရုံမှာ ၂၀၁၆ ခုနှစ်မှစ၍ လုပ်ငန်းအဆင်မပြေသဖြင့် ပိတ်သိမ်းခဲ့ကြောင်း၊ United Knitting Myanmar ခြေအိတ် စက်ရုံမှာ လုပ်ငန်းများ လည်ပတ်လုပ်ကိုင်လျက်ရှိကြောင်း၊ ရေခဲတောင်အအေးခန်းမှာ ယခုနှစ်မေလကုန်ပိုင်းတွင် ဝန်ထမ်းများအား နစ်နာကြေးပေး၍ လုပ်ငန်းရပ်ဆိုင်းခဲ့ကြောင်း၊ မြတ်ပန်းမွှေးသနပ်ခါးလုပ်ငန်းမှာလည်း လုပ်ငန်းခွင်ရပ်နားထားပြီး စက်မှုဇုန် ၅ သို့ ပြောင်းရွှေ့လုပ်ကိုင်မည်ဖြစ်ကြောင်း၊ Chamzon အထည်ချုပ်စက်ရုံမှာ လုပ်ငန်းမကောင်းခြင်း၊ အရည်အသွေးမီအောင် မပြုလုပ်နိုင်ခြင်း၊ စက်ရုံငှားရမ်းခကြီးမားခြင်းတို့ကြောင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းတွင် စက်ရုံပိတ်သိမ်းခဲ့ပြီး ဒီဇင်ဘာလဆန်းပိုင်းတွင် အလုပ်သမားများ ရသင့်ရထိုက်သော နစ်နာကြေးကို ဥပဒေနှင့်အညီ ပေးခဲ့ပြီးဖြစ်ကြောင်း။

Success Time ဖိနပ်လုပ်ငန်းမှာ စက်မှုဇုန် ၅ သို့ ပြောင်းရွှေ့လုပ်ကိုင်လျက်ရှိကြောင်း၊ Beauty Palace A21 စက်ရုံမှာလည်း ပြီးခဲ့သောနှစ်အတွင်းက ရွှေလင်ဗန်းစက်မှုဇုန်သို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း၊ Kuwahara အထည်စစ်လုပ်ငန်းမှာ လုပ်ငန်းများ ဆက်လက်လည်ပတ်လျက်ရှိကြောင်း၊ TMP ငါးဖမ်းပိုက်စက်ရုံမှာ ယခုနှစ် မေလဆန်းပိုင်းမှစ၍ ရွှေလင်ဗန်းစက်မှုဇုန်သို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ Popular အထည်ချုပ်စက်ရုံမှာ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိပြီး North Share အထည်ချုပ်စက်ရုံမှာ မင်္ဂလာဒုံစက်မှုဇုန်သို့ ပြောင်းရွှေ့လုပ်ကိုင်ရာ အလုပ်သမား ၆၀၀ ကျော် မလိုက်နိုင်သဖြင့် နစ်နာကြေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၌ စက်မှုဇုန်အများဆုံးရှိပြီး စက်ရုံ၊ အလုပ်ရုံ ပေါများသော တိုင်းဒေသကြီးတစ်ခုဖြစ်သည်။ စက်မှုဇုန် ၂၉ ဇုန်ရှိပြီး အထူးစီးပွားရေးဇုန်အနေဖြင့် သီလဝါစက်မှုဇုန်ရှိ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက်မှ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လူငယ်လူလတ်အများစုမှာ လာရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

# မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ နှစ်ပတ်လည်ညီလာခံ စာပေဟောပြော၊ စာပေဆုရ စာရေးဆရာ ဆရာဝန်များအား ဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ နှစ်ပတ်လည်ညီလာခံ စာပေဟောပြောပွဲနှင့် စာပေဆုရ စာရေးဆရာ ဆရာဝန်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတင်တင်ဝင်း (စာရေးဆရာမ ဂျူး) က "ကျွန်မတို့ဆရာဝန် စာရေးဆရာတွေက နှစ်စဉ်စာတွေ အများကြီးရေးကြတယ်၊ သုတရသတွေ ရေးကြတယ်။ ထူးချွန်တဲ့၊ ပရိသတ်နှစ်သက်တဲ့ စာရေးဆရာတွေကို ဆုတွေပေးကြတယ်။ ထွန်းဖောင်ဒေးရှင်းတို့၊ အမျိုးသားစာပေဆုရတဲ့ စာရေးဆရာ ဆရာဝန် ခုနစ်ဦးကို ထပ်မံဂုဏ်ပြုတဲ့ပွဲပါ။ ပြီးရင် စာပေဟောပြောပွဲလုပ်မယ်။ ပြည်သူတွေအနေနဲ့ စာဖတ်ရင်း ဗဟုသုတရစေမယ်၊ သုတရသ ရနိုင်မယ်၊ စာဖတ်ဖို့ အဆင်မပြေသေးတဲ့အချိန်မှာ စာပေဟောပြောပွဲတွေကို နားထောင်လိုက်ရရင် ဗဟုသုတတွေ အများကြီးရစေတယ်။ စာပေဖတ်ဖို့ကိုလည်း စာပေဟောပြောပွဲကနေ တွန်းအားပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ စာပေတန်ဖိုးတက်အောင် ဆရာဝန် စာရေးဆရာတွေက ပေါင်းပြီး စာပေရဲ့အကျိုးကျေးဇူး၊ စာဖတ်ခြင်းရဲ့ ရလာမယ့်အကျိုးကျေးဇူး၊ စိတ်ရဲ့ အကျိုးကျေးဇူး၊ ကိုယ်ခန္ဓာအကျိုးကျေးဇူး အဲဒါတွေကို ပြောပြမယ်။ ဒီအလုပ်တွေက နှစ်စဉ်လုပ်နေကြအလုပ်တွေပါ။ နယ်မှာလုပ်တဲ့ စာပေဟောပြောပွဲတွေကိုလည်း သွားပါတယ်။ ဟောပြောပွဲလုပ်ပေးခြင်းအားဖြင့် အသိပညာတွေ၊ လုပ်ငန်းဆောင်တာတွေ၊ ကြုံတွေ့ရတဲ့ အခက်အခဲတွေ၊ သိသင့်သိထိုက်သော ကျန်းမာရေး ဗဟုသုတတွေကို မျှဝေပါတယ်" ဟု ပြောသည်။



ဒေါက်တာ တင်တင်ဝင်း
(စာရေးဆရာမ ဂျူး)



ဒေါက်တာနီလာသိန်း
(စာရေးဆရာမ မြကြာငုံ)

ဆက်လက်၍ မြန်မာနိုင်ငံ ဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနီလာသိန်း (စာရေးဆရာမ မြကြာငုံ)က "မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ရဲ့ လက်အောက်မှာရှိတဲ့ စာရေးဆရာ ဆရာဝန်များအဖွဲ့က နှစ်တိုင်းနှစ်ပတ်လည် အစည်းအဝေး၊ စာပေဟောပြောပွဲတွေလည်း လုပ်တယ်။ စာပေဟောပြောပွဲ လုပ်ပြီးတဲ့အခါမှာ နိုင်ငံတော်က ပေးထားတဲ့ဆု၊ တခြားအဖွဲ့အစည်းက ပေးထားတဲ့ ဆုတွေရတဲ့ စာရေးဆရာ ဆရာဝန်တွေကို ထပ်ဆင့်ဂုဏ်ပြုတဲ့ပွဲပါ။ ဒီလို ထိုက်ထိုက်တန်တန်ဆုရရှိတဲ့ စာရေးဆရာ ဆရာဝန်ကြီးတွေကို ပြန်လည်ဂုဏ်ပြုရတဲ့အတွက် ကျေနပ်အားရ ပီတိဖြစ်မိပါတယ်။ စာပေဟောပြောပွဲမှာ သုတရသတွေ ပြန်လည်ဖြန့်ဝေပေးတဲ့အတွက် ဗဟုသုတများစွာ ရရှိပါတယ်။ အခုအချိန်မှာပြည်သူလူထုရော၊ လူငယ်တွေရော ဖုန်းကိုင်နေတဲ့သူတွေ များလာတဲ့အတွက်လည်း စာဖတ်မှု အားနည်းလာတယ်။ စာပေဟောပြောပွဲကနေတစ်ဆင့် ရသစာပေ၊ သုတစာပေတွေကိုဖတ်ခြင်းက အရေးကြီးတယ်ဆိုတဲ့ အကြောင်း ပြောချင်ပါတယ်။ စာပေဟောပြောပွဲ အကျိုးကျေးဇူးက နားထောင်လိုက်ရတဲ့အချိန်မှာ ဗဟုသုတတွေ အများကြီးရရှိစေတယ်။ နှစ်ပတ်လည် ညီလာခံကို ၂ နှစ်မှာ တစ်ခါလုပ်တယ်၊ ပွင့်လင်းမြင်သာစွာ တက်တက်ကြွကြွရှိတဲ့ စာရေးဆရာ ဆရာဝန်များအားလုံးက အမှုဆောင်တွေမှာ ပါဝင်ရွေးချယ်ခံကြတယ်။ ကျန်းမာရေးပညာပေး ဟောပြောပွဲတွေကို နေရာအနှံ့မှာ လုပ်နေပါတယ်။ လူငယ်တွေစာဖတ်ပါလို့ ပြောချင်ပါတယ်"ဟု ပြောသည်။



မြန်မာနိုင်ငံဆရာဝန်အသင်း စာရေးဆရာ ဆရာဝန်များအဖွဲ့ နှစ်ပတ်လည်ညီလာခံ စာပေဟောပြောပွဲ၌ စာရေးဆရာ ဒေါက်တာစိုးလွင် ဟောပြောစဉ်။

ထို့နောက် စာပေဆုရ စာရေးဆရာ ဆရာဝန်ကြီး ခုနစ်ဦးအား ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ပြီး ဂုဏ်ပြုခံစာရေးဆရာ ဆရာဝန် ဒေါက်တာလှကြည်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် စာပေဟောပြောပွဲကို ကျင်းပရာ စာရေးဆရာမ နုနုရည်(အင်းဝ) က "ကျေးဇူးတင်ဖူး တင်တတ်နိုင်ပါစေ" ခေါင်းစဉ်နှင့် ပါမောက္ခ ဒေါက်တာစိုးလွင်က "ဘဝထဲက အနုပညာ" ခေါင်းစဉ်တို့ဖြင့် ဟောပြောကြပြီး ဟောပြောပေးသော စာရေးဆရာများအား ဂုဏ်ပြုလွှာနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နှစ်ပတ်လည် ညီလာခံကို ကျင်းပရာ စာရေးဆရာ ဆရာဝန်များအဖွဲ့ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

၂၀၁၇-၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားတင်ပြခြင်း၊ ဆွေးနွေးအတည်ပြုခြင်း၊ ဘဏ္ဍာရေးရှင်းတမ်း ဖတ်ကြားတင်ပြခြင်း၊ ဆွေးနွေးအတည်ပြုခြင်း၊ အမှုဆောင်အဖွဲ့ နုတ်ထွက်ခြင်း၊ အမှုဆောင်အသစ် ရွေးချယ်ခြင်းများ ပြုလုပ်သည်။

ထို့နောက် ဥက္ကဋ္ဌသစ်က အမှာစကားပြောကြားပြီး အထွေထွေဆွေးနွေးကာ သဘာပတိက နိဂုံးချုပ်စကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

**သတင်း - ဥမ္မာသန့်**

**ဓာတ်ပုံ - ဇော်မင်းလတ်**

# မန္တလေးမြို့ (၂၅) ကြိမ်မြောက် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲ ဝါသနာရှင် ၃၀၀ ကျော် ပါဝင်ဆင်နွှဲ



**မန္တလေး ဇူလိုင် ၂၈**

စက်ဘီးစီးအားကစားနည်းကို ပြည်သူလူထုတစ်ရပ်လုံး စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးနင်းခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူးပြီး (၂၅)ကြိမ်မြောက်လူထုစုပေါင်းစက်ဘီးစီးပွဲကို ဇူလိုင် ၂၈ရက်က မန္တလေးမြို့ ကျုံးတောင်ဘက် ၂၆လမ်းရှိ မြို့တော်စည်ပင်ရုံးရှေ့စုရပ်နေရာ၌ ပြုလုပ်ခဲ့သည်။(**ယာပုံ**)

အဆိုပါ စက်ဘီးစီးနင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးဦးဝေဇင်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးအောင်ဝင်းထွန်းနှင့်ဌာနဆိုင်ရာများ၊မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့မှ စက်ဘီးစီးကလပ်အသင်းများမှ စက်ဘီးအားကစားသမားများ၊ စက်ဘီးစီး အားကစားဝါသနာရှင်ပြည်သူ ၃၀၀ ကျော် ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်စုရပ်နေရာတွင် ရောက်ရှိနေရာယူကြသည်။

ယင်းစုပေါင်းစက်ဘီးစီးနင်းပွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးပြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ စက်ဘီးစီး အားကစားဝါသနာရှင်များက စုရပ်နေရာမှ ၂၆ လမ်းအတိုင်း လမ်း ၈၀ သို့ ထိုမှ ကျုံးမြောက်ဘက် ၁၂ လမ်းမှ ကျုံးအရှေ့ဘက် ၆၆ လမ်း အတိုင်း၊ ကျုံးတောင်ဘက် ၂၆လမ်းတာလွှတ်စုရပ်နေရာအထိ ကျုံးတစ်ပတ် စက်ဘီးစီးနင်းကြပြီး ပျော်ရွှင်စွာစုပေါင်း ပန်းဝင်ရောက်ရှိလာကြသည်။

အဆိုပါ ပြည်သူလူထုစုပေါင်း စက်ဘီးစီးနင်းပွဲကို လစဉ်လ၏နောက်ဆုံးပတ် စနေ၊ တနင်္ဂနွေနေ့တို့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာနှင့် တီမောအသင်း ပွဲဦးထွက်တွေ့ဆုံ

**ဂျကာတာ ဇူလိုင် ၂၈**

၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက် (ယနေ့) တွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် တီမောအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြောက်သင်းပါဝင်သည့် အုပ်စု (က) တွင် ပါဝင်နေပြီး တီမောအသင်းနှင့် ဖွင့်ပွဲကို ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုပထမနေ့ကို ယနေ့စတင်မည်ဖြစ်ပြီး မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ကမ္ဘောဒီးယားနှင့် ဗီယက်နမ်၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်၊ မြန်မာနှင့် တီမောအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ တီမော၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် ထိုင်း၊ မလေးရှား၊ လာအို၊ ဘရူနိုင်းနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် ဇူလိုင် ၂၉ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၃၁ ရက်တွင် အိမ်ရှင်အင်ဒိုနီးရှားအသင်း၊ ဩဂုတ် ၂ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဩဂုတ် ၄ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ဩဂုတ် ၆ ရက်တွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းတွင် **အုပ်ချုပ်သူ** - ဦးစည်သူဝင်း၊ **နည်းပြချုပ်**-ဦးညီညီလတ်၊ **လက်ထောက်နည်းပြ**-ဦးမင်းမင်းထွန်း၊ ဦးထွန်းလင်းအောင်၊ **ဂိုးနည်းပြ**- ဦးစိန်အေး၊ **ဂိုးသမား** ဟိန်းထက်စိုး၊ နေလင်းထက်၊ စောခူမို၊ **နောက်တန်း**-စောထူးပွဲမို၊ မျိုးချစ်ဇော်၊ သော်ဇင်ထက်၊ ဉာဏ်လင်းထက်၊ ရှင်းသန့်အောင်၊ ကောင်းခန့်ကျော်၊ **အလယ်တန်း**-နောင်နောင်စိုး၊ ဇော်ဝင်းသိန်း၊ အောင်ကိုဦး၊ ရဲထက်အောင်၊ ငြိမ်းဇေယျာ၊ ရန်နိုင်လင်း၊ ဝေယံစိုး၊ ရန်ကျော်စိုး၊ နိုင်ထွေး၊ ခွန်ကျော်ဇင်ဟိန်း၊ သန့်စည်သူ၊ **ရှေ့တန်း**-ပြည့်ဖြိုးအောင်၊ လမင်းထွေး၊ စောကျော်ထက်တို့ ပါဝင်သည်။

**ရဲရင့်ရှိုင်း**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- မိုနာကိုအသင်းသည် စီအက်စ်ကေအေအသင်းမှ ရုရှားကွင်းလယ်ကစားသမား ဂိုလိုဗင်ကို ငါးနှစ်စာချုပ်ဖြင့ ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။ အသက် ၂၂ နှစ်အရွယ် ဂိုလိုဗင်ကို ချယ်လ်ဆီးအသင်းက ခေါ်ယူရန်ချဉ်းကပ်ခဲ့သော်လည်း လီဂူးဝမ်းပြိုင်ပွဲမစတင်မီ နှစ်ပတ်အလိုတွင် ပြင်သစ်ကလပ် မိုနာကိုအသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားခဲ့ခြင်းဖြစ်ကြောင်းလည်း ဖော်ပြထားသည်။
- နယ်သာလန်ကစားသမား ကလာဆင်သည် အဲဗာတန်အသင်းမှ ဝါဒါဘရီမင်အသင်းသို့ အပြီးသတ်ပြောင်းရွှေ့ရောက်ရှိသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။ ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ ဖော်ပြထားခြင်းမရှိပေ။ အသက် ၂၅ နှစ်အရွယ် ကလာဆင်သည် ဇူလိုင် ၂၇ ရက်က ချစ်ကြည်ရေးခြေစမ်းပွဲစဉ်အဖြစ် အဲဗာတန်အသင်းက ဘလက်ဘန်းအသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ပါဝင်လာခဲ့ခြင်းမရှိကြောင်းလည်း ဖော်ပြထားသည်။
- မန်ယူအသင်းသည် လက်စတာအသင်း၏အသက် ၂၅ နှစ်အရွယ် အင်္ဂလန်နောက်ခံကစားသမား မက်ဂူရီအား အိုးထရက်ဖို့ဒ်သို့ ခေါ်ယူနိုင်ရန်အတွက် လက်စတာအသင်းထံသို့ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၈၀ ပေးချေရမည်ဖြစ်ကြောင်း ဒေးလီးစတား၏ ဖော်ပြချက်အရ သိရသည်။ မေရာ၏ ဖော်ပြချက်တွင်မူ မန်ယူအသင်းအနေဖြင့် အဆိုပါကစားသမား၏ ပြောင်းရွှေ့ကြေးကို ကာမိရန်အတွက် အသင်း၏ နောက်ခံကစားသမားနှစ်ဦးဖြစ်သော ရိုဂျိုနှင့် ဒါမီယန်တို့ကို ရောင်းထုတ်သွားဖွယ်ရှိကြောင်း သိရသည်။
- မန်ယူနည်းပြ မော်ရင်ဟိုအနေဖြင့် အသင်း၏ ခံစစ်ကို ပြင်ဆင်ဖွဲ့စည်းရန်အလို့ငှာ နောက်ခံကစားသမားများကို ရောင်းထုတ်သွားရန် ဆန္ဒရှိနေခြင်းကြောင့် တန်းတက်ဝုဗ်အသင်းက မန်ယူအသင်း၏ အာဂျင်တီးနားကစားသမား ရိုဂျိုကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ယူကေအခြေစိုက်သတင်းရင်းမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသက် ၂၆ နှစ်အရွယ် လီဗာပူးတိုက်စစ်ကစားသမား ဒန်နီအင့်စ်ကို ခေါ်ယူရန်ဆန္ဒပြင်းပြလျက်ရှိနေသော်လည်း အသင်းက သတ်မှတ်ထားသော ပေါင်သန်း ၂၀ ကို ပေးချေရမည်ဖြစ်ကြောင်း ဂါးဒီးယန်း၏ ဖော်ပြချက်အရ သိရသည်။ ထို့အပြင် လက်စတာ၊ နယူးကာဆယ်နှင့် ဆောက်သမ်တန်အသင်းတို့ကလည်း အဆိုပါ ကစားသမားအတွက် ကမ်းလှမ်းမှုများပြုလုပ်ထားကြောင်း သည်တိုင်းမ်၏ ဖော်ပြချက်အရ သိရသည်။
- ဘတ်ရှီးတပ်စ်အသင်းသည် လီဗာပူးအသင်း၏ အသက် ၃၀ အရွယ် ဘယ်လ်ဂျီယံဂိုးသမား မင်နိုလတ်ကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။

**အောင်ဇော်**

# မြန်မာနေရှင်နယ်လိဂ် U-20 ဘောလုံးပြိုင်ပွဲ အား/ကာသိပ္ပံ (ခ) အသင်း ချန်ပီယံဆုဖလား ဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ MPT Myanmar National League U-20 ၂၀၁၈ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပဒုမ္မာ ဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အားကစားနှင့်ကာယပညာသိပ္ပံ (ISPE)B အသင်းနှင့် Dagon အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ (ISPE) B အသင်းက Dagon အသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီးဖြင့် သရေကျခဲ့ပြီး ဒုတိယပိုင်း မိနစ် ၇၀ တွင် (ISPE) B အသင်းက Dagon အသင်းကို ထပ်မံတစ်ဂိုးသွင်းယူခဲ့ပြီး အနိုင်ရရှိသွားသည်။

ပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ တက္ကသိုလ်များဘောလုံးအသင်း ဥက္ကဋ္ဌ ရန်ကုန်အဝေးသင်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာတင်မောင်လှ၊ MPT မှ Deputy Marketing Director ဦးခင်မောင်မြင့်၊ ဒဂုံအက်ဖ်စီအသင်းအတွင်းရေးမှူး ဦးအောင်သူချမ်းနှင့် တာဝန်ရှိသူများသွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ပြိုင်ပွဲအပြီးတွင် တတိယဆုရ University အသင်းအား ငွေကျပ် ၃၅ သိန်း၊ ဒုတိယဆုရ Dagon အသင်းအား ငွေကျပ် ၇၅ သိန်းနှင့်တစ်ဦးချင်းဆုတံဆိပ်များ၊ ပထမတံခွန်စိုက်ဆုရရှိသွားသော အားကစားနှင့် ကာယပညာသိပ္ပံအသင်း (ISPE) B အားငွေကျပ်သိန်း ၁၀၀ နှင့် တစ်ဦးချင်းဆုတံဆိပ်များ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




# လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် မြန်မာ ယူ-၂၃ အသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာ ယူ-၂၃ အသင်းသည် ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Alpine Cup လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းတွင် **နည်းပြချုပ်**အဖြစ် အန်တွမ်နီဟေး၊ **လက်ထောက်နည်းပြ**အဖြစ် ဦးစိုးမြတ်မင်း၊ ဟာလက်၊ **ဂိုးနည်းပြ**-ကာစတန်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ **နောက်တန်း**-ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ တေဇော်လင်း၊ မင်းကျော်ခန့်၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ရဲရင့်အောင် (ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**- လှိုင်းဘိုဘို၊ စည်သူအောင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**-အောင်သူ (Police Tero)၊ အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်) တို့ပါဝင်ကြသည်။

မြန်မာ ယူ-၂၃ အသင်းသည် ဇူလိုင် ၂၃ ရက်မှစ၍ ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်ခဲ့ပြီး ဇူလိုင် ၂၈ ရက်တွင် ကစားသမားများ လျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ကစားသမားများလျှော့ချရာတွင် ဒဏ်ရာပြဿနာရှိနေသည့် မျိုးကိုထွန်းနှင့် ရှိုင်းသူရကို ပြန်လည်စေလွှတ်ခဲ့ပြီး ဂိုးသမားလေးဦး အနက် အေဇင်မှူးကို လျှော့ချခဲ့သည်။ အသက် ၂၃ နှစ်အထက် စီနီယာကစားသမားလေးဦးအနက် ကွင်းလယ်လူ ရဲကိုဦးကို လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲအတွက် ရွေးချယ်ခြင်းမရှိဘဲ အာရှအားကစားပြိုင်ပွဲအတွက်မူ ကျန်ရှိသည့်ကစားသမားသုံးဦးနှင့်ပြန်လည်ရွေးချယ်မည်ဖြစ်သည်။ ယူ-၂၃ ကစားသမား သုံးဦးလျှော့ချခဲ့သောကြောင့် နည်းပြချုပ်အန်တွမ်နီဟေးသည် ခံစစ်ပိုင်းအားဖြည့်ရန် အား/ကာသိပ္ပံအသင်းမှ လူငယ်ကွင်းလယ်ကစားသမား လွင်မိုးအောင်ကို အစားထိုးရွေးချယ်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းတွင် ရွေးချယ်ထားသည့် ကစားသမားများအနက် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းတွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူး အောင်သူသည် ဇူလိုင် ၃၀ ရက်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၂၃ အသင်းနှင့် အတူ ဘာရိန်း ယူ-၂၃ အသင်း၊ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံးအသင်း ဗိုလ်စွဲမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

○ *ကျောဖုံးမှ*

မြန်မာအသင်းသည် မြန်မာ့ဘောလုံးအောင်မြင်မှုများစွာရခဲ့သည့် အာရှအားကစားပြိုင်ပွဲတွင် အီရန်အသင်းနှင့် မကြာခဏတွေ့ဆုံခဲ့ပြီး မြောက်ကိုရီးယားအသင်းနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးသည်။ မြန်မာအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရဖူးပြီး ပထမဆုံးရွှေတံဆိပ်ရရှိသည့် ၁၉၆၆ ခုနှစ် ပြိုင်ပွဲတွင် အီရန်အသင်းကို ဗိုလ်လုပွဲတွင် အနိုင်ယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် ဆော်ဒီအာရေဗျအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ပထမဆုံးတွေ့ဆုံခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ပြီး ပြိုင်ပွဲအကြိုခြေစမ်းပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# လှိုင်သာယာမြို့နယ်၌ ဓားထောက်လုယက်မှုကျူးလွန်သူအား ဖမ်းဆီးစဉ် ရဲတပ်ဖွဲ့ဝင်များကို ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရ

ရန်ကုန် ဇူလိုင် ၂၈

**လှိုင်သာယာမြို့နယ်၌ အလုပ်မှပြန်လာသူကို ဓားထောက်လုယက်မှုကျူးလွန်သူအား လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးစဉ် ရဲတပ်ဖွဲ့ဝင်များအား ဓားဖြင့်ရန်ပြုတိုက်ခိုက်သဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။**

ဇူလိုင် ၂၈ ရက် နံနက် ၁ နာရီခန့်က စက်မှုဇုန်လုံခြုံရေးဝန်ထမ်းဖြစ်သူ ကိုနိုင်လင်း နေအိမ်သို့ပြန်လာစဉ် စက်မှုဇုန်(၂) ဦးရွှေအိုးလမ်းသို့ အရောက်တွင် လူတစ်ဦးက ၎င်း၏လည်ပင်းကို ဓားဖြင့်ထောက်ပြီး ငွေကျပ် ၂၀၀၀၀ လုယူစဉ် ငွေများကို ပြန်လည်ဆွဲယူခဲ့၍ လုယက်မှုကျူးလွန်သူက ဓားဖြင့်ထိုးခဲ့ရာ ကိုနိုင်လင်း၏ ဝဲဘက် တံတောင်ဆစ်တွင် ပြတ်ရှဒဏ်ရာရရှိခဲ့သဖြင့် လှိုင်သာယာမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ယင်းအမှုမှ လုယက်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေခဲ့ရာ စက်မှုဇုန် (၃) ဦးမြလမ်းတွင် လုယက်မှုကျူးလွန်သူကို ဓားကိုင်ဆောင်လျက်တွေ့ရှိသဖြင့် အသာတကြည် အဖမ်းခံရန် ပြောဆိုခဲ့သော်လည်း အဖမ်းမခံဘဲ ကိုင်ဆောင်ထားသော အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဖြင့် ခုခံရန်ပြုသဖြင့် ရဲတပ်ကြပ် ဇေယျာဖြိုးက ကိုင်ဆောင်ထားသော MA 13 မောင်းပြန်သေနတ်ဖြင့် တားဆီးကာကွယ်ခဲ့ရသည့်အပြင် ပြစ်မှုကျူးလွန်သူက ရဲတပ်ကြပ်ကြီး မြင့်သိန်းကို ဓားဖြင့်ဆက်လက်ထိုးခဲ့သဖြင့် တပ်ကြပ်ကြီး မြင့်သိန်း၏ ဝဲလက်ခုံတွင် ဓားဒဏ်ရာရရှိခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်များကို အသက်အန္တရာယ်ဖြစ်စေရန် ရန်ပြုတိုက်ခိုက်လာသဖြင့် သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့ရသည်။

ပြစ်မှုကျူးလွန်သူမှာ သေနတ်ဒဏ်ရာရရှိသဖြင့် လှိုင်သာယာဆေးရုံသို့ ပို့ဆောင်ကုသစဉ် ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ စစ်ဆေးချက်အရ လုယက်မှုကျူးလွန်သူမှာ ဆန်းလင်းဦး (၂၅ နှစ်)ဖြစ်ပြီး ၎င်းထံမှ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် လုယူခဲ့သည့် ငွေကျပ် ၂၀၀၀၀ တို့ကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ ဆန်းလင်းဦးသည် ပိတောက်ချောင်းနယ်မြေရဲစခန်းတွင် ခိုးမှုမသင်္ကာဖြင့် ထောင်ဒဏ် နှစ်လကျခံဖူးသူဖြစ်ကြောင်း၊ သီရိမင်္ဂလာဈေးအတွင်း ဓားကိုင်ဆောင်ရမ်းကားခဲ့သဖြင့် ထောင်ဒဏ် လေးလကျခံခဲ့ဖူးသူဖြစ်ကြောင်းနှင့် ၎င်းမှာ လွန်ခဲ့သော သုံးရက်က ထောင်မှလွတ်လာသူဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၇-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၄၅ - "လှမ်းလာခဲ့ပါသစ်တောနှင့် သဘာဝဝန်းကျင် ပြတိုက်တည်ရှိရာ"
- ၉း၂၅ - ဇာတ်လမ်းအတိုအထွာ ပြုံးစရာ "ဘယ်သူ့အပြစ်လဲ"
- ၉း၂၅ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၅ - ကျန်းမာရေးမဂ္ဂဇင်း "အရေပြားထူလေးဖက်နာရောဂါအကြောင်း သိကောင်းစရာ"
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "မြေမှာပွင့်သောမေတ္တာပန်း" (ကောလိပ်ဂျင်နေဝင်း၊ စိုးရွှေ၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ- မြင့်မောင်)

**ညပိုင်း**

- ၁၇း၀၅ - Sunday Talk
- ၁၇း၃၀ - "စာပေအနုပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်း စီမံခန့်ခွဲသည့်အဖွဲ့၏ အရေးပါပုံ"
- ၁၈း၃၅ - "မြန်မာ့သမိုင်းအဖွဲ့နှင့် သုတေသနဌာနဖြစ်တည်လာမှုနှင့် ဖြတ်သန်းလာခဲ့သောကာလမှ အနာဂတ်ဆီသို့"
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း -၁၀)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံခြားသတင်း၊ မိုးလေဝသ အခြေအနေ
- ၂၀း၃၅ - In&Out "ချင်းမိုင်၊ ချင်းရိုင် ခရီးစဉ်"(အပိုင်း-၂) (လေးဖြူနှင့်အဖွဲ့)
- \- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၇)
- \- "တေမိရဇာတ်တော်ကြီး"

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



စိုးညွန့်မောင်၊ မယိန်းထန့်နှင့် မနန်းယဉ်ယဉ်မွန်တို့ကို ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၈

ရှင်ဗွေယန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် နံနက် ၁၁ နာရီတွင် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ အမှတ်(၃) ရပ်ကွက်ရှိ ဈေးရှေ့၌ ရပ်ထားသည့် ယာဉ်မောင်း စိုးညွန့်မောင်၏ ယာဉ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက် (အလေးချိန် ၁၁၀ ဂရမ်) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၁၀ ကို လည်းကောင်း၊ အလားတူ မြစ်ကြီးနားနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ခေမာသီရိရပ်ကွက်၌ မယိန်းထန့် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ဇူလိုင် ၂၇ ရက် ညနေပိုင်းက မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဝဏ္ဏကျော်ထင်လမ်းတွင် မနန်းယဉ်ယဉ်မွန်ကို တွေ့ရှိရှာဖွေရာ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၂ ပြား၊ ဖုန်းတစ်လုံးနှင့် ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၈၄ ပြားတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီခွဲက ပင်လည်ဘူးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လည်ဘူး-ဗန်းမောက်သွား ကားလမ်းတွင် သန်းမောင်နှင့် ရန်နောင်တို့နှစ်ဦးကို ဆာလာအိတ်တစ်အိတ်နှင့်အတူတွေ့ရှိ၍ စစ်ဆေးစဉ် ဘိန်းစိမ်းရှစ်ထုပ်(အလေးချိန် ၁၁ ဒသမ ၆၇၅ ကီလို)ကို လည်းကောင်း၊ အလားတူ ဇူလိုင် ၂၆ ရက် ညပိုင်းတွင် ကျောက်ဂူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ်၊ ကွန်ဟန်းကျေးရွာ ရပ်စောက်-နောင်ချိုသွားကားလမ်း၌ မောင်ငယ် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၇၂ ပြားနှင့် ဘိန်းစိမ်း ၁၁၄ ဒသမ ၁ ဂရမ်၊ ဆိုင်ကယ်ဘေး၌ချည်ထားသည့် တူမီးသေနတ်တစ်လက်၊ ၎င်း၏လွယ်အိတ်အတွင်းမှ ယမ်းမှုန့် ငါးကျပ်သား၊ ခဲသီး ၁၄ လုံးတို့ကို လည်းကောင်း။

နမ့်စလပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက သိန္နီမြို့နယ် နားတီးကျေးရွာနေ မကွမ်းဇယ်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၇၆ ပြားနှင့် ဘိန်းစိမ်း ၆၀ ဂရမ်တို့ကို လည်းကောင်း၊ နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်း-မိုင်းဝီးသွားကားလမ်းတွင် ကျော်သန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၄၄ ခွက်(အလေးချိန် ၅၂၈ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဖားကန့်မြေစာပုံပြိုကျမှုမှ ပျောက်ဆုံးသူ အလောင်း ၂၂ လောင်း တွေ့ရှိ

ဖားကန့် ဇူလိုင် ၂၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ကျောက်စိမ်းလုပ်ကွက် ကမ်းပါးယံပြိုကျ၍ ပျောက်ဆုံးသူ ၂၇ ဦးရှိသည့်အနက်မှ ဇူလိုင် ၂၈ ရက် မွန်းတည့် ၁၂ နာရီအထိ ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်ခဲ့ရာ သေဆုံးသူရုပ်အလောင်း ၂၂ လောင်းကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၄ ရက် နံနက် ၅ နာရီက မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မမုံကျေးရွာအနီးရှိ ရေရတနာ ကျောက်မျက်ကုမ္ပဏီလုပ်ကွက်အဟောင်း၏ အမြင့်ပေ ၅၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျခဲ့၍ ဆိပ်မူရဲကင်းစခန်းမှ ရဲအုပ် အောင်ဇင်ကျော် ဦးစီးရဲတပ်ဖွဲ့ဝင်များ၊ ဖားကန့်မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ ဖားကန့်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကမ်းပါးယံပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ ၂၇ ဦး ပျောက်ဆုံးနေကြောင်း မိသားစုများ၏ စာရင်းပေးသွင်းမှုမှတ်တမ်းများအရ သိရှိထားရပြီး ဇူလိုင် ၂၆ ရက်မှစတင်၍ ၎င်းကမ်းပါးယံအောက်ရှိ ရေအိုင်အတွင်းမှ သေဆုံးသူရုပ်အလောင်းများ ရှာဖွေတွေ့ရှိခဲ့ကာ ဇူလိုင် ၂၈ ရက် မွန်းတည့် ၁၂ နာရီအထိ ရုပ်အလောင်း ၂၂ လောင်းကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# အောင်မြေသာစံမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူသတ်မှုကျူးလွန်သူကို ဖမ်းဆီးရမိ

မန္တလေး ဇူလိုင် ၂၈

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူသတ်၍ ထွက်ပြေးတိမ်းရှောင်နေသည့် သန်းထွန်းကို ဇူလိုင် ၂၇ ရက် ည ၁၁ နာရီခွဲက အောင်မြေသာစံမြို့နယ် ၁၂ လမ်းနှင့် ၇၃ လမ်းထောင့်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ သန်းထွန်းကို တိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ တပ်ဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် အထူးအမှုစစ်အဖွဲ့က စစ်မေးရာ အခင်းဖြစ်ပွားစဉ် အသုံးပြုခဲ့သော အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းနှင့် အခင်းဖြစ်နေအိမ်မှ ယူဆောင်သွားခဲ့သော သက်သေခံ လက်ဝတ်ရတနာပစ္စည်းများကို ၎င်းတို့လင်မယားနေထိုင်ရာ ရွှေကျင်ကွက်သစ်ရပ် ပုသိမ်ကြီးမြို့နယ်ရှိ လေးထပ်တိုက်အပေါ်ဆုံးရှိ ပစ္စည်းများထားရှိသည့်အခန်းအတွင်းမှ သိမ်းဆည်းရမိသဖြင့် အသေးစိတ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

# ဘားအံမြို့၌ လူသတ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူကို ဖမ်းဆီးရမိ

ဘားအံ ဇူလိုင် ၂၈

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဘားအံမြို့မရဲစခန်းမှူး ဒုရဲမှူး ဝင်းနိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်မျိုးကျော်နှင့် တပ်ဖွဲ့ဝင်များသည် ဘားအံမြို့မရဲစခန်းမှ လူသတ်မှုဖြင့် အလိုရှိသူ စောဇော်လင်းဦး(ခ)ဝီးကလိ (၂၅ နှစ်)ကို ဇူလိုင် ၂၈ ရက် နံနက် ၅ နာရီက ဘားအံမြို့နယ် လှာကမြင်ကွက်သစ် အားကစားကွင်းနောက်ဘက် တဲတစ်လုံးအတွင်း ပုန်းအောင်းနေစဉ် ပိတ်ဆို့ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်က ဘားအံမြို့အမှတ်(၉)ရပ်ကွက် ဝါဆိုဦးဘုန်းကြီးကျောင်းလမ်းနေ ဦးမောင်ချို(၄၄ နှစ်)သည် တစ်ရပ်ကွက်တည်းနေ ဦးလှုတင်နေအိမ်၌ စောဇော်လင်းဦး(ခ)ဝီးကလိ(၂၅ နှစ်) လှိုင်းပုံလမ်း ဝါဆိုဦး အမှတ်(၉) ရပ်ကွက်နေသူနှင့် အရက်အတူဝိုင်းဖွဲ့သောက်စဉ် စကားများရန်ဖြစ်ရာမှ စောဇော်လင်းဦး(ခ)ဝီးကလိက ဆိုင်ကယ်ရှေ့ရှော့ဘားဖြင့် ရိုက်နှက်ခဲ့သဖြင့် ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်းနှင့် သေဆုံးသူ၏ ဇနီးတော်စပ်သူ မဝါဝါအေး(၄၁ နှစ်)က ဘားအံမြို့မရဲစခန်းတွင် တရားလိုပြုလုပ် တိုင်တန်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ဖမ်းဆီးရမိသူ စောဇော်လင်းဦး(ခ)ဝီးကလိကို ဘားအံမြို့မရဲစခန်းက အမှုဖြင့် ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# သပိတ်ကျင်းမြို့နယ်၌ ခွင့်ပြုချက်မဲ့လာရောက်နေထိုင်သည့် တရုတ်နိုင်ငံသားများကို အရေးယူ

သပိတ်ကျင်း ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဇရပ်ကွင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၆ ရက် ည ၈ နာရီ မိနစ် ၅၀ က အုံးဖုံးကွင်းကျေးရွာ၌ ခွင့်ပြုချက်မဲ့လာရောက်နေထိုင်သည့် တရုတ်နိုင်ငံသားလေးဦးကို ဖမ်းဆီးရမိခဲ့သည်။

ခွင့်ပြုချက်မဲ့လာရောက်နေထိုင်သူများရှိကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့များသည် အုံးဖုံးကွင်းကျေးရွာသို့ သွားရောက်စစ်ဆေးစဉ် ဦးတင်ဆင့် နေအိမ်၌ Mr.He.Zinan (၄၂ နှစ်)ပါ တရုတ်နိုင်ငံသားသုံးဦးကို လည်းကောင်း၊ ယင်းနေ့ ည ၉ နာရီ ၄၅ မိနစ်က အဆိုပါကျေးရွာနေ ဦးတင်သိန်း(စိစစ်ဆဲ)၏ နေအိမ်၌ တရုတ်နိုင်ငံသား Mr.Zhan Yong ကို လည်းကောင်း ခွင့်ပြုချက် အထောက်အထားတစ်စုံတစ်ရာ မပါဘဲ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်လာရောက်နေထိုင်ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် တရုတ်နိုင်ငံသားလေးဦးကို သပိတ်ကျင်းမြို့မရဲစခန်း၌ ဥပဒေနှင့်အညီ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေပူစစ်ဆေးရေးအဖွဲ့ စစ်ဆေးမှုမှ ပိတောက်ဓားရွှေများ ဖမ်းမိ

နေပြည်တော် ဇူလိုင် ၂၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှစ၍ တင်းသွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက် တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၉၈၃ သန်း) ခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Mitsubishi Fuso Express ယာဉ်တစ်စီးပေါ်တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ဓားရွှေ ၁ ဒသမ ၆၆၁ တန်နှင့် အဆိုပါ ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၉ ဒသမ ၉၈၃ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲမတိုင်မီ တင်းမာမှုများ လျှော့ကြရန် ကမ္ဘောဒီးယားနိုင်ငံရေးသမားများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**ဂျီနီဗာ ဇူလိုင် ၂၈**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ကမ္ဘောဒီးယားနိုင်ငံရှိ နိုင်ငံရေးသမားများကို ရွေးကောက်ပွဲမကျင်းပမီ တင်းမာမှုများ လျှော့ကြရန်၊ အများအားကိုးလောက်သော၊ အများယုံကြည်စိတ်ချရသော ပြိုင်ဘက်အမတ်လောင်းများ မဟုတ်ဘူးဆိုသည့် စကားများနှင့် ရွေးကောက်ပွဲသည် ချို့ယွင်းချက်များရှိသည်ဆိုသည့် ကြေညာချက်မျိုး မထွက်ပေါ်လာရန် ဂရုစိုက်လုပ်ဆောင်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ဇူလိုင် ၂၉ ရက် ဆန္ဒမဲပေးပွဲတွင် လက်ရှိတိုင်းပြည်ကို ၃၃ နှစ်ကြာ အုပ်ချုပ်နေသော ဝန်ကြီးချုပ် ဟွန်ဆန် အနိုင်ရမည်ဟု ထင်ကြေးပေးလျက်ရှိသည်။

ဆယ်စုနှစ်ကြာ စစ်ပွဲများမှ နိုးထလာပြီး ကြောက်စရာကောင်းလှတဲ့ အရောင်တော်လှန်ရေး နိဂုံးချုပ်ပြီးနောက် ၁၉၉၃ ခုနှစ် ကမ္ဘောဒီးယားနိုင်ငံ၏ ပထမဆုံးရွေးကောက်ပွဲစည်းရုံးမှုတွင် ကုလသမဂ္ဂအနေဖြင့် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

ကမ္ဘောဒီးယားပြည်သူများယုံကြည်သည့် ဗဟုဝါဒပါဝင်သည့် နိုင်ငံရေးဖြစ်စဉ်သည် တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်းအတွက် အရေးပါသလို ငြိမ်းချမ်းရေးခိုင်မာတောင့်တင်းရန်အတွက်လည်း မရှိမဖြစ်လိုအပ်ကြောင်း ဂူတာရက်စ်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ထို့အပြင် ဂူတာရက်စ်က နိုင်ငံရေး အဓိကအားပြိုင်သူများအနေဖြင့် နိုင်ငံရေးအစွန်းရောက်မှုနှင့် တင်းမာမှုများ လျှော့ချရန်နှင့် ကမ္ဘောဒီးယားအစိုးရအနေဖြင့် လူ့အခွင့်အရေးကို အလေးထားဆောင်ရွက်ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများကို ၎င်းတို့၏ အခြေခံဒီမိုကရေစီကျင့်သုံးမှုများ ဆောင်ရွက်ခွင့်ပေးရန်လည်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

ဟွန်ဆန်၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု နောက်ဆုံးနေ့အပြီးတွင် ယခုလို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်တွင် ဗဟိုတရားရုံးက အစိုးရ၏တောင်းဆိုချက်ကို လိုက်လျောပေးခဲ့ပြီး ကျန်ရှိနေသော အတိုက်အခံပါတီကို ဖျက်သိမ်းရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အတိုက်အခံပါတီကလည်း ထောက်ခံသူများကို ဆန္ဒမဲပေးပွဲအား သန့်ရှင်းသော လက်ချောင်းလှုပ်ရှားမှုဖြင့် သပိတ်မှောက်ရန် တိုက်တွန်းခဲ့သည်။ မဲရုံက ဆန္ဒမဲပေးပြီးသူများ၏ လက်ချောင်းကို မင်သုတ်ပေးသည့်စနစ်ကို ရည်ညွှန်းလျက် သန့်ရှင်းသော လက်ချောင်းလှုပ်ရှားမှုဟု ခေါ်ဆိုခြင်းဖြစ်သည်။

နိုင်ငံတွင်းရှိ ထင်ရှားသော အတိုက်အခံအင်အားစုအတော်များများ နိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ထိုအထဲတွင် ဆမ်ရိန်းဆီလည်း အပါအဝင်ဖြစ်ကာ ၎င်းသည် လက်ရှိတွင် ပြင်သစ်ရောက်နေကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ဂျပန်တို့က လိုအပ်သည်များကို ကူညီပေးမည်ဖြစ်ပြီး ရွေးကောက်ပွဲသည် ယုံကြည်စရာ ကောင်းမကောင်း စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရသည်။ ကမ္ဘောဒီးယားမဟာမိတ် တရုတ်နိုင်ငံကမူ မဲပေးရာတွင် လိုအပ်သော ပစ္စည်းများ ထောက်ပံ့ပေးမည်ဖြစ်သည်။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ကမ္ဘောဒီးယားရွေးကောက်ပွဲကို အဓိပ္ပာယ်မရှိဟု သုံးသပ်ထားပြီး တစ်ပါတီစနစ်သို့ ပြန်လည်ဆိုက်ရောက်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**



# ဂျပန်မင်းသမီး မာကို ဂျပန်စွန့်ဦးရွှေ့ပြောင်းအခြေချသူများကို လေးစားသမှုပြုရန် ဘရာဇီးသို့ရောက်ရှိ

**တိုကျို ဇူလိုင် ၂၈**

ဂျပန် စွန့်ဦးရွှေ့ပြောင်းအခြေချသူများကို လေးစားသမှုပြုရန်အတွက် ဂျပန်မင်းသမီး မာကိုသည် ဘရာဇီးနိုင်ငံ၏ အမေဇုန်ဒေသတွင်တည်ရှိသော မြို့တစ်မြို့သို့ သွားရောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မင်းသားနှင့် မင်းသမီး အာကီရှိနို၏ အကြီးဆုံးသမီးသည် ဘရာဇီးနိုင်ငံ၏ အမေဇုန်ဒေသတွင် တည်ရှိသော တုန်းအကုမြို့သို့ မကြာခင်အချိန်က ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ၎င်းသည် ဘရာဇီးနိုင်ငံ၏ အမေဇုန်ဒေသတွင် တည်ရှိသော တုန်းအကုမြို့သို့ လာရောက်လည်ပတ်သော ပထမဆုံးတော်ဝင်မိသားစုဝင်ဖြစ်ကြောင်း သိရသည်။

ဂျပန် စွန့်ဦးအခြေချသူများနှင့် ၎င်းတို့၏ သားစဉ်မြေးဆက်များသည် ဤမြို့တွင် ပြင်းထန်သော သဘာဝအခြေအနေများကြောင့် ရောဂါပေါင်းစုံ ခံစားခဲ့ရကြောင်း သိရသည်။

မင်းသမီး မာကိုသည် ဂျပန်စွန့်ဦးရှာဖွေအခြေချသူများအပါအဝင် သေဆုံးသူ ၉၀၀ ခန့်ကို မြေမြှုပ်သင်္ဂြိုဟ်ခဲ့သော အဆိုပါနေရာရှိ ဂူသင်္ချိုင်းသို့ သွားရောက်ခဲ့ပြီး အထိမ်းအမှတ်ကျောက်တိုင်များတွင် ပန်းများလှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက် မင်းသမီးသည် ဂျပန်သားစဉ်မြေးဆက်များ လုပ်ကိုင်နေသည့် စိုက်ပျိုးမြေများသို့ သွားရောက်ခဲ့ပြီး ဂျပန်သို့ တင်ပို့ရာ ကိုကိုးစိုက်ပျိုးမှုများကိုလည်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဂျပန် စွန့်ဦးရွှေ့ပြောင်းအခြေချသူများ၏ သားစဉ်မြေးဆက်များက ကြိုဆိုသည့် အခမ်းအနားတွင် မင်းသမီး မာကိုက တိုင်းပြည်အတွက် သင့်ရာနေရာမှ တာဝန်ထမ်းဆောင်ခဲ့သည့် ဂျပန်စွန့်ဦးရွှေ့ပြောင်းအခြေချသူများ၏ အုတ်ဂူများတွင် ပန်းများလှူဒါန်းခဲ့ကြောင်းနှင့် ဂျပန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံကြား ပေါင်းကူးတံတားတစ်ခုသဖွယ် ဆောင်ရွက်ပေးမှုအတွက် လေးစားဂုဏ်ယူပါကြောင်းလည်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




# ရုရှားသမ္မတ ပူတင် အမေရိကန်သို့ လာရောက်လည်ပတ်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြား

**မော်စကို ဇူလိုင် ၂၈**

ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်းအနေဖြင့် ဖိတ်ကြားခြင်းခံရပါက ဝါရှင်တန်သို့ လာရောက်ရန် အဆင်သင့်ဖြစ်နေကြောင်း၊ ထို့အတူ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား မော်စကိုသို့ လာရောက်လည်ပတ်ရန်လည်း ဖိတ်ကြားထားပြီးဖြစ်ကြောင်း ပြောခဲ့သည်။

တောင်အာဖရိကသို့ သွားရောက်လည်ပတ်ချိန်တွင် ပူတင်က သတင်းထောက်များကို ထိုကဲ့သို့ ပြောခဲ့ခြင်းဖြစ်သည်။ ပူတင်က ၎င်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်းနှင့် ဆီးရီးယားပြည်တွင်းစစ်အကြောင်းလည်း ဆွေးနွေးခဲ့ကြောင်း ပြောခဲ့သည်။

အဆိုပါ အဆင့်မြင့်ကိစ္စရပ်များမှာ အဆင့်မြင့်ခေါင်းဆောင်ပိုင်းအဆင့် ဆွေးနွေးရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပူတင်က အမေရိကန်နှင့် သိသာထင်ရှားသော ဆက်ဆံရေးများ တိုးတက်ဖြစ်ပေါ်ခဲ့ကြောင်း၊ သို့သော်လည်း ရုရှားနိုင်ငံကို အမြင်မကြည်ဘဲ တိုက်ခိုက်မှုများ အမေရိကန်နိုင်ငံတွင် ရှိနေသေးကြောင်းနှင့် ယင်းကိစ္စအား နောင်ကျင်းပမည့် အစည်းအဝေးတွင် အသေအချာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိမ်ဖြူတော်ပြန်ကြားရေးဝန်ကြီး ဆာရာဆန်ဒါးက မကြာသေးမီက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် ပူတင်၏ဖိတ်ကြားချက်နှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ထရန့်အနေဖြင့် မော်စကိုသို့ သွားရောက်လည်ပတ်ရေး အပေါ် လမ်းဖွင့်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဂျပန်နိုင်ငံအလယ်ပိုင်းသို့ နာရီအနည်းငယ်အတွင်း ဝင်ရောက်မည်

**တိုကျို ဇူလိုင် ၂၈**

ဂျပန်မိုးလေဝသအရာရှိများက အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းသည် ဂျပန်နိုင်ငံအလယ်ပိုင်း တိုကိုင်ဒေသသို့ ဇူလိုင် ၂၈ ရက်နှောင်းပိုင်းနှင့် ဇူလိုင် ၂၉ ရက် နံနက်ပိုင်း၌ ဝင်ရောက်နိုင်ခြေရှိကြောင်း ပြောခဲ့သည်။ အဆိုပါမုန်တိုင်းသည် အင်အားပြင်းထန်စွာဖြင့် ဝင်ရောက်နိုင်ခြေရှိကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောခဲ့သည်။

ဇူလိုင် ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခန့်က တိုင်ဖွန်းမုန်တိုင်း ဂျွန်ဒါရီသည် အစ်ဇူကျွန်းစု ဟာချီဂျိုဂျီမာကျွန်း၏ အရှေ့အရှေ့မြောက်ယွန်းယွန်း ကီလိုမီတာ ၁၂၀ ခန့်အကွာတွင် တည်ရှိနေကြောင်း သိရသည်။ များမကြာမီ အဆိုပါ မုန်တိုင်းသည် တစ်နာရီကို ၄၅ ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်သို့ ရွေ့လျားလျက်ရှိကြောင်း သိရသည်။

ဂျွန်ဒါရီတိုင်ဖွန်းမုန်တိုင်း၏ အလယ်လေထုဖိအားသည် ၉၇၀ ဟက်တိုပါစကယ်ရှိပြီး အလယ်ဗဟိုအနီးတွင် တစ်နာရီလျှင် လေတိုက်နှုန်းမှာ ၁၂၆ ကီလိုမီတာခန့်ရှိကြောင်း သိရသည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် အနောက်ဘက်သို့ တဖြည်းဖြည်း ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရပြီး အစ်ဇူကျွန်းစုသို့ ဇူလိုင် ၂၈ ရက် နေ့လယ်မှ ညအထိ ဝင်ရောက်နိုင်ခြေရှိကြောင်း ဂျပန်မိုးဇလ အရာရှိများက ပြောသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် အနောက်ဘက်လမ်းကြောင်းအတိုင်း ပုံမှန်ရွေ့လျားနေပြီး မုန်တိုင်းတိုက်ခတ်ရာနေရာတွင် လေတိုက်နှုန်း အပြင်း၊ အပျော့မှာ ကွဲပြားနိုင်ပြီး ထိခိုက်နိုင်ခြေမှာလည်း မတူညီနိုင်ကြောင်း သိရသည်။

ဂျပန်မိုးဇလအေဂျင်စီက မုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားနိုင်ခြေရှိကြောင်းနှင့် အထူးသဖြင့် ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် ပိုမိုဖြစ်ပွားနိုင်ခြေရှိကြောင်း သိရသည်။ အဆိုပါ ဂျပန်နိုင်ငံ အနောက်ပိုင်းသည် ယခုလအစောပိုင်းကလည်း ရေကြီး၊ မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

တချို့စီရင်စုဒေသများတွင် ဒေသခံများကို ပြောင်းရွှေ့မှုများ ပြုလုပ်နိုင်ရန် အသင့်အနေအထားအတိုင်း သတိနှင့်နေထိုင်ကြရန် သက်ဆိုင်ရာအာဏာပိုင်များက တိုက်တွန်းထားသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းကြောင့် လေယာဉ်ခရီးစဉ်များလည်း နှောင့်နှေးမှုဖြစ်ပေါ်ခဲ့ရသလို ပြည်တွင်းလေကြောင်းလိုင်း ၃၀၀ ခန့် ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဂျွန်ဒါရီကြောင့် ဇူလိုင် ၂၈ ရက်က တိုကျိုအရှေ့ဘက် ချီဘာစီရင်စု ကက်ဆူရာမြို့ ကမ်းရိုးတန်းကို လာရောက်ရိုက်ခတ်သော လှိုင်းလုံးကြီးများကို တွေ့ရစဉ်။

နိုင်ငံတကာ သတင်းတိုထွာ

## အမေရိကန်နိုင်ငံ၏ စီးပွားရေး မြင့်တက်

**ဝါရှင်တန် ဇူလိုင် ၂၈**

အမေရိကန်စီးပွားရေးသည် ၂၀၁၈ ဒုတိယလေးလပတ်တွင် ၄ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ယခုကဲ့သို့ မြင့်တက်လာမှုသည် ၂၀၁၄ ခုနှစ် တတိယလေးလပတ်ထက် နှိုင်းစာလျှင် အလွန်လျင်မြန်စွာ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက်က ကုန်သွယ်ရေးဌာနသည် ၎င်း၏ ဧပြီလမှ ဇွန်လအထိ ကနဦး ပြည်တွင်းအသားတင်ထုတ်လုပ်မှုကိန်းဂဏန်းတစ်ခုကို ထုတ်ပြန်ခဲ့သည်။ ယခုလိုတိုးမြင့်မှုသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရ မျှော်မှန်းထားသည့်ပမာဏထက် သုံးရာခိုင်နှုန်း ပိုမိုမြင့်မားနေကြောင်း သိရသည်။

စားသုံးသူသုံးစွဲမှုသည် ဂျီဒီပီ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး ယခင်ထက် ၄ ရာခိုင်နှုန်းတိုးလာသည်။ နိုင်ငံခြားတင်ပို့မှုလည်း ၉ ဒသမ ၃ ရာခိုင်နှုန်းလောက် မြင့်တက်လာခဲ့သည်။ ပူးပေါင်းမြှုပ်နှံမှု ငွေလုံးငွေရင်းသည် ၇ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ သို့သော်လည်း အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုတွင် ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒုတိယလေးလပတ်အထိ ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ကိုယ်ဝန်ဆောင်လင်းပိုင် သတ်သူကို ဖမ်းဆီးပေးပါက ဆုငွေကန်ဒေါ်လာ ၁၁၅၀၀ ရမည်

**မစ္စစ္စပီ ဇူလိုင် ၂၈**

အမေရိကန် ပင်လယ်ကွေ့ကမ်းခြေ၌ ကိုယ်ဝန်ဆောင်လင်းပိုင်ကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သူအား ဖမ်းဆီးနိုင်သူကို ဆုငွေ အမေရိကန်ဒေါ်လာ ၁၁၅၀၀ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုစီမံခန့်ခွဲမှု (NOAA) က ပြောခဲ့သည်။

အဆိုပါ လင်းပိုင်သေကို မစ္စစ္စပီရှိ ဝေ့ဗ်လန့်ဒ်ကမ်းခြေတွင် သေဆုံးလျက်တွေ့ခဲ့ကြောင်း၊ ငါးသေကို စစ်ဆေးသူက အဆိုပါ လင်းပိုင်ငါးမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်ကြောင်း၊ အဆိုပါ လင်းပိုင်ကို သတ်ဖြတ်သူအား ဖမ်းဆီးနိုင်ရေး လူ့အဖွဲ့အစည်းများနှင့် အခြားအုပ်စုများ ပူးပေါင်းကာ ကြိုးစားစေလိုကြောင်း NOAA က ပြောခဲ့သည်။

NOAA ၏ အပြောအရ မက္ကဆီကိုပင်လယ်ကွေ့တွင် လင်းပိုင်များကို အကြမ်းဖက်သတ်ဖြတ်မှုများမှာ မကြာသေးမီနှစ်များအတွင်း မြင့်တက်လာခဲ့ကြောင်း သိရသည်။ ၂၀၀၂ ခုနှစ်ကတည်းက လင်းပိုင် ၂၄ ကောင်ထက်မနည်း မြားဒဏ်ရာ သို့မဟုတ် သေနတ်ဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း NOAA က ပြောခဲ့သည်။ သဘာဝအလျောက်ရှင်သန်ကျက်စားနေသည့် လင်းပိုင်များအား သတ်ဖြတ်ခြင်းကို ပင်လယ်ရေကြောင်း နို့တိုက်သတ္တဝါ ကာကွယ်ရေးဥပဒေ ၁၉၇၂ က တားမြစ်ထားကြောင်း သိရပြီး အဆိုပါတားမြစ်ချက်ကို ချိုးဖောက်သူအား အမေရိကန်ဒေါ်လာ တစ်သိန်းနှင့် ထောင်ဒဏ်တစ်နှစ် ချမှတ်နိုင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# လာအိုဆည်ကျိုးပေါက်မှုကပေးတဲ့ သင်ခန်းစာ

**တင်လင်းအောင်**

**မကြာသေးမီက လာအိုနိုင်ငံ အရှေ့တောင်ပိုင်းပြည်နယ်တစ်ခုဖြစ်တဲ့ Attapeu ပြည်နယ် ဆန်နန်ဆေးခရိုင်မှာရှိတဲ့ ဆောက်လုပ်ဆဲ ရေအားလျှပ်စစ်ဆည်တစ်ခု ပြိုကျမှုဖြစ်ပြီး သေသူသေ၊ ပျောက်ဆုံးသူပျောက်ဆုံးနဲ့ သောကပင်လယ်ဝေနေတဲ့ သတင်းတစ်ခုကို ဝမ်းနည်းဖွယ် ကြားသိလိုက်ရပါတယ်။**



### Xe Pian-Xe Namnoy ဆည်

အဆိုပါ တည်ဆောက်ဆဲဆည်ကို တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ လာအိုနိုင်ငံတို့မှ ကုမ္ပဏီတွေပါဝင်သော ဖက်စပ်ကုမ္ပဏီဖြစ်တဲ့ Xe Pian-Xe Namnoy Power Company က တည်ဆောက်နေတာဖြစ်ပါတယ်။ Xe Pian-Xe Namnoy ရေအားလျှပ်စစ်စီမံကိန်းဟာ ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကုန်ကျမယ်လို့ ခန့်မှန်းထားပြီး နှစ်စဉ် လျှပ်စစ်ဓာတ်အား ခန့်မှန်းခြေ ၄၁၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မယ်လို့လည်း သိရတယ်။ ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးအတွက် ကနဦးလေ့လာမှုတွေကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလမှာ အဆုံးသတ်ခဲ့ပြီး စီမံကိန်းတည်ဆောက်မှုကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်ကာ စီးပွားဖြစ်လည်ပတ်မှုကို မကြာမီ ၂၀၁၉ မှာ စတင်နိုင်တော့မှာဖြစ်တယ်လို့ သိရပါတယ်။

### ဆည်ကျိုးပေါက်မှု

လာအိုနိုင်ငံ အရှေ့တောင်ပိုင်းက အဲဒီ ရေအားလျှပ်စစ်ထုတ်လုပ်တဲ့ ဆည်ကျိုးပေါက်မှု ဖြစ်ပွားခဲ့ရာ ပျောက်ဆုံးသူဦးရေ ၁၃၁ ဦးအထိ ရှိလာပြီ ဖြစ်ကြောင်း လာအိုဝန်ကြီးချုပ် ထောင်လွန်ဆစ်ဆူလစ်က ဗုဒ္ဓဟူးနေ့မှာ ပြောခဲ့ပါတယ်။ ဆည်ကျိုးပေါက်ခဲ့တဲ့အတွက် ရွာပေါင်း ခုနစ်ရွာကို ရေလွှမ်းမိုးခဲ့ကြောင်းနဲ့ လူပေါင်း ၂၇ ဦး သေဆုံးခဲ့တယ်လို့ လာအိုသတင်းဌာနက အတည်ပြုထားပေမယ့်လည်း လာအိုဝန်ကြီးချုပ်က သေဆုံးသူအရေအတွက်ကို အတိအကျ ဖော်ပြပြောဆိုခြင်း မရှိပါဘူး။

ဆည်ကျိုးပေါက်ပြီး ရေလွှမ်းမိုးမှုကြောင့် နေအိမ်ခေါင်မိုးတွေ၊ သစ်ပင်တွေပေါ် လူတွေ တက်နေကြတဲ့ မြင်ကွင်းကို ရုပ်မြင်သံကြားသတင်းတွေမှာ တွေ့လိုက် မြင်လိုက်ရတာဟာ စိတ်နှလုံး ထိခိုက်စရာပါပဲ။ ဆည်ကျိုးပေါက်မှုကြောင့် ရေတွေစီးဆင်းရာ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာပေါင်း ၁၂ ရွာလောက်ဟာ ချက်ချင်းပဲ ရေကြီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဝေဟင်က တွေ့လိုက်ရတဲ့ မြင်ကွင်းဟာလည်း ဘယ်နေရာကြည့်ကြည့် ရေဖွေးဖွေးနဲ့ ကြောက်ခဲ့စရာကောင်းလှပါတယ်။ ဒါပေမယ့်လည်း ရေဘေးသင့်ပြည်သူတွေကို လုံခြုံစိတ်ချရတဲ့ နေရာတွေဆီ ပြောင်းရွှေ့ပေးလိုက်ပြီဖြစ်ကြောင်း လာအိုဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲမှာ ပြောတဲ့ အကြောင်း ကြားလိုက်ရတာဟာ ရေဘေးသင့်ပြည်သူတွေအတွက် တအားဖြစ်ခဲ့ရပါတယ်။

### အိုးမဲ့အိမ်မဲ့ဖြစ်

ဆည်ကျိုးပေါက်မှုကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်တဲ့သူ အရေအတွက်ဟာ ၃၀၆၀ အထိရှိလာပြီး သေဆုံးသူမှာလည်း အခုအခါမှာတော့ အတော်လေးများလာပြီလို့ သိရပါတယ်။ ဆည်ကျိုးပေါက်မှုကြောင့် ရေတွေဟာ ရပ်တန့်သွားတယ်လို့မရှိဘဲ ဆက်လက်စီးဆင်းနေပြီး တခြားရွာငါးရွာမှ ခြောက်ရွာအထိ ရေလွှမ်းမိုးမှုဒဏ် ခံစားနေရတုန်းရှိသေးတာကို သိရပါတယ်။

ဆည်ကျိုးပေါက်မှုကြောင့် နေအိမ်တွေ မျောပါသွားပြီး လူပေါင်းများစွာ သေဆုံးခဲ့သလို ရေဘေးသင့်ပြည်သူတွေအတွက် ကယ်ဆယ်ရေးအကူအညီတွေ ပေးဖို့ Attapeu ပြည်နယ် အုပ်ချုပ်ရေးမှူးရုံးက ကြေညာခဲ့ပါတယ်။ ပါတီ၊ အစိုးရအဖွဲ့အစည်းတွေ၊ စီးပွားရေးအသိုင်းအဝိုင်း၊ တာဝန်ရှိသူတွေ၊ ရဲတပ်ဖွဲ့နဲ့ တပ်မတော်တပ်ဖွဲ့ဝင်တွေ၊ စေတနာရှင် လာအိုနိုင်ငံသားတွေကိုလည်း ရေဘေးသင့်ပြည်သူတွေအတွက် အရေးပေါ်အကူအညီတွေပေးဖို့ မေတ္တာရပ်ခံထားတယ်လို့ သိရပါတယ်။ ဝန်ကြီးချုပ်ကလည်း အထူးကော်မတီဖွဲ့စည်းပြီး လက်ရှိအခြေအနေကို ကိုင်တွယ်နိုင်ရေးနဲ့ ဆည်ကျိုးပေါက်ရတဲ့အကြောင်းရင်းကို ရှာဖွေဖို့ လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ ယခုသီတင်းပတ်အတွင်း အာဏာပိုင်တွေကလည်း ထိခိုက်ခံရသူတွေကို အမြန်ဆုံးကယ်တင်ပေးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

### ရှာဖွေကယ်ဆယ်မှုတွေလုပ်

မိုးခေါင်တဲ့နေရာလည်းဖြစ်၊ ဝေးလံခေါင်သီတဲ့ နေရာလည်းဖြစ်တဲ့ လာအိုနိုင်ငံ Attapeu ပြည်နယ်မှာ တည်ဆောက်ထားတဲ့ ဆည်ကျိုးကျမှုမှာ ပျောက်ဆုံးနေတဲ့ သူတွေကို တရုတ်၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတွေက ကျွမ်းကျင်သူတွေဟာ လာအိုတပ်ဖွဲ့ဝင်တွေ၊ စေတနာရှင်တွေနဲ့အတူ ရှာဖွေကယ်ဆယ်မှုတွေ လုပ်နေပါတယ်။ စင်ကာပူလေတပ်က စီ-၁၃၀ လေယာဉ်တွေလည်း ပထမအသုတ်၊ ဒုတိယအသုတ်ရယ်လို့ ခွဲကာ ကယ်ဆယ်မှုတွေမှာ ပူးပေါင်းပါဝင်ပြီး ရေဘေးဒုက္ခခံစားနေရသူတွေကို အစားအစာတွေ ထောက်ပံ့ပေးခဲ့ပါတယ်။

ကျောင်းတွေကိုလည်း ရေဘေးဒုက္ခသည်တွေ ခိုလှုံရာနေရာအဖြစ် စခန်းဖွင့်လှစ်ဆောင်ရွက်ခဲ့ရသလို မိသားစုပေါင်း ၁၃၀၀ လောက်လည်း ခိုနားရာတွေလိုအပ်လျက်ရှိပါတယ်။ လူသားချင်းစာနာမှုဆိုင်ရာ တိုင်ပင်ညှိနှိုင်းရေးကုလသမဂ္ဂရုံးကလည်း ရေဘေးဒုက္ခဖြစ်နေတဲ့နေရာမှာ လှေနဲ့ ရဟတ်ယာဉ်တွေသာ ပို့ဆောင်ဆက်သွယ်တဲ့နေရာမှာ အသုံးပြုနေရတယ်လို့ ဆိုပါတယ်။

### ကူညီဖို့ ရောက်လာ

"ကျွန်တော်တို့ကို ဘယ်သူမှ ဂရုမစိုက်ဘူးလို့ ထင်နေတာ။ ဘယ်သူမှ လာအိုလိုနိုင်ငံလေးကို မသိဘူးလို့ထင်နေတာ။ တကယ်တမ်း ဆည်ကျိုးကျပြီး သောကပင်လယ်ဝေတော့ နိုင်ငံခြားက လူတွေလည်း ကျွန်တော်တို့ကို ကူညီဖို့ ရောက်လာကြတယ်။ ကျွန်တော့်ရဲ့ ရေဘေးဒုက္ခသည်တွေနဲ့ ပတ်သက်ပြီး ခံစားနေရတဲ့ မချိတင်ကဲ ဝေဒနာလည်း အတော်လေး သက်သောင့်သက်သာ ဖြစ်သွားတယ်" လို့ လာအိုနိုင်ငံသားတစ်ဦးဖြစ်တဲ့ ဆူဖာဗုန်း ဆူနာဗန်က ဆိုပါတယ်။

**"ကျွန်တော်တို့ကို ဘယ်သူမှ ဂရုမစိုက်ဘူးလို့ထင်နေတာ။ ဘယ်သူမှ လာအိုလိုနိုင်ငံလေးကို မသိဘူးလို့ထင်နေတာ။ တကယ်တမ်း ဆည်ကျိုးကျပြီး သောကပင်လယ်ဝေတော့ နိုင်ငံခြားကလူတွေလည်း ကျွန်တော်တို့ကို ကူညီဖို့ ရောက်လာကြတယ်။ ကျွန်တော့်ရဲ့ ရေဘေးဒုက္ခသည်တွေနဲ့ ပတ်သက်ပြီး ခံစားနေရတဲ့ မချိတင်ကဲ ဝေဒနာလည်း အတော်လေး သက်သောင့်သက်သာဖြစ်သွား"**

### လာအိုဆည်ကျိုးမှုက ကမ္ဘောဒီးယားနိုင်ငံကိုလည်း ရိုက်ခတ်

လာအို ဆည်ကျိုးပေါက်မှုဟာ လာအိုတစ်နိုင်ငံတည်းသာမကဘဲ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယားနိုင်ငံကိုလည်း ရိုက်ခတ်ခဲ့ပြီး ကမ္ဘောဒီးယားပြည်သူတွေကိုလည်း အိုးမဲ့အိမ်မဲ့တွေ ဖြစ်စေခဲ့ပါတယ်။ လာအိုဆည်ကျိုးတာဟာ ကမ္ဘောဒီးယားနိုင်ငံနဲ့ ဘယ်လိုဆက်စပ်နေသလဲလို့ သိချင်ပါလိမ့်မယ်။ လာအိုနိုင်ငံ အရှေ့တောင်ပိုင်းနဲ့ ကမ္ဘောဒီးယားနိုင်ငံနယ်စပ်မှာ တည်ဆောက်ထားတဲ့ ဆည်ကျိုးကျမှုမှ စီးဆင်းလာတဲ့ ဆည်ရေတွေဟာ ကမ္ဘောဒီးယားနိုင်ငံ ဆီးခုန်မြစ်ထဲကို စီးဆင်းသွားပြီး မြစ်ရေလျှံမှုတွေ၊ မြစ်ရေကြီးမှုတွေ ဖြစ်ပေါ်လာကာ အဆိုပါ မြစ်ကမ်းတစ်လျှောက် နေထိုင်ကြတဲ့ ကမ္ဘောဒီးယားပြည်သူထောင်ပေါင်းများစွာ ရွှေ့ပြောင်းမှုတွေ ပြုလုပ်ခဲ့ရတယ်လို့ သိရပါတယ်။ ဗုဒ္ဓဟူးနေ့က မြစ်ရေဟာ တချို့ဒေသတွေမှာ ၁၁ ဒသမ ၅ မီတာအထိ မြင့်တက်လာတာကြောင့် တချို့အိမ်များဆိုရင် ရေမြုပ်ခဲ့ပါတယ်။

"ကမ္ဘောဒီးယားနိုင်ငံ အရှေ့မြောက်ပိုင်း စတန်ထရန်ပြည်နယ်မှာရှိတဲ့ ဒေသခံ ၁၂၀၀ လောက်ကို ဘေးကင်းစိတ်ချရပြီး မြင့်မားတဲ့ ကုန်းမြင့်နေရာတွေကို ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်တွေက ပို့ဆောင်ခဲ့ပါတယ်။ ရေတွေလည်း ဆက်လက်ပြီး တက်နေတုန်းပဲ။ ဒါကြောင့် လူတွေကို ဘေးကင်းရာနေရာတွေကို ရွှေ့ပြောင်းမှုတွေ ပိုမိုလုပ်နေရတယ်" လို့ ပြောလိုက်သူကတော့ အစိုးရပြောရေးဆိုခွင့်ရှိသူ မစ္စတာ မန်ကောင်ပဲ ဖြစ်ပါတယ်။

ခရိုင်လေးခရိုင်ရှိ ကျေးရွာပေါင်း ၁၇ ရွာလောက်မှာရှိတဲ့ မိသားစုဝင်တွေကို ဘေးလွတ်ရာ ကယ်ဆယ်မှုတွေ ပြုလုပ်ခဲ့ ပါတယ်။ တပ်မတော်တပ်ဖွဲ့ဝင် ၇၀၀၊ ရဲတပ်ဖွဲ့ဝင်နဲ့ ကယ်ဆယ်ရေးသမားတွေကို ရေဘေးဒုက္ခသည်တွေ ကူညီဖို့ ရေဘေးဒုက္ခခံစားနေရတဲ့ ဒေသတွေကို စေလွှတ်ခဲ့ပါတယ်။

### လူတွေကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်

စတင်ဆန် စင်တာ အရှေ့တောင်အာရှ အစီအစဉ်အကြီးအကဲ ဘရီယန်အိုင်လာက အခုလိုဖြစ်ပွားတာဟာ လူတွေကြောင့်ဖြစ်တဲ့ ဘေးအန္တရာယ်ဆိုတာ သံသယဖြစ်စရာတောင် မလိုတော့ပါဘူးလို့ ပြောခဲ့ပါတယ်။ ကမ္ဘောဒီးယားပြည်သူတွေလည်း အခုလို ရေဘေး၊ ရေကြီးနိုင်မှုအခြေအနေကို သတိထားရမှာဖြစ်တယ်လို့ သူက ပြောခဲ့ပါတယ်။ ဆီးခုန်မြစ်ဟာ မဲခေါင်မြစ်ရဲ့ မြစ်လက်တက်တစ်ခုဖြစ်တာနဲ့အညီ လာအိုနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံကြားမှာ ရေဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနဲ့ သက်ဆိုင်တဲ့ သတိပေး အချက်ပြမှုတွေ မရှိခဲ့ပါဘူးလို့ သူက ပြောပါတယ်။

အခုတော့ ကယ်ဆယ်မှုတွေ ဆောင်ရွက်နေကြပါပြီ။ စိုးရိမ်စရာအခြေအနေကနေ လွန်မြောက်လာနိုင်တော့မှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း တချို့ဆုံးရှုံးမှုကိုတော့ ပြန်လည်အစားထိုးလို့မရသလို ဖြည့်ဆည်းပေးလို့လည်း ရမယ်မထင်ပါဘူး။ တိုးတက်မှုတိုင်းမှာ ဆုတ်ယုတ်မှုဆိုတာ အစဉ်ဒွန်တွဲလျက်ပါ။ လာအိုဆည်ကျိုးကျမှုကနေ ကျွန်တော်တို့ကို သင်ခန်းစာပေးလိုက်တာကတော့ ပြောင်းလဲတိုးတက်မှုတွေ လုပ်ဆောင်တဲ့နေရာမှာ ဖြစ်နိုင်ခြေရှိတဲ့ အန္တရာယ်တွေကိုလည်း ထည့်တွက်ထားရမှာဖြစ်ပြီး သူ့အတွက်လည်း ကြိုတင်ပြင်ဆင်ထားဖို့ လိုတယ်ဆိုတာပဲ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

# ရွှေခရုကျရောက်မှုအပေါ် လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ရန်လို

**နေပြည်တော် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် အပါအဝင် မိုးများ သည့်ဒေသများတွင် ရွှေခရုအန္တရာယ် ကို တောင်သူများ ကြုံတွေ့နေကြရလျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များသည် ဒေသအလိုက်တာဝန်ခွဲယူ ကွင်းဆင်းပြီး ဒေသတာဝန်ရှိသူများနှင့် ပူးပေါင်းကာ တောင်သူများအား အသိပညာပေး ဆွေးနွေးခြင်း၊ ကြုံတွေ့နေကြရသည့် လယ်ယာကဏ္ဍဆိုင်ရာ အခက်အခဲများအား ကူညီဖြေရှင်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးလှမြင့်အောင်၊ မျိုးစေ့ဌာနခွဲ ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင်နှင့်အဖွဲ့သည် ဇူလိုင်လ တတိယပတ်က ကျောင်းကုန်းမြို့နယ် ကောက်ကြီးကုန်းကျေးရွာနှင့် ကန်ကြီးထောင့်မြို့နယ် ရွာသစ်ကုန်းကျေးရွာများရှိ တောင်သူများစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေသော မျိုးသန့်မျိုးစေ့ထုတ် စိုက်ခင်းများအား ကွင်းဆင်းကြည့်ရှုကာ နည်းပညာအကူအညီများ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပိုးသတ်ဆေး ဓာတုဆေးဝါးများအား မဖြစ်မနေသုံးစွဲရန် လိုအပ်ချက်ရှိမှသာ သတ်မှတ်ထားသော နည်းစနစ်များနှင့် ဆေးဝါးအညွှန်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပြီး အသုံးပြုသင့်ကြောင်း၊ ရွှေခရုအန္တရာယ်ကဲ့သို့သော ပြဿနာများကို လူလုပ်အားဖြင့် တိုက်ရိုက်ကောက်ယူ ရှင်းလင်းခြင်း၊ ခရုဥများကို ရှာဖွေဖျက်ဆီးခြင်း၊ သရက်ခွံနာနတ်ခွံနှင့် ဟင်းသီးဟင်းရွက် ဘေးထွက်ပစ္စည်းများ အသုံးပြုပြီး အစာထောင်ချောက်ဆင်ဖမ်းယူခြင်း၊ ရေဝင်ရေထွက်မြောင်းများတွင် ဆန်ခါပိုက်ချဖမ်းယူခြင်း စသည့်နည်းလမ်းများကို အသုံးပြုသင့်ကြောင်း၊ ပျိုးခင်းနှင့် အပင်ငယ်စိုက်ကွင်းများကို အထူးသတိပြုစောင့်ကြည့်ရန် လိုအပ်သည့်နည်းတူ ထုံးမှုန့်၊ တမာကြိတ်ဖတ် စသည့်သဘာဝပစ္စည်းများ ထည့်သွင်းကာကွယ်ခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း၊ ခရုသတ်ဆေးဝါးများသည် လူနှင့်သဘာဝပတ်ဝန်းကျင်အတွက် ထိခိုက်နိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)က ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးများမှ တောင်သူများနှင့် ကွင်းဆင်းတွေ့ဆုံရာတွင် ဆွေးနွေးပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲမှ သရောင်းချောင်းမျိုးသန့်ခြံ၌ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သီးနှံစုံမျိုးသန့်မျိုးစေ့များ အလုံအလောက် အသုံးပြုနိုင်ရန် ရည်ရွယ်၍ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ၊ ပုသိမ်မြို့၌ တည်ဆောက်ထားရှိသော မြေအသုံးချရေးနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်ခွဲခန်းအနေဖြင့် တောင်သူများအား ထိရောက်စွာအကျိုးပြုနိုင်ရေး ဆွေးနွေးမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၊ သဲကုန်း၊ ကြာဖြူကျေးရွာတွင် ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာ ဆောင်ရွက်ထားရှိမှုနှင့် ရွှေခရုနှိမ်နင်းရေး သုတေသနစမ်းသပ်ကွက်ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်တို့တွင် ရွှေခရု ကျရောက်ဖျက်ဆီးနေသော စပါးစိုက်ခင်းများအား ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး ရွှေခရုကျသော စိုက်ခင်းများတွင် ဆေးရွက်ကြီးထည့်၍ စမ်းသပ်ခြင်း၊ တမာကြိတ်ဖတ်ထည့်၍ စမ်းသပ်ခြင်း၊ မျှားစာများ ထည့်၍ စမ်းသပ်ခြင်းများ ပြုလုပ်ကာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဘဲများလွှတ်ကျောင်း၍ နှိမ်နင်းခြင်းစသည့် နည်းလမ်းများကို အသုံးပြုရန်၊ လူနှင့်သဘာဝပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသော အဆိပ်ရှိပိုးသတ်ဆေးများ အားတတ်နိုင်သမျှအသုံးပြုမှု လျော့နည်းစေရေးအတွက် ရွှေခရုကာကွယ်နှိမ်နင်းခြင်းသည် တစ်ဦးတစ်ယောက်ကောင်း ဆောင်ရွက်ခြင်းထက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မှသာ ထိရောက်စွာ ကာကွယ်နိုင်မည်ဟု ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

## ဝက်လက်မြို့နယ်အတွင်း သီးနှံပျက်စီးလယ်မြေများကို အချိန်မီစိုက်ပျိုးနိုင်ရေး ထွန်စက်များဖြင့် ထွန်ယက်ပေး

**ဝက်လက် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း ဇွန်လက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နှမ်းသီးနှံများ ပျက်စီးသည့် လယ်မြေနေရာများတွင် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်အစီး ၆၀ ဖြင့် ထွန်ရေး၊ ထယ်ရေးများ ကူညီလုပ်ဆောင်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ဇွန်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာ ၄၁ အုပ်စုတွင် ၄၈၁၉၅ ဧက ပျက်စီးဆုံးရှုံးခဲ့ရာ ယင်းပျက်စီးဧကများထဲမှ မိုးစပါး ၄၆၇၄၀ ဧက မိုးစပါးပြန်လည်စိုက်ပျိုးသွားရန်အတွက် တောင်သူပိုင်စက်ကိရိယာများ၊ စက်မှုလယ်ယာဦးစီးဌာနပိုင် စက်ကိရိယာများဖြင့် ပြန်လည်ထွန်ယက်လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

“နှမ်းသီးနှံတွေ ပျက်စီးဆုံးရှုံးသွားတဲ့အခါ တောင်သူတွေဘက်က ဆုံးရှုံးမှုတွေ ဖြစ်ပေါ်စေတယ်။ သူတို့ရဲ့ အခက်အခဲတွေကို နိုင်ငံတော်က သင့်တင့်လျောက်ပတ်တဲ့ အကူအညီနဲ့ ဖြေရှင်းဆောင်ရွက်ပေးတာပါ။ စက်မှုလယ်ယာဦးစီးဌာနက စက်ကိရိယာတွေ သွားပြီး အကူအညီပေးတယ်။ တောင်သူတွေအနေနဲ့က ကုန်ကျတဲ့ စက်သုံးဆီကိုတော့ စိုက်ပေးရမယ်။ နှမ်းသီးနှံတွေ ဆုံးရှုံးခဲ့တဲ့အတွက် မိုးစပါးမှာ သင့်တင့်လျောက်ပတ်တဲ့ သွင်းအားစုနဲ့ ထွန်ယက်ရေးကိစ္စတွေ ရှိလာမယ်။ ကျွန်တော်တို့က ထွန်ယက်ရေးကို ကူညီဆောင်ရွက်ပေးသလို စိုက်ပျိုးရေးကလည်း သူတို့တတ်နိုင်တဲ့ဘက်က ကူညီပေးမှာပါ။ ကျွန်တော်တို့က ထွန်ယက်ရေးကို ဆောင်ရွက်ပေးတာပါ။ နောက်ပြီး ဒေသကရှိတဲ့ တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာတွေ ပျက်စီးနေရင်လည်း ကျွန်တော်တို့ဌာနက အခမဲ့ပြင်ဆင်ပေးမှာပါ။ တောင်သူတွေအနေနဲ့ မိုးစပါးစိုက်ပျိုးချိန်အမီ စိုက်ပျိုးနိုင်ဖို့အတွက် ဝိုင်းဝန်းကူညီတဲ့သဘောပါ” ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဇင်က ပြောသည်။

နှမ်းသီးနှံများပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ၄၁ အုပ်စုအနက် ကျေးရွာအုပ်စု ၁၅ စုတွင် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများဖြင့် ထွန်ရေး၊ ထယ်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ကြခြင်းဖြစ်ပြီး ကျေးရွာအုပ်စု ၂၆ အုပ်စုတွင် စက်မှုလယ်ယာဦးစီးဌာနပိုင် မြင်းကောင်ရေ ၄၇ ကောင်အားမှ ၉၀ ကောင်အားရှိ ထွန်စက်ကြီး အစီး ၆၀ ဖြင့် ဇူလိုင် ၇ ရက်မှ စတင်လုပ်ဆောင်ပေးလျက်ရှိရာ ယနေ့အထိ ၁၅၄၂ ဧက ထွန်ယက်ပြီး လွှာပေါင်း ၇၀၈၄ ဧက လုပ်ဆောင်ပြီးဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ပလတ်စတစ်ကြိုးဖြင့် အိတ်ရက်လုပ်နည်း သင်ကြားပေး

**ဝါးခယ်မ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ အနေဖြင့် တစ်နိုင်တစ်ပိုင် စီးပွားဖြစ်လုပ်ငန်း လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ပြီး ပလတ်စတစ်ကြိုးဖြင့် အိတ်ရက်လုပ်နည်း သင်ကြားမှုကို ဇူလိုင် ၂၈ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး Woman club အဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်က ပလတ်စတစ်ကြိုးဖြင့် အိတ်ရက်လုပ်နည်းကို သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ဒေသခံများမှ စိတ်ပါဝင်စားသော သင်တန်းသူ ၂၃ ဦး တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

“သင်ကြားပေးတာကတော့ ဒီနေ့အပြီးသတ် သင်ကြားပေးမှာပါ။ တချို့ကျတော့လည်း ဒါမျိုးလုပ်ရတာ ဝါသနာပါတယ်။ အရင်းအနှီးကလည်း အများကြီး စိုက်ထုတ်စရာ မလိုဘူး။ အားတဲ့အချိန် အိမ်မှာ တစ်နိုင်တစ်ပိုင်လေးလုပ်ရင် အပိုဝင်ငွေရတာပေါ့။ အိတ်ရက်လုပ်တာက အခြေခံအတူတူပဲ၊ ပုံစံကွဲလေးတွေကို စိတ်တိုင်းကျ ဖန်တီးနိုင်တယ်” ဟု သင်တန်းနည်းပြက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**




## ကော့မှူးမြို့နယ်၌ စားသုံးသူများ အန္တရာယ် ကင်းရှင်းစေရေးအတွက် ဈေးအတွင်း လိုက်လံစစ်ဆေး

**ကော့မှူး ဇူလိုင် ၂၈** - စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လုံခြုံစိတ်ချစွာစားသောက်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ရီရီခိုင်နှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးတာဝန်ခံတို့နှင့်ပူးပေါင်း၍ ယနေ့နံနက်က မြို့မဈေးအတွင်း စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဈေးအတွင်းရှိ ကုန်စုံဆိုင်များအား ရန်ကုန်တောင်ပိုင်းခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီဝင်များနှင့်အတူ ကွင်းဆင်း၍ အစားအသောက်နမူနာများ ဝယ်ယူကာ ဓာတ်ခွဲစစ်ဆေးခြင်း၊ တားမြစ်ကုန်ပစ္စည်းများ မြို့မဈေးအတွင်း ရောင်းချခြင်းမရှိစေရေးအတွက် ကွင်းဆင်း၍ စစ်ဆေးပေးနေခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့မှ ဇူလိုင်လ ၂၄ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှ အဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၃။ | ဝိသမလောဘ အေးခါးပြနှင့် အခြားစာစုများ | ကလောင်စုံ | ၄၀၀၀ | ရှင်မတောင် |
| ၂၄။ | NO | စုခြည်ကို | ၃၅၀၀ | ရွှေလက် |
| ၂၅။ | လိုတရလက်တွေ့ရေးအင်္ဂလိပ်စာ | ဆရာဦးတင့်ထွန်း (UTT) | ၄၅၀၀ | အာရုဏ်သစ် |
| ၂၆။ | နိုင်ငံတကာအနိုပ်ပညာ လက်စွဲကျမ်း | ဦးသိန်းအောင်လှိုင် | ၆၀၀၀ | စိတ်ကူးချိုချို |
| ၂၇။ | ဒေါက်တာဂျက်ကဲလ်၏ မစ္စတာပရိုက်ဒ် | ကျော်ထက်ထွန်း | ၁၈၀၀ | စိတ်ကူးချိုချို |
| ၂၈။ | ကြီးပွားချမ်းသာခြင်းသို့ ရက် ၉၀ စီမံကိန်း | ကောင်းသာ | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၉။ | မြန်မာအစနှင့် ရှေးဟောင်းမြန်မာရာဇဝင်ယဉ်ကျေးမှု သုတေသန | ဦးဖိုးလတ် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၀။ | မောင်သက်ငြိမ်ကဗျာများ | မောင်သက်ငြိမ် | ၂၀၀၀ | နှစ်ကာလများ |
| ၃၁။ | အိပ်မက်ထဲ၌တွေ့ရှိသော မြို့တော်အက်ဆေးများ | ကြူးနှစ် | ၃၀၀၀ | နှစ်ကာလများ |
| ၃၂။ | ဘောင်းဘီဝတ်မိုးတိမ် | မောင်သာနိုး | ၂၅၀၀ | နှစ်ကာလများ |
| ၃၃။ | ဂျစ်ပစီတစ်ယောက်ရဲ့ရင်ကွဲပက်လက်လမ်းဆုံး | မင်းခိုက်စိုးစန် | ၂၃၀၀ | စိတ်ကူးချိုချို |
| ၃၄။ | စိတ်ပျော်အောင်နေအသက်ရှည်နှင့်ကျန်းမာစွာနေထိုင်နည်းများ | ကြည်လွင်မြင့် (မုဒြာ) | ၂၀၀၀ | အလင်းသစ် |
| ၃၅။ | ကိုယ့်ဘဝအတွက် ကိုယ်သာယုံကြည်အားထားရာ | အလင်းပွင့် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃၆။ | ခိုးစားတဲ့သစ်သီး | မောင်သာနိုး | ၃၇၀၀ | စိတ်ကူးချိုချို |
| ၃၇။ | ချစ်သူနဲ့တစ်မိနစ်တစ်စက္ကန့် | လရောင်ကျူးရင့် | ၂၅၀၀ | ပတ္တမြားသိုက် |
| ၃၈။ | အစမရှိအဆုံးမရှိသော အရာများ | ဦးကျော်နိုင် | ၄၀၀၀ | ဆုပြည့်စုံထွန်း |
| ၃၉။ | ကုသိုလ်မဖြစ် ကုသိုလ်ဖြစ်သောအလှူဒါန | ဦးကျော်နိုင် | ၃၀၀၀ | ဆုပြည့်စုံထွန်း |
| ၄၀။ | RFA ကိုခင်မောင်စိုး၏ အင်တာဗျူးများ | - | ၂၀၀၀ | ဆုပြည့်စုံထွန်း |
| ၄၁။ | ခေတ်ပြိုင်ဝတ္ထု | သူရိန်(လူလေး) | ၃၀၀၀ | Myanmar Know-ledge Society |
| ၄၂။ | အိမ်ပြေး | နေထက်ထွန်း | ၂၀၀၀ | ယဉ်မျိုး |
| ၄၃။ | ဓမ္မဂါထာပဒေသာ (ဒုတိယတွဲ) | အရှင်အဂ္ဂသာရ (ဓမ္မာစရိယ) | ၁၅၀၀ | ရွှေကျောင်းပျော် |
| ၄၄။ | ဓမ္မဂါထာပဒေသာ (တတိယတွဲ) | အရှင်အဂ္ဂသာရ (ဓမ္မာစရိယ) | ၁၅၀၀ | ရွှေကျောင်းပျော် |

# မိုးမောက်မြို့နယ်အတွင်း တောင်ကျရေများဝင်ရောက်၍ ရေကြီးရေလျှံဖြစ်ကာ တံတားသုံးစင်းပျက်စီး



**မိုးမောက် ဇူလိုင် ၂၈**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်း ဇူလိုင် ၂၇ ရက်က မိုးသည်းထန်စွာရွာသွန်းကာ တောင်ကျရေများ ဝင်ရောက်ခဲ့၍ လူနေရပ်ကွက်နှင့် စာသင်ကျောင်းအတွင်း မိုးရေများ ဝင်ရောက်ကာ တံတားသုံးစင်း ပျက်စီးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၂၇ ရက် က မိုးမောက်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ စီးဆင်းကာ မိုးမောက်ချောင်း (နန်းနဒီချောင်း)မှ ရေကြီးရေလျှံဖြစ်ကာ မိုးမောက်မြို့ အလင်းကောင်ရပ်ကွက်ရှိ လူနေအိမ် ၁၁၄ လုံး၊ ကြေးနန်းရပ်ကွက်ရှိ လူနေအိမ် ၁၅ လုံးနှင့် အခြေခံပညာမူလတန်းကျောင်းအတွင်း ရေများ ဝင်ရောက်ခဲ့ခြင်းကြောင့် မြို့နယ် မီးသတ်စခန်းမှ မီးသတ်ဒုတိယဦးစီးမှူး ဦးစိုးသူထိုက် ဦးဆောင်သည့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ရပ်ကွက်အတွင်းနေ ပြည်သူ ၅၆၆ ဦးအား နီးစပ်ရာဆွေမျိုးသားချင်းများ၏ နေအိမ်များသို့ ရွှေ့ပြောင်းပေးခဲ့ကာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့မှ ရေကြီးရေလျှံမှုဖြစ်စဉ်နှင့် ပတ်သက်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တောင်ကျရေများ စီးဆင်းမှုကြောင့် အရှည်ပေ ၂၇၀၊ အကျယ် ခြောက်ပေရှိ သစ်သားကြမ်းခင်း သံမဏိကြိုးတံတားမှာ ပျက်စီးကာ တံတားထိပ်နှစ်ဖက်ရှိ ခေါက်တိုင်လေးတိုင် နှင့် ၁၁ ကေဗွီ လျှပ်စစ်ကြိုးများ ပျက်စီးခဲ့ပြီး အရှည်ပေ ၂၄၀၊ အကျယ်ပေ ၂၀ ရှိ သံကူကွန်ကရစ်အမျိုးအစား နန့်ကျရီချောင်းကူးတံတားမှာ ၂၅ ပေခန့် ပျက်စီးခဲ့ကြောင်း ကြေးနန်းရပ်ကွက်ရှိ အရှည် ပေ ၁၈၀၊ အကျယ် ၁၂ ပေရှိ ပျဉ်ခင်းကြိုးတံတား ကျိုးကျပျက်စီးကာ ရေစီးနှင့်အတူ မျောပါခဲ့ကြောင်း သိရသည်။

ထို့အတူ ယင်းနေ့ ၁၀ နာရီခွဲက အလင်းကောင် ရပ်ကွက်အတွင်း မိုးမောက်-လွယ်ဂျယ် ကားလမ်းမပေါ်သို့ လုံးပတ်ပေ ၂၀ ခန့်၊ အမြင့်ပေ ၈၀ ခန့်ရှိ ကုက္ကိုပင်လဲကျ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ခုတ်ထွင်ရှင်းလင်းခဲ့၍ ညနေ ၃ နာရီခန့်တွင် လမ်းကြောင်းပြန်လည်ပွင့်ခဲ့ပြီး ပုံမှန်အတိုင်း သွားလာနိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ဖာပွန်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ရေအနည်းငယ်လျော့နည်းသွားသော်လည်း ယနေ့အထိ အိမ်ခြေ ၂၉၆ အိမ် ရေနစ်မြုပ်



**ဖာပွန် ဇူလိုင် ၂၈**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်၌ ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ယမန်နေ့က ရေလျော့နည်းသွားသော်လည်း ရပ်ကွက်၊ ကျေးရွာများတွင် အိမ်ခြေ ၂၉၆ အိမ် ရေနစ်မြုပ်ခြင်းနှင့် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းရေလျော့နည်းသွားသော်လည်း ဖာပွန်မြို့ အမှတ် (၂) ရပ်ကွက်နှင့် မကာဟဲအပိုင်း၊ ဝေ့နောင်၊ ကုလားကိုင်း၊ ရှမ်းကိုင်းနှင့် အနောက်ဘက်ကမ်းကျေးရွာတို့တွင် အိမ်ခြေ ၂၉၆ အိမ် ရေနစ်မြုပ်ခြင်းနှင့် အမှတ် (၁) ရပ်ကွက်၊ အမှတ် (၄) ရပ်ကွက်၊ ကူးဆိပ်ကျေးရွာတို့တွင် ရေဝင်ရောက်မှုများ ရှိနေသေးကြောင်း သိရသည်။ အမှတ် (၂) ရပ်ကွက်တွင် အိမ်ခြေ ၂၂၇ အိမ်ရှိသည့်အနက် အိမ်ခြေ ရှစ်အိမ်နှင့် မကာဟဲအပိုင်းတွင် အိမ်ခြေ ၅၁ အိမ်ရှိ လူဦးရေ ၂၅၇ ဦး၊ ဝေ့နောင်ကျေးရွာတွင် အိမ်ခြေ ၄၀ ရှိသည့်အနက် ၂၇ အိမ်ရှိ လူဦးရေ ၁၀၀၊ ရှမ်းကိုင်းကျေးရွာတွင် အိမ်ခြေ ၅၅ အိမ်၊ ကုလားကိုင်းကျေးရွာတွင် အိမ်ခြေ ၇၇ အိမ်ရှိ လူဦးရေ ၄၀၄ ဦးနှင့် အနောက်ဘက်ကမ်းကျေးရွာ အိမ်ခြေ ၁၆၀ တို့တွင် ရေနစ်မြုပ်ခြင်းနှင့် အဆိုပါရပ်ကွက်နှင့် ကျေးရွာများအတွင်း ရေဝင်ရောက်မှု ဖြစ်ပေါ်လျက်ရှိရာ ယင်းကျေးရွာများရှိ ကျန်ရှိနေသည့် အိမ်ထောင်စုများအနေဖြင့် ဆွေမျိုးများ၏ နေအိမ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။ အလားတူ ဖာပွန်မြို့ အမှတ် (၁)၊ အမှတ် (၄) ရပ်ကွက် မြစ်ကမ်းနံဘေးရှိ နေအိမ်များနှင့် ကူးဆိပ်ကျေးရွာအနိမ့်ပိုင်းရှိ နေအိမ်အားလုံး နှင့် ဝေ့မှုန်ကျေးရွာရှိ နေအိမ်အချို့တွင် ရေဝင်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ အနောက်ဘက်ကမ်း၊ ဝေ့နောင်၊ ရှမ်းကိုင်းနှင့် ကုလားကိုင်းကျေးရွာများတွင် တစ်ရွာလုံးရေဝင်ရောက်မှု ဖြစ်ပွားလျက်ရှိရာ သွားလာရခက်ခဲလျက်ရှိကြောင်းနှင့် လှေများဖြင့်သာ သွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဝင်ရောက်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**မျိုးဆက်သစ်(ဘားအံ)**

## သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ်ရပ်ကွက်များတွင် အမှိုက်ပုံးများထားရှိပေး

**သုံးခွ ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်ပုံးကြီးများကို မြို့ပေါ်ရပ်ကွက် လူစည်ကားရာ လမ်းဆုံလမ်းခွ ကားလမ်းများဘေး၌ ထားရှိပေးထားသည်ကို ဇူလိုင် ၂၈ ရက်က တွေ့မြင်ရသည်။ မြို့သူမြို့သားများ အမှိုက်ပုံးတွင် အမှိုက်များ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ မြို့သန့်ရှင်းသာယာလှပစေရန်၊ ကျန်းမာရေးနှင့် ညီညွတ်စေရန် ရည်ရွယ်၍ အမှိုက်ပုံးအသစ်များကို မင်းရဲကျော်စွာ လမ်း၊ မဂ္ဂင်လမ်း၊ မြနန္ဒာလမ်း၊ တပင်ရွှေထီးလမ်း၊ အနော်ရထာလမ်း၊ ဓမ္မစေတီလမ်းတို့တွင် စုစုပေါင်း ပုံး ၂၀ ခန့် ထားရှိပေးထားကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**ကိုကျော်(သုံးခွ)**




## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၇-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၃၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၃၀ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၄၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၇၅/၉၀၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၀ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၇ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၇၅ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၀ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၅ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၈၇ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၄ ・ ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ ・ ၇၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၇၆၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ ・ ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၂ ・ ၃၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ ・ ၀၂၁ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း


**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR DigitalNews Presented by NPE www.mdn.gov.mm



HTOO






ကာတွန်း မိုးရှာ
မိညှက်
မိညှက် နှင့် အစ်ကိုကြီး မှာထားတဲ့.. ရွှေငါးလေး နှစ်ကောင် ယူသွား
ဟုတ်
လမ်းတွင်..
ဟင်.. လမ်းက ရေတွေ ချည်းပဲ..
ရေတွေက နောက်ကျိဖြီး ခြေထောက်နဲ့ ထိရမှာ ရွံ့စရာကြီး..
အဲဒီ တော့..
ဟဲ.. ဟဲ.. အကြံ ပိုင်သော.. မိညှက်
အိမ်ရောက် သော်..
ဟင်.. နင်က အဲလို ဇလုံ စီးပြီး..လာ တယ် ဆိုတော့.. ငါးတွေက ဘယ်မှာလဲ.
မိညှက်က ခြေထောက်ရေစိုမှာ စိုးလို့.. ဇလုံ စီးပြီး..လာပေမယ့်.. ငါးလေး တွေကတော့.. ငါးဆိုတော့ ရေစိုလည်း အကြောင်းမဟုတ် ဘူးလေ..
ဒါကြောင့် သူတို့ကိုရေထဲမှာ လွှတ်ပြီး၊ ခေါ်လာခဲ့တယ်.. သွား.. ခေါ်လိုက်ဦး...
ဖြိုး


မိုး သာ ဝင်း
သား.. ကျောင်းမတက်ချင်တော့ဘူး ဖေကြီး..
ဟာ.. ဘာဖြစ်လို့တုန်း ကွ..
ကျောင်းမှာ ဆရာမက.. ရိုက်လို့လား
မရိုက်ပါ ဘူး..
ဒါဖြင့် အကျပ်ပေးလို့လား ဆူလို့လား.. ?
မဟုတ်ပါ ဘူး..
ဒါဖြင့်.. ဘာလို့ ကျောင်းမတက်ချင်ရတာ လဲကွ..
ကျောင်းမှာ ကစားချိန်နည်းလို့ ဖေကြီးရ..
ငါ့နှာ..


ကာတွန်း စမ်းချောင်းကိုကိုအောင်
လုံးလေး၊ မင်းရဲ့ ပဲလှော်၊ငါ့ကိုလည်းကျွေး ပါလား၊
မင်းငါ့ကို တွေ့အောင်ရှာနိုင်ရင် ကျွေးမယ်၊ မျက်စိမှိတ်ပြီးတစ် ကနေတစ်ရာအထိ ရေနေ၊
ပဲလှော်မကုန်ခင်တွေ့ အောင်ရှာနော်၊
၁.၂.၃.၄.၅.၆ ၇.၈.၉.၁၀×××
××၉၈.၉၉.၁၀၀ ×××
ပြေးနိုင်မှလွတ် မှာနော်...၊
သဲလွန်စကေ၊ဒီမှာဆုံးပြီ၊ ထွက်ခဲ့တော့၊
ဟိုး..ပဲလှော်ခွံတွေကို ခြေရာခံလိုက်တော့မိပြီ ပေါ့၊

# ကိုယ့်ယဉ်ကျေးမှု တန်ဖိုးထားထိန်းသိမ်း

ခင်မေခ

ကျွန်မတို့ နိုင်ငံဟာ ဟိုး… ရှေးပဝေသဏီကတည်းက ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းနဲ့ ရွှေထီးဆောင်းနေထိုင်လာကြပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ သမိုင်းကြောင်းကောင်းခဲ့တဲ့ အမိမြန်မာပြည်ကြီး ဖြစ်ပါတယ်ရှင်။ မိမိနိုင်ငံရဲ့ အမျိုးသားယဉ်ကျေးမှုကို မတိမ်ကော၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာလည်း အမျိုးသားရေး တာဝန်တစ်ရပ်ပင်ဖြစ်ပါတယ်။ ယဉ်ကျေးမှုကို အဓိပ္ပာယ်ဖွင့်ဆိုကြရာမှာ ဆရာမနုသကျော်ဝင်းရဲ့စာမှာ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု ဆိုသည်မှာ ထိုလူမျိုးတို့ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းမှန်သမျှ၊ ထိုလူမျိုးတို့ ပြောဆိုသော ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည် ကိုးကွယ်မှု၊ လူမှုဆက်ဆံရေးစနစ်၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်နှင့် ဓလေ့စရိုက်၊ လက်မှုအနုပညာနှင့် အနုသုခုမပညာတို့ ပေါင်းခြုံထားမှုဖြစ်သည်ဟု မနုဿဗေဒပညာရှင်များက အနက် အဓိပ္ပာယ်ဖွင့်ဆိုကြောင်းကို ဖတ်မိမှတ်သားမိပါတယ်။

**ဝတ်စားဆင်ယင်ထုံးဖွဲ့မှု**

မြန်မာလူမျိုးတွေရဲ့ ဆင်ယင်ထုံးဖွဲ့မှုတွေဟာ သမိုင်းစဉ်ဆက် မှတ်တမ်းကမွည်း ကျန်ခဲ့ကြပါတယ်။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံခေတ်၊ အင်းဝခေတ်၊ ဒုတိယအင်းဝခေတ် (ညောင်ရမ်းခေတ်)၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်၊ ကုန်းဘောင် အမရပူရခေတ်၊ ရတနာပုံခေတ်၊ ကိုလိုနီခေတ်နဲ့ လွတ်လပ်ရေးခေတ်မှစလို့ ယနေ့ခေတ်အထိ ဘယ်ခေတ်က ဘယ်လိုဝတ်တယ်၊ ဆံထုံးတွေ ဘယ်လိုထုံးတယ်၊ ဆံပင်တွေ ဘယ်လို ဆင်ယင်ဖြီးသင်တယ်၊ ပွဲလမ်းသဘင်အလိုက် အရွယ်အလိုက် ရာသီအလိုက်တိတိပပ အမိန့်ညွှန်ကြားချက်နှင့် သတ်မှတ်မထားပေမယ့် မိရိုးဖလာ ရိုးရာဓလေ့ ထုံးစံများနှင့်အညီ စံပြုဝတ်ဆင်ကြပါတယ်။ ဒီလို ဝတ်ဆင်ရာမှာလည်း မိဖုရား၊ ဘုရင့်သားသမီးများ၊ စာဆိုတော်များ၊ သဘင်သည်များရဲ့ ဆင်ယင်ထုံးဖွဲ့မှုတွေဟာ စံတစ်ခုအနေနဲ့ ကျန်ရစ်ခဲ့ကြတာဖြစ်ပါတယ်။ ရဝေရှင်ထွေးရဲ့မြန်မာ နန်းတွင်းသူတို့ ပုဂံခေတ် ဆံထုံးထုံးနည်း ၅၅ မျိုးသည်လည်း အန်ချင်းတစ်ပုဒ်အနေနဲ့ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီလို လက်ဆင့်ကမ်း သယ်ဆောင်လာတဲ့ မှတ်တမ်းတွေဟာ နောင်လည်း ခေတ်အဆက်ဆက် သမိုင်းမှာ ဖော်ပြကြရမှာ ဖြစ်ပါတယ်။ ဘယ်သူတွေရဲ့ ဝတ်ဆင်မှုကို စံပြုကြသလဲ၊ အတုယူကြသလဲဆိုရင် အနုပညာသည်တွေရဲ့ ဝတ်ဆင်မှု၊ အခုခေတ်စားနေတဲ့ Celebrities တွေရဲ့ ဝတ်ဆင်မှုတွေဟာ လူငယ်တွေကြားမှာ အတုယူရေပန်းစားပါတယ်။ ယခင် ကိုလိုနီခေတ်၊ စစ်ကြိုခေတ်မှာ အင်္ကျီပါး ခေတ်ထဖူးပါတယ်။ အထဲက အတွင်းခံဘော်လီအတိုင်းသား မြင်ရပြီး အင်္ကျီပါးဝတ်တဲ့ အမျိုးသမီးတွေကို ရဟန်း၊ သံဃာများက တိုက်ဂျိတ်ကြီးကြီးနဲ့ ကျောဘက်ကနေထိုးခဲ့ကြတာကို ဖတ်ဖူးပါတယ်။

> **“အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ အကြီးကြီးတွေ တွေးနေစရာမလိုပါဘူး။ မိမိတစ်ကိုယ်စာ ဆင်ယင်ထုံးဖွဲ့မှုဟာ ဟိရိသြတ္တပ္ပဆိုတဲ့ အရှက်နှင့် အကြောက်တရားအခြေခံပြီး ဝတ်ဆင်ခြင်းဟာ တစ်နိုင်တစ်ပိုင် မိမိလူမျိုးရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပဲဖြစ်”**

နောက်ပိုင်းမှာ မင်းသမီးတွေရဲ့ ဝတ်စားဆင်ယင်မှု၊ ဒေါ်ခင်ယုမေရဲ့ထဘီတိုတို၊ ဒေါ်စမ်းစမ်းအေးရဲ့သမင်မျက်လုံးလုံချည်ဒီဇိုင်း၊ ဒေါ်ခင်သန်းနုရဲ့ သကြံန်မိုးဖက်ရှင်၊ ဒေါ်ဒေစီကျော်ဝင်းရဲ့ မောင့်မူပိုင်ရှင်ဖက်ရှင်၊ ခင်သီတာထွန်း၊ မို့မို့မြင့်အောင်စတဲ့ အနုပညာရှင်တွေရဲ့ ဆင်ယင်မှုတွေ၊ ဆံပင်မှာဆိုလည်း ဒိုင်ယာနာမင်းသမီးဆံပင်၊ ဟေမာနေဝင်း အကြေကောက် ပြောစမှတ်ကျန်ခဲ့တာပါပဲ။ ဘယ်လိုပဲ ဝတ်ဆင်ဝတ်ဆင် မြန်မာအမျိုးသမီးတွေရဲ့ Classic ဝတ်ဆင်မှုက ထဘီနှင့် အင်္ကျီပါပဲ။ အရှက်လုံစွာ ဝတ်ဆင်ခြင်းသည် အလှတစ်ပါးဖြစ်ပါတယ်။ ဖော်မှ ချွတ်မှ လှတယ်ထင်ကြတာဟာ လွဲမှားတဲ့ အယူအဆတွေ ဖြစ်ပါတယ်။

ယခင်က ရုပ်ရှင်တွေမှာ ဆင်ဆာအဖွဲ့တွေ တင်းတင်းကျပ်ကျပ်တားမြစ်တယ်၊ စာပေစိစစ်ကလည်း စာအုပ်နှင့် စာစောင်တွေမှာ စည်းကမ်းတကျစိစစ်တယ်။ ယခုကတော့ ဒီမိုကရေစီခေတ်ဖြစ်တဲ့အတွက် ပွင့်လင်းမြင်သာဖြစ်ပါတယ်။ Facebook တွေမှာလည်း စိတ်တိုင်းကျ၊ စိတ်ထင်တိုင်း ဖော်ပြကြသလို စာစောင်တွေမှာလည်း ပလူပျံနေတာပါပဲ။ မြန်မာအမျိုးသမီး တစ်ဦးဟာ မိမိရဲ့ အသားမြတ်လုံခြုံအောင် အတွင်းခံရင်စည်း၊ ဘော်လီနှင့် ထိန်းသိမ်းဝတ်ဆင်ရပါတယ်။ ရေကူးအင်္ကျီသာသာနဲ့ အတွင်းခံမပါဘဲ လူပုံအလယ် လျှောက်သွားနေသူများ တွေ့ရသလို၊ တကယ့်အဓိကနေရာမှာမှ ဖောက်ပြီး ထင်ထင်ရှားရှား ပြသနေတဲ့ အနုပညာရှင်တွေကိုလည်း တွေ့မြင်နေရပါတယ်။ Facebook မှာ ကိုယ်ပိုင် Page ထောင်ပြီး ထင်တိုင်းကြဲ ဖော်ပြနေတော့တာပါပဲ။

**မြန်မာစိတ်အရင်းခံရှိကြတဲ့ မြန်မာလူမျိုးတွေ**

ရေကူးဝတ်စုံမချွတ်တဲ့ မင်းသမီးတွေ ၊ အရှေ့ကနေ ခွဲထားတဲ့စကတ်၊ ဂါဝန်၊ ထဘီကလည်း အတွင်းခံအထိ ပေါ်အောင်ခွဲပြီး လျှောက်ပြနေတာတွေဟာလည်း အမြင်ရ ဆိုးလှပါတယ်။ တချို့ကလည်း ဒီမိုကရေစီခေတ်ဖြစ်တယ်၊ မိမိစိတ်ကြိုက် လွတ်လပ်စွာဝတ်ဆင်ခွင့်ရှိတယ်၊ ပြောမယ်ဆိုမယ်၊ မိမိတို့ ဝတ်ဆင်တာကို ဖွဲ့ဘုတ်မှာ ရှုတ်ချရေးတာတွေကို ၆၆ (ဃ) နှင့် တရားစွဲမယ်လို့လည်း ပြောတာကိုလည်း အံ့သြစွာ ကြားရပါတယ်။ တချို့ကလည်း လှလို့ပြတာ ဘာဖြစ်လဲ၊ ပြုပါစေ၊ ကြည့်လို့ကောင်းတယ်လို့ ဘုံမြှောက်နေသူတွေလည်း ရှိပါတယ်။ များသောအားဖြင့် မြန်မာစိတ်အရင်းခံရှိကြတဲ့ မြန်မာလူမျိုးတွေကတော့ ရှုတ်ချ၊ ပြစ်တင်နေကြတာတွေ ကြားနေ၊ ဖတ်နေရပါတယ်။

ဘယ်လောက် ခေတ်လွန်နေတယ်ပဲပြောပြော အရှက်ကုန်စွာ ဝတ်ဆင်ကြတာကိုတော့ မကြိုက်ကြပါဘူး။ လက်မခံကြပါဘူး။ အဲ…ကိုယ့်ဘာသာကိုယ် စိတ်ကြိုက်ဝတ်တာ ဘယ်သူ့ကို ထိခိုက်သလဲလို့မေးလာရင် ကျွန်မကတော့ ဖြေလိုက်ချင်ပါတယ်။ မြန်မာအမျိုးသမီးတစ်ယောက်ရဲ့ ဆင်ယင်ထုံးဖွဲ့မှုဟာ မြန်မာအမျိုးသမီးထုအားလုံးကို ကိုယ်စားပြုတယ်လို့ဆိုပါမယ်။ တက်တူးထိုးတာ၊ ဆံပင်အရောင်ဆိုး၊ သရုပ်ပျက်ထုံးဖွဲ့တာတွေ ဘာမှမပြောလိုသော်လည်း လုံခြုံစွာဝတ်ဆင်ဖို့တော့ ပြောလိုပါတယ်။ မမြင်ဝံ့တဲ့ မမြင်အပ်တဲ့ အသားစိုင်များကို လူမှုကွန်ရက်တွေမှာ ဖောဖောသီသီ ဖော်ပြနေတာကတော့ ကျွန်မတို့အမျိုးသမီးအားလုံးကို မျက်နှာပူ အရှက်ရစေပါတယ်။ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ အကြီးကြီးတွေ တွေးနေစရာမလိုပါဘူး။ မိမိတစ်ကိုယ်စာ ဆင်ယင်ထုံးဖွဲ့မှုဟာ ဟိရိသြတ္တပ္ပဆိုတဲ့ အရှက်နှင့်အကြောက်တရား အခြေခံပြီး ဝတ်ဆင်ခြင်းဟာ တစ်နိုင်တစ်ပိုင် မိမိလူမျိုးရဲ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပဲ ဖြစ်ပါတယ်။

**ဆုံးမသွန်သင်ကြဖို့လို**

ဒီ့ထက် မြင့်မြင့်တွေးမယ်ဆိုရင် ဒါဟာအမျိုးသားရေးတာဝန်ပါပဲ။ ဒါလေး ဝတ်တာများကွာ ကြီးကြီးကျယ်ကျယ် ပြောနေတယ်လို့ ထင်ကောင်းထင်တဲ့ သူတွေရှိပါလိမ့်မယ်။ ကျွန်မတို့အဖို့ကတော့ ဒါလေးမဟုတ်ပါဘူး… ဒါကြီးပါ။ ထူးပေါက် (ရေစိမ့်ပေါက်) သေးသေးလေး တစ်ခုမပိတ်မိတာနဲ့ ဆည်ကြီးတစ်ခုလုံး အကျိုးမခံနိုင်ပါဘူး။ မပြောဘဲ၊ မတားမြစ်ဘဲ နေပြီး လက်ခံရာကနေ အဖော်အချွတ် ဝတ်ဆင်မှုတွေဟာ မြန်မာ့ယဉ်ကျေးမှုလို့ အမှားကို အမှန်ထင် သတ်မှတ်မခံနိုင်ပါဘူးရှင်။ ကိုယ့်မိသားစုအတွင်း မတော်တာတွေ့ရင် မသင့်တာတွေ့ရင် အမိ၊ အဘ၊ မိကြီး၊ ဒေါ်ကြီး၊ ဘကြီး၊ အစ်ကို၊ အစ်မများက နားလည်အောင် ဆုံးမသွန်သင်ကြဖို့လိုပါတယ်။ ဖျောင်းဖျပြောဆိုလို့မရရင် အကြောက်နဲ့ ထိန်းကွပ်ရမှာဖြစ်ပါတယ်။ ဖွဲ့ဘုတ်ပေါ်မှာ၊ စာစောင်ပေါ်မှာ မဖွယ်မရာပုံတွေတင်ရင် သူတို့ပြောပြောနေတဲ့ ၆၆ (ဃ)နှင့် အရေးယူလို့ မရဘူးလား၊ အရေးမယူသင့်ဘူးလား၊ လူ့ဘောင် လူ့အသိုက်အဝန်းက အဆုံးအဖြတ် ပေးသင့်ပါတယ်။ ဖော်မှ ချွတ်မှ လှမယ်ထင်တယ်။ ဖော်မယ် ချွတ်မယ် မပြင်ချင် ဘူးဆိုရင်တော့ မြန်မာလူမျိုးလို့ ခံယူထားတဲ့ဘဝကို စွန့်လွှတ် လိုက်စေချင်ပါတယ်။ ဤကဲ့သို့ ဝတ်စားဆင်ယင်မှုတွေ ဝတ်နေတဲ့ လူမျိုးများရှိရာ တိုင်းပြည်သို့သာ သွားနေကြပါတော့လို့ အကြံပြုလိုက်ပါတယ်ရှင်။ ။

---

# လွိုင်ကော်မြို့တွင်း လမ်းဆုံလမ်းခွများတွင် ယာဉ်ထိန်းအချက်ပြမီးပွိုင့်များ တိုးချဲ့တပ်ဆင်

**လွိုင်ကော် ဇူလိုင် ၂၈**

ကယားပြည်နယ် လွိုင်ကော်မြို့တွင် မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာလျက် စနစ်တကျမောင်းနှင်ကြခြင်းဖြင့် ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် မြို့တွင်းလမ်းဆုံလမ်းခွများ၌ ယာဉ်ထိန်းအချက်ပြမီးပွိုင့်များ တိုးချဲ့တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ လွိုင်ကော်မြို့ မင်းစုရပ်ကွက်အတွင်း ကန္တာရဝတီနှင့် ဒေါနိုးကူးလမ်းဆုံ၊ ရွှေတောင်ရပ်ကွက်အတွင်း ကန္တာရဝတီနှင့် လောပိတလမ်းဆုံ၊ မိုင်းလုံးရပ်ကွက်အတွင်း ကန္တာရဝတီနှင့် နှင်းဆီလမ်းဆုံ၊ ဒေါဥခူရပ်ကွက်အတွင်း ဦးသီရိနှင့် ၄ လမ်းဆုံ နောင်ယား (က) ရပ်ကွက်အတွင်း ဦးသီရိနှင့် ၈ လမ်းဆုံ၊ နောင်ယား (က) ရပ်ကွက်အတွင်း ဦးနီနှင့် ၈ လမ်းဆုံ၊ ဈေးပိုင်းရပ်ကွက်အတွင်း ပဒေသာနှင့် ၄ လမ်းဆုံနှင့် ဈေးပိုင်းရပ်ကွက်အတွင်း ကန္တာရဝတီ၊ ပဒေသာနှင့် ပိတောက်လမ်းဆုံ စုစုပေါင်းလမ်းဆုံလမ်းခွ ရှစ်နေရာတို့တွင်




ယာဉ်ထိန်းအချက်ပြမီးပွိုင့်များ တပ်ဆင်ထားရှိပြီး လိုအပ်ချက်ရှိသည့်နေရာများတွင် ထပ်မံတိုးချဲ့တပ်ဆင်သွားရန်ရှိကြောင်း အမှတ်(၂)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (ကယား)ထံမှ သိရသည်။

“ယာဉ်ထိန်းအချက်ပြမီးပွိုင့်တပ်ဆင်ထားခြင်း မရှိသေးသော်လည်း လိုအပ်ချက်မြင့်မားတဲ့ စာတိုက်အဝိုင်း၊ အထက(၁)လမ်းထောင့်၊ အထက(၂) ရှေ့လိုနေရာမျိုးတွေမှာ ယာဉ်ထိန်းရဲ တာဝန်ချထားပါတယ်” ဟု အမှတ်(၂) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (ကယား)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုအခါ ကယားပြည်နယ်အတွင်း မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် ပညာပေးဟောပြောမှုများ ပြုလုပ်ခြင်း၊ ရှောင်တခင် စစ်ဆေးအရေးယူခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်တပ်ဆင်ခြင်း၊ အချက်ပြမီးပွိုင့် တပ်ဆင်ခြင်း စသည့်လုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

---

# တရားရုံးများစစ်တမ်းကောက်ယူရေး ဆင့်ပွားသင်တန်းဖွင့်

**ညောင်ဦး ဇူလိုင် ၂၈**

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အတွက် တရားရုံးများ စစ်တမ်းကောက်ယူရေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၂)ဖွင့်ပွဲ အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုက နိုင်ငံတစ်ဝန်းတရားရုံးများတွင် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် Case Management Program ကို ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တရားရုံးများ၏ အခြေခံအချက်အလက်များ ကောက်ယူရန် ယခုသင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

သင်တန်းသို့ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင်အတွင်းရှိ တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများ စုစုပေါင်း ၃၃ ဦးတက်ရောက်ပြီး သုံးရက်တာပို့ချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

---

# မူခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်တံခါး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ရဲစခန်းအပိုင်၌ စခန်းမှူး ဒုရဲမှူးဇော်ထွန်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မူခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ကျေးရွာအရောက် ပြည်သူများနှင့်တွေ့ဆုံကာ နေ့/ည သုံးရက်ကြာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ လုပ်ငန်းများ ဆောင်ရွက်ရာ၌ ကျောက်တံခါးမြို့မစခန်းမှ နယ်ထိန်းတပ်ကြပ်မင်းမင်းထွန်းဦးစီးသောအဖွဲ့က တောင်ခင်ကျေးရွာအုပ်စု၊ ကန်ကလေးကျေးရွာအုပ်စု၊ ကျေးရိုးကျေးရွာအုပ်စုတို့မှ ကျေးရွာများသို့ သွားရောက်ကာပြည်သူများနှင့် တွေ့ဆုံ၍ မူခင်းများမဖြစ်ပေါ်စေရေး၊ မူခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အသိပညာပေးဟောပြောခြင်းတို့ကို ဇူလိုင် ၂၅ ရက် မှ ၂၇ ရက်အထိ သုံးရက်ကြာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

---

# စပါးစိုက်နည်းစနစ် လက်တွေ့သရုပ်ပြ

**သီပေါ ဇူလိုင် ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဒေသအတွင်းရှိ တောင်သူလယ်သမားများ စီးပွားရေးတွက်ခြေကိုက်သည့် စိုက်ပျိုးနည်းစနစ် ရွေးချယ်နိုင်ရန် စပါးစိုက်ပျိုးနည်းစနစ်များဖြစ်သော SRI ၊ GAP စသည့် လက်တွေ့သရုပ်ပြနည်းပညာကို ဇူလိုင်လ တတိယပတ်က တောင်သူ ၇၅ ဦးအား မျှဝေပေးခဲ့သည်။ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပျိုးထောင်ချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့သည်အထိ နည်းပညာပံ့ပိုးခြင်း၊ လက်တွေ့ပျိုးထောင်ခြင်းများဖြင့် တောင်သူများအား ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# မိတ်ဆွေကောင်း၊ မိတ်ဆွေစစ်၊ မိတ်ဆွေမှန် စိတ်ဓာတ်မွေးမြူပါ

ဒေါက်တာ-မြတ်မိုး



၁၉၃၀ ပြည့်နှစ်မှစ၍ ဩဂုတ်လ (၂) ရက်ရောက်တိုင်း မိတ်ဆွေများ အထိမ်းအမှတ်ရက်တစ်ရက်သတ်မှတ်ပြီး ခင်မင်မှုအထိမ်းအမှတ်ကတ်ကလေးတွေ ပြုလုပ်ရောင်းချရာမှ စတင်ခဲ့တဲ့ ခင်မင်မှု အထိမ်းအမှတ်ပြုရက်တစ်ရက်၊ ဒီအထိမ်း အမှတ်ကတ်ကလေးတွေကို ရောင်းကြဝယ်ကြဖလှယ်ကြရာ စီးပွားရေး အမြတ်ထုတ်ကြတဲ့ လုပ်ငန်းတစ်ခုအဖြစ် အများပြည်သူက မြင်လာကြရာမှ အမေရိကမှာ ၁၉၄၀ ပြည့်နှစ် နှစ်လယ်လောက်မှစ၍ တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ဖူးပါတယ်။ အာရှမှာတော့ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေများအကြား လက်ဆောင်များ ဖလှယ်ကြခြင်းဖြင့် အခမ်းအနားလေးတွေကျင်းပတဲ့ နှစ်တစ်နှစ်ရဲ့ ရက်တစ်ရက်ရက်ကို Friendship day အဖြစ် သတ်မှတ်ခဲ့ကြတဲ့ရာဇဝင်လည်း ရှိခဲ့ပါတယ်။

## တည်ငြိမ်အေးချမ်းရေးပြယုဂ်

ကမ္ဘာကြီးအနေနဲ့ မိတ်ဆွေမရှိရင် ငြီးငွေ့စရာကောင်းတဲ့ ကမ္ဘာကြီးမဖြစ်စေဖို့ ကမ္ဘာ့မိတ်ဆွေများကောင်းကျိုးပြု အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုက ၁၉၅၈ ခုနှစ်ကစပြီး နှစ်စဉ် ဇူလိုင်လ ၃၀ ရက်နေ့တိုင်းကို ကမ္ဘာ့မိတ်ဆွေများနေ့ အဖြစ်သတ်မှတ်ပြီး အဆိုပြုတင်ပြရာမှ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့မှာတော့ ကုလသမဂ္ဂအထွေထွေညီလာခံကနေ အပြည်ပြည်ဆိုင်ရာ မိတ်ဆွေများနေ့ကို ငြိမ်းချမ်းရေးကို မြတ်နိုးတန်ဖိုးထားမှု ပြယုဂ်တစ်ရပ်အနေနဲ့ သတ်မှတ်ခဲ့တာလည်း ဖြစ်ပါတယ်။

ယနေ့ခေတ်မှာတော့ Online Social Media များတွင် လည်းကောင်း၊ လူမှုအဖွဲ့အစည်းအတွင်း လှုပ်ရှားမှုများစွာဖြင့် လည်းကောင်း၊ အသွင်မတူကွဲပြားခြားနားတဲ့ နောက်ခံ အမျိုးမျိုးရှိကြတာကို လုံးဝလျစ်လျူရှုပြီး မိတ်ဆွေများနေ့ကို အမှတ်တရကျင်းပနေကြတာကိုလည်း တွေ့မြင်နေရပါတယ်။ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုးအကြား၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား ငြိမ်းချမ်းရေးကြိုးပမ်းအားထုတ်မှုတွေနဲ့ ငြိမ်းချမ်းရေးပေါင်းကူးတံတားတွေ တည်ဆောက်နိုင်ကြဖို့ကိုလည်း ရည်ရွယ်ကျင်းပကြတာလည်းဖြစ်ပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့က တရားမျှတမှုတွေကင်းမဲ့နေတဲ့၊ စစ်မက်တွေထူပြောနေတဲ့၊ ဆင်းရဲမှုတွေပြည့်လျှံနေတဲ့ ဒီကမ္ဘာကြီးက လူသားအားလုံး၊ နိုင်ငံအားလုံးကို မိတ်ဆွေများအဖြစ် ခင်ခင်မင်မင်ရင်းရင်းနှီးနှီး ချစ်ခင်မြတ်နိုးမှုတွေ မပျက်ကြရလေအောင် နိုးနိုးကြားကြား စိတ်ဝင်တစားနဲ့ သတိချပ် စေချင်တဲ့ သဘောပါ။ မိတ်ဆွေဖြစ်မှုကတစ်ဆင့် တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးလာပြီး ရဲဘော်ရဲဘက်စိတ်နဲ့ ခိုင်မာတဲ့ ယုံကြည်မှုကြိုးစတွေနဲ့ ရစ်ပတ်နှောင်ဖွဲ့ပြီး ဖွံ့ဖြိုးမှုကို ရယူတည်ဆောက်စေလိုတာပါ။ ကုလသမဂ္ဂရဲ့ ခိုင်မာသောယုံကြည်မှုတည်ဆောက်ခြင်းကနေ ယနေ့ ကမ္ဘာမှာအရေးတကြီး လိုအပ်နေတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ တည်ငြိမ်အေးချမ်းမှု အရွေ့တစ်ခုကို မဖြစ်မနေကြိုးပမ်းရွေ့လျားကြဖို့ ကမ္ဘာ့မိတ်ဆွေများနေ့ကနေတစ်ဆင့် မီးမောင်းထိုးပြလျက်ရှိပါတယ်။

## မြန်မာ Friendship

မြန်မာနိုင်ငံတွင်လည်း ပြည်နယ်တိုင်းမြို့ရွာတွေမှာ My Friend Campaign မိတ်ဆက်ပွဲတွေ၊ လူငယ်အချင်းချင်း တွေ့ဆုံပွဲတွေ၊ ရဟန်းသံဃာတွေကို ဆွမ်းကျွေးလှူဒါန်း ကုသိုလ်ပြုပြီး လုပ်ဆောင်တဲ့အစဉ်အလာတွေလည်းရှိခဲ့ပါတယ်။ ဒါနသီလဘာဝနာအားထုတ်ကျင့်ကြံဖို့ နှိုးဆော်တာတွေလည်းရှိခဲ့ပါတယ်။ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပပြီး လူငယ်တွေ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကာ ဆုတွေပေးကြပါတယ်။ အပြန်အလှန်ဆုတောင်းမေတ္တာပို့သကြပါတယ်။ Online ကနေ မိတ်ဆွေတွေအချင်းချင်း အပြန်အလှန်ငယ်ဘဝပုံရိပ်တွေမျှဝေကြပါတယ်။

## ဦးတည်ချက်တူပေမယ့် ကျင်းပရက်တွေမတူညီကြ

ကုလသမဂ္ဂက မတူကွဲပြားခြားနားသော အုပ်စုများအကြား၊ နိုင်ငံများအကြား၊ လူမျိုးဘာသာများအကြား ငြိမ်းချမ်းရေးကို အားပေးမြှင့်တင်ရန် ရည်ရွယ်ပြီး နှစ်စဉ် ဇူလိုင်လ ၃၀ ရက်နေ့မှာ ကမ္ဘာ့နိုင်ငံတိုင်းတွင် အစိုးရများ၊ အဖွဲ့အစည်းများ၊ အစုအဖွဲ့များအလိုက် လှုပ်ရှားမှုများ၊ အထိမ်းအမှတ်ပွဲများ ကျင်းပရန် တိုက်တွန်းနှိုးဆော်ထားပါတယ်။ ဒီလှုပ်ရှားမှုတွေသည် စည်းလုံးညီညွတ်မှု၊ အပြန်အလှန်နားလည်မှုနှင့် ပြန်လည်သင့်မြတ်ရေးတို့ကိုလည်း ဦးတည်စေလိုတာ ဖြစ်ပါတယ်။ ကမ္ဘာ့မိတ်ဆွေများနေ့ဟာ UN ရဲ့ဦးတည်ချက်ကို လိုက်နာစောင့်ထိန်းကြတဲ့နေ့တစ်နေ့ဖြစ်သလို အများပြည်သူရုံးပိတ်ရက်အဖြစ်တော့ သတ်မှတ်မထားပါဘူး။ ဒါပေမဲ့ တချို့နိုင်ငံတွေမှာ ကျင်းပတဲ့ပိတ်ရက်တွေ မတူညီကြတာလည်း တွေ့ရပါတယ်။ အမေရိကန်နဲ့ အိန္ဒိယအပါအဝင် နိုင်ငံအတော်များများမှာ နှစ်စဉ်ဩဂုတ်လရဲ့ပထမဆုံး တနင်္ဂနွေနေ့ကို မိတ်ဆွေများနေ့အဖြစ် ကျင်းပပြီး လက်ဆောင်ကတ်တွေ ပန်းတွေလဲလှယ်တာ၊ ပျော်ရွှင်ဖွယ်ရာအခမ်းအနားတွေ ကျင်းပကြတာလည်း လေ့လာမိပါတယ်။ အချို့နိုင်ငံ၊ အချို့အဖွဲ့အစည်းတွေမှာတော့ မိမိတို့နိုင်ငံ အဖွဲ့အစည်းရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာအရ ကမ္ဘာ့ မိတ်ဆွေများလကို ဖေဖော်ဝါရီလို့ သတ်မှတ်ခြင်း၊ မေလတတိယပတ်ကို မိတ်ဆွေသစ် မိတ်ဆွေဟောင်းများအပတ်စဉ်အဖြစ် သတ်မှတ်ခြင်း၊ အမျိုးသမီးများ၏ မိတ်ဆွေများနေ့တစ်နေ့ အဖြစ်လည်း နှစ်စဉ်ဩဂုတ်လ တတိယတနင်္ဂနွေနေ့ကို သတ်မှတ်ပြီး မိတ်ဆွေများကို အထူးဂရုပြု အလေးအနက်ထား ကျင်းပကြတာလည်း ရှိပါတယ်။

မတူကွဲပြားမှုကို အလေးအမြတ်ပြုတဲ့ ဒီကမ္ဘာ့မိတ်ဆွေများနေ့ဟာ အပြန်အလှန်နားလည် ယုံကြည်မှုကို တည်ဆောက်ရာမှာ လူငယ်တွေရဲ့အရေးပါမှုကို အသိအမှတ်ပြုပြီး နောင်အနာဂတ်ကို ခေါင်းဆောင်မယ့် ကမ္ဘာ့ခေါင်းဆောင်တွေ အဖြစ်လည်း အသိအမှတ်ပြုထားတာဖြစ်ပါတယ်။

## မိတ်ဆွေတု၊ မိတ်ဆွေယောင်ဆိုတာ

ကမ္ဘာပေါ်မှာ ကြောက်စရာအကောင်းဆုံးဟာ မိတ်ဆွေတု၊ မိတ်ဆွေယောင်များသာဖြစ်ပါတယ်။ ကိုယ်ဒုက္ခရောက်နေစဉ် ဖယ်ခွာရှောင်ပြေးသူဟာ မိတ်ဆွေတုပါ၊ အားကိုးအားထားရာ မဖြစ်ဘဲ နောက်ကျော ဓားနဲ့ထိုးသူဟာ မိတ်ဆွေယောင်ပါ။ နိုင်ငံတစ်နိုင်ငံအနေနဲ့ ကြည့်မယ်ဆိုလျှင်လည်း နိုင်ငံတွင်းမှီတင်းနေထိုင်ကြတဲ့ တစ်စုတစ်ဖွဲ့ဟာ အခက်အခဲအကျပ်အတည်းများစွာနဲ့ ဒုက္ခရောက်နေပြီဆိုလျှင် ကျန်အဖွဲ့အားလုံးနှင့်လည်း သက်ဆိုင်ပတ်သက်နေတာမို့ တစ်ဖွဲ့ပျက်စီးလျှင် ကျန်အဖွဲ့တွေလည်း ပျက်သုဉ်းနိုင်တာမို့ အားလုံးက ပြစ်တင်ရှုတ်ချခြင်းထက် အားပေးကူညီဖေးမတဲ့ စိတ်ထားနဲ့ သစ္စာရှိရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းဟာ မိတ်ဆွေကောင်း ပီသခြင်းပါပဲ။ အထူးသဖြင့် သဘောထား ရပ်တည်ချက်တွေ၊ နောက်ခံအကြောင်းတရားအမျိုးမျိုးနဲ့ အမြင်မတူမှုတွေရှိနေတဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေမှာ ဆိုလျှင် ခက်ခက်ခဲခဲနှင့် တည်ဆောက်ထားရတဲ့ ပြန်လည်သင့်မြတ်ပြီး မိတ်ဆွေတွေဖြစ်နေကြပြီးမှ နားလည်မှုလွဲတာရယ်၊ သံသယစိတ် ဝင်တာရယ် အဲဒီနှစ်ခုဝင်လာပြီဆိုရင် ရင်းနှီးမှုရပြီးသား မိတ်ဆွေတွေအဖြစ်ကနေ ရန်သူတောင် ပြန်ဖြစ်သွားတတ်ကြပါတယ်။ ဒါကြောင့် နားလည်မှုပေးဖို့နဲ့ သံသယစိတ်မထားကြဖို့ဆိုတာ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း ရရှိခြင်းရဲ့ အရေးပါတဲ့အချက်တွေဆိုတာ ထင်ရှားပါတယ်။

ဒီနေ့ဒီအချိန်မှာ လူ့အသိုင်းအဝိုင်းတစ်ခုမှာပဲဖြစ်ဖြစ်၊ ကမ္ဘာပေါ်မှာပဲဖြစ်ဖြစ် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း၊ မိတ်ဆွေမှန်ဆိုတာ တကယ့်ရှားပါးပစ္စည်းဖြစ်သွားပါပြီ။ မွေးသည်မှ သေသည်အထိ ချမ်းသာမှုနောက်လိုက်၊ လိုချင်တပ်မက်မှုတွေနဲ့ ကိုယ်ကျိုးစီးပွားအလေးထားမှုတွေနဲ့ အထီးကျန်ဆန်ပြီး မိတ်ဆွေမှန်တွေရှားပါးလာကာ လူတစ်ဦးချင်းစီမှာကော၊ ကမ္ဘာပေါ်မှာပါ တွေ့မြင်လာနေရပါပြီ။ မိတ်ဆွေအစစ်အမှန်ရှားပါးလာပေမယ့် ကိုယ့်အပေါ် ခုတုံးလုပ် ကောက်ကျစ် ဖြတ်ခုတ်မယ့် မိတ်ဆွေယောင်တွေတော့ ပိုများလာသလို ခံစားမိကြမှာပါ။

## မိတ်ဆွေဖွဲ့ကြပါ

မိတ်ဆွေများနေ့မှာ မိတ်ဆွေဖွဲ့ခြင်းဖြင့် အပြန်အလှန် နှုတ်ဆက်စေချင်ပါတယ်။ လိပ်စာကတ် ကလေးတွေ အပြန်အလှန်ပေးခြင်းဖြင့် တစ်ယောက်အကြောင်း တစ်ယောက် သတင်းစကားပါးနိုင်ကြပါတယ်။ လိပ်စာကတ်ပေးခြင်းဟာ စီးပွားရေးနှင့်လူမှုရေးကျင့်ဝတ်စံနှုန်းတစ်ခုလည်းဖြစ်ပါတယ်။ ပတ်ဝန်းကျင်နဲ့ကင်းကွာလို့ မရနိုင်တဲ့လောကအသိုင်းအဝိုင်းမှာ ကိုယ့်လိုအင်ဆန္ဒပြည့်ဝဖို့အတွက်တော့ အများနဲ့ ပေါင်းသင်းဆက်ဆံနေရမှာပဲဖြစ်ပါတယ်။ ဒီလိုပဲ အဖွဲ့အစည်းတစ်ခု၊ ဒေသတစ်ခု၊ လူမျိုးတစ်ခုဟာလည်း လုံခြုံမှု၊ စိတ်အေးချမ်းသာ ပျော်ရွှင်ရဖို့ ဖွံ့ဖြိုးတိုးတက်လိုမှု၊ တည်ငြိမ်အေးချမ်းလိုမှုအတွက် အခြားသောသူတွေ၊ အဖွဲ့တွေနဲ့ ဘယ်လောက်ပဲနားလည်မှုတွေ၊ ယုံကြည်မှုတွေ ဝေးကွာနေပါစေ အဆင်ပြေပြေ ဆက်ဆံပြောဆိုနိုင်ဖို့အတွက် စာနာကိုယ်ချင်းစာစိတ်အပြည့်နဲ့ အတ္တကို ရှေ့တန်းမတင်ဘဲ မိတ်ဆွေဖွဲ့တတ်ကြဖို့ လိုအပ်ပါတယ်။

## အမုန်းစိတ်များချုပ်ငြိမ်းစေချင်

မိတ်ဆွေများနေ့ကို အမှတ်တရ အမှီပြုလျက် လူအချင်းချင်းအကြား အမုန်းစိတ်တွေကို လျှော့ချဖယ်ရှားဖို့ ကိုယ်ကအစပြုပြီး ဖော်ရွေပြုံးရွှင်တတ်သူ၊ ကူညီဖေးမတတ်သူ၊ ကိုယ်ချင်းစာနာတတ်သူ၊ ပေးကမ်းရက်ရောသူ၊ အလိုက်သိ အလျှော့ပေးတတ်သူ၊ ဘာသာတရားကိုင်းရှိုင်းပြီး ရိုသေလေးစား တတ်သူ၊ နူးညံ့သိမ်မွေ့ပြီး စိတ်ထားမြင့်မြတ် သဘောထားကြီးသူ၊ မေတ္တာတရား ကြီးမားပြီး မျှဝေခံစားတတ်သူဖြစ်အောင် ကြိုးစားအားထုတ်ကြရအောင်ပါ။ ဒီလိုစိတ်ထားကောင်းလေးတွေနဲ့ ရန်လိုနိုင်ထက်စီးနင်း အနိုင်ကျင့်မှုတွေကို မြန်မာ့လူ့ဘောင်က ဖယ်ရှားကြရအောင်ပါ။ အငြိုးထားအာဃာတ တရားတွေကို ချုပ်ငြိမ်းအောင်ဆောင်ရွက်ကြရအောင်ပါ။ ယဉ်ကျေးသော၊ အတ္တ မများသော၊ အလျှော့အတင်းလုပ်တတ်သော၊ သည်းခံနိုင်စွမ်းများသော အနာဂတ်မျိုးဆက်သစ်များကို မွေးမြူလေ့ကျင့်ပေးကြရအောင်ပါ။ တစ်ဦးမေတ္တာတစ်ဦး ရိုးသားစွာဖြန့်ဝေခြင်းဖြင့် အမုန်းတရားတွေကို ဖယ်ရှားနိုင်ပါစေ။

## မိမိစိတ်ထားနဲ့တန်တဲ့လက်ဆောင်

စစ်မှန်တဲ့မိတ်ဆွေကောင်းတစ်ယောက်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ကိုယ့်ရဲ့အတ္တကို ရှေ့တန်းမတင်ပါနှင့်၊ ဒေါသအစား မေတ္တာသာပေးပါ။ မိမိက စိတ်ထားပြည့်ဝမှုကို ပြသပေးပါ။ စိတ်ကောင်းထားမှသာ စိတ်ထားလည်းကောင်းမှာပါ။ တကယ့်ကိုယ့်အတွင်းစိတ်ထဲက ဖြစ်ပေါ်လာတဲ့ရိုးသားယဉ်ကျေးတဲ့ စိတ်ထားကောင်းရှိမှလည်း စိတ်ကောင်းရှိတဲ့မိတ်ဆွေတွေနဲ့ တွေ့နိုင်မှာပါ။ ကိုယ်အမူအရာယဉ်ကျေးမှုထက်နူးညံ့သိမ်မွေ့တဲ့စိတ်နှလုံးသားခံစားမှုကို ပြသင့်ပါတယ်။ အကျိုးစီးပွားချင်းမတူရင် ရန်သူမည်တတ်တာမို့ သူ့အကျိုး ကိုယ့်အကျိုး အပြန်အလှန်လေးစားမှုပြုပြီး အကျိုးစီးပွားချင်း နီးစပ်အောင် ညှိနှိုင်းပြုပြင်လျှက် မိတ်ဆွေဖြစ်အောင် တည်ဆောက်သင့်ပါတယ်။ သူ့အကျိုးစီးပွား ဆုတ်ယုတ်ပျက်စီးမှာကို မလိုလားတဲ့ ကျေးဇူးပြုတတ်တဲ့ ကောင်းမွန်တဲ့စိတ်နှလုံးကောင်းမျိုး မွေးစေချင်ပါတယ်။ ကိုယ်တစ်ယောက်တည်းနဲ့ ကိုယ်လို ချင်တာ၊ ကိုယ်လုပ်ချင်တာလုပ်ယူလို့ ခက်ခဲတတ်တဲ့အတွက် တစ်ယောက်တည်းခွဲထွက်လို့မရတဲ့ လူ့ဘောင်အဖွဲ့အစည်းမှာ လူတွေအားလုံးကို ကိုယ့်ဘဝရဲ့ ခရီးဖော်တွေအဖြစ် သတ်မှတ်ပြီး လူတိုင်းကို မထီမဲ့မြင်မပြုဘဲ လေးလေးစားစား ဆက်ဆံစေချင်ပါတယ်။ အမုန်းတရားမဖွဲ့ဘဲ အပြုံးနဲ့တွေ့ဆုံပြီး မိတ်ဆွေကောင်းဆိုတဲ့ စိတ်နှလုံးကို မွေးမြူကြရပါမယ်။

တကယ်တော့မိတ်ဆွေများနေ့ဆိုတာ နေ့တိုင်းသတ်မှတ်ထားရမယ့် အခြေအနေပါ။ ထိုသို့ဆိုလျှင် ဒီနေ့ဒီချိန် ဒီအခါသမယမှာ မိမိရဲ့မိတ်ဆွေ အနည်းအကျဉ်းလေးနဲ့ မိမိအခန်းကျဉ်းလေးထဲမှာပဲဖြစ်ဖြစ်၊ ကိုယ့်ရပ်ရွာ ကိုယ့်ဒေသ ကိုယ့်အဖွဲ့လေးမှာပဲဖြစ်ဖြစ်၊ နောက်ဆုံး ဘားဆိုင်မှာပဲ ဖြစ်ဖြစ် မိတ်ဆွေများနေ့ကို ဂုဏ်ပြုကျင်းပပြီး ပျော်စရာကောင်းတဲ့ဘဝကို တည်ဆောက်ကြပါ။ အချင်းချင်းယုံကြည်ရတဲ့သူငယ်ချင်းမျိုး၊ အချင်းချင်း မှီခိုအားထားရတဲ့ သူငယ်ချင်းမျိုးနဲ့ ခင်မင်ခွင့် တွေ့ကြုံခွင့်ရနိုင်ကြပါစေ။ အခြားသူတွေအတွက် စစ်မှန်သော မိတ်ဆွေကောင်း ဖြစ်နိုင်ကြပါစေ။ မိတ်မပျက်ယုံကြည်မှုတည်ဆောက်လျက် တည်ငြိမ်အေးချမ်းသာယာရေးအတွက် ခရီးဆက် ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလျက်။ ။

“ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့က တရားမျှတမှုတွေကင်းမဲ့နေတဲ့၊ စစ်မက်တွေထူပြောနေတဲ့၊ ဆင်းရဲမှုတွေပြည့်လျှံနေတဲ့ ဒီကမ္ဘာကြီးက လူသားအားလုံး၊ နိုင်ငံ အားလုံးကို မိတ်ဆွေများအဖြစ် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ချစ်ခင်မြတ်နိုးမှုတွေ မပျက်ကြရလေအောင် နိုးနိုးကြားကြား စိတ်ဝင်တစားနဲ့ သတိချပ်စေချင်တဲ့ သဘောပါ။ မိတ်ဆွေဖြစ်မှုကတစ်ဆင့် တစ်ဦးနဲ့တစ်ဦး ခင်မင်ရင်းနှီးလာပြီး ရဲဘော်ရဲဘက်စိတ်နဲ့ ခိုင်မာတဲ့ ယုံကြည်မှုကြိုးစတွေနဲ့ ရစ်ပတ်နှောင်ဖွဲ့ပြီး ဖွံ့ဖြိုးမှုကို ရယူတည်ဆောက်စေလိုတာပါ။ ကုလသမဂ္ဂရဲ့ ခိုင်မာသောယုံကြည်မှုတည်ဆောက်ခြင်းကနေ ယနေ့ ကမ္ဘာမှာ အရေးတကြီး လိုအပ်နေတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ တည်ငြိမ်အေးချမ်းမှု အရွေ့တစ်ခုကို မဖြစ်မနေကြိုးပမ်းရွေ့လျားကြဖို့ ကမ္ဘာ့မိတ်ဆွေများနေ့ကနေတစ်ဆင့် မီးမောင်းထိုးပြလျက်ရှိပါတယ်”

# ပြည်သူ့အခြေပြုဖွံ့ဖြိုးရေးစင်တာမှ လူမှုစီးပွားဘဝ လိုအပ်ချက်များကို ကူညီပေးမည်

**မကွေး ဇူလိုင် ၂၈**

ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများ အားလုံးတွင် အကူအညီများ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်မည့် ပြည်သူ့အခြေပြုဖွံ့ဖြိုးမှုစင်တာအား မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ပုဏ္ဏဝတီခန်းမ၌ ဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက တောင်တွင်းကြီးမြို့နယ်မှာရှိတဲ့ ပြည်သူလူထု၏ ပညာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင်မယ့် ဝန်ဆောင်မှုလုပ်ငန်းတွေ၊ လက်မှုနဲ့ တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်းမှု သင်တန်းတွေ၊ အားကစားနဲ့ ယဉ်ကျေးမှု အနုပညာဆိုင်ရာ သင်တန်းတွေ၊ ဖျော်ဖြေပွဲတွေ အားလုံးကို လက်ခံ ကျင်းပပေးနိုင်မယ့် နေရာတစ်ခုအဖြစ် လုပ်ဆောင်သွားမယ်ဟု ပြောကြားသည်။

ယခုအခါ စီမံကိန်းချမှတ်၍ လုပ်ငန်းအကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ ချမှတ်ထားသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများကို ပြည်သူဘက်မှလည်း ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ပေးနိုင်မည့် စံပြစီမံကိန်းတစ်ခုဖြစ်အောင် ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များ၊ အနယ်နယ်အရပ်ရပ်မှ မြန်မာနိုင်ငံ အတွင်းရှိ ကျေးလက်၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင်ပါဝင်ရင်းနှီးမြှုပ်နှံလိုသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သော ပညာရှင်များကို ဖိတ်ခေါ်ကာ စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်နိုင်ရန်ကြိုးစားနေပါကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ပုဏ္ဏဝတီခန်းမက အရင်ကတည်းကဆောက်ထားတာပါ။ ဒါပေမယ့် မပြည့်မစုံ ဖြစ်နေတယ်။ ခန်းမကြီးက ခန်းမက အလွန်ကြီးနေပြီး ကုန်ကျငွေက စည်ပင်သာယာ အနေဖြင့် ငွေကြေးနိုင်နင်းဖို့မလွယ်ဘူး။ ဒါ့ကြောင့်လက်ရှိ ပုံကြမ်းတော့ထုတ်ပြီးပြီ




အချောထုတ်ပြီးမှ တင်ဒါခေါ်မှာပါ။ ကုန်ကျငွေက သိန်းသုံးသောင်းလောက် ကုန်ကျမယ်လို့ခန့်မှန်းထားတယ်၊ ဒီနှစ်အတွင်း စနိုင်အောင်ကြိုးစားနေပါတယ်၊ ပထမဦးစွာ ခန်းမကို ပြင်ဆင်ရမယ်၊ ခန်းမပတ်ပတ်လည်မှာရှိတဲ့ မြေကွက်လေးတွေကိုချဲ့သင့်တာ ချဲ့မယ်၊ (Public)ဧရိယာဆိုပြီး ပြည်သူတွေ အပန်းဖြေလို့ရမယ့်နေရာမျိုးလေးတွေ သေချာပြုပြင်ထားပေးမယ်၊ ခန်းမအပြင် ပြည်သူ့အခြေပြုဖွံ့ဖြိုးမှုစင်တာဆိုတော့ ပြည်သူတွေ လူငယ်၊ လူရွယ်တွေ သူ့တို့ရဲ့အတွေးအမြင်တွေ ခေတ်နဲ့ အညီဖြစ်အောင် ယဉ်ကျေးမှုတွေနဲ့ ပက်သက်တဲ့ကိစ္စတွေ၊အသိဉာဏ်ဖွံ့ဖြိုးမှုနဲ့ပက်သက်တဲ့ ကိစ္စတွေ လုပ်လို့ရအောင်ခန်းမတွင်း အခန်းတွေဖွဲ့ပေးပြီး ထားသွားမှာပါ"ဟု ဝန်ကြီး ဦးဇော်မင်းက ဆက်လက်ပြောကြားသည်။

**ကျော်ဇေယျ**

# ညောင်လေးပင်မြို့၌ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးပညာပေး

**ညောင်လေးပင် ဇူလိုင် ၂၈**

မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု အန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကိုဇူလိုင် ၂၆ရက် က ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၃) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဟုတ်လင်ကွမ်အင်း ဘုံကျောင်းခန်းမ၌ ကျင်းပသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲအောင်က မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ပဲခူးမှ တပ်ဖွဲ့စုမှူး ရဲမှူးမောင်မောင်ဝင်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ဖွဲ့စည်းပုံကို ရှင်းလင်း ပြောကြားကာ "လူကုန်ကူးမှု ပပျောက်ဖို့ မဖြစ်နိုင်ရင်တောင် လျော့နည်းသွားဖို့ ကျွန်တော်တို့ ရဲတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက် စေချင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ဆက်လက်၍ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု ပဲခူးမှ ရဲအုပ်ကျော်ကျော်က လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှုများအကြောင်း ရှင်းလင်းဟောပြောပြီး ညောင်လေးပင်မြို့မ ရဲစခန်းမှူး ဒုရဲမှူးဌေးဝင်းက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအကြောင်း အသိပညာပေးဟောပြောသည်။

ဟောပြောပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရဲတပ်ဖွဲ့ဝင်များက လူကုန်ကူးမှုနှင့်ပတ်သက်သည့်အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကျိုက်ထိုမြို့နယ်၌လေပြင်းတိုက်ခတ်ခံရသူမိသားစုများအား ထောက်ပံ့

**ကျိုက်ထို ဇူလိုင် ၂၈**

ကျိုက်ထိုမြို့နယ်တွင် ဇူလိုင် ၂၆ ရက် ည ၁၀ နာရီခန့်ကမိုးသည်း ထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျောက္ကလပ်ကျေးရွာအုပ်စုပေ ၈၀ ကျေးရွာနေ ဒေါ်မိုး(၅၃)နှစ်(ဘ)ဦးထွန်းရီ၏ (၁၀×၁၅)ပေရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်အပါအဝင် လူနေအိမ် လေးလုံး အမိုးနှင့် အကာများလန်ထွက် ပျက်စီးခဲ့၍ ဇူလိုင် ၂၇ ရက် နေ့လယ် ၁၁နာရီတွင်ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပျက်စီးခဲ့သော အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ပစ္စည်းပေးအပ်ရာသို့ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်စီမံကိန်းဘဏ္ဍာရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဦးဝဏ္ဏကျော်၊ သထုံခရိုင် ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး (ဒုတိယတန်း)ဦးအောင်ကိုကိုနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ သိမ်ဇရပ်ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဦး၊ ကျောက္ကလပ်ကျေးရွာအုပ်ချုပ်ရေးမှူးဦးအောင်မြင့်ဌေးနှင့် နေအိမ်များ ပျက်စီးခဲ့သောအိမ်ထောင်စုဝင်များ တက်ရောက်ခဲ့သည်။

ထောက်ပံ့ပစ္စည်းပေးအပ်ရာတွင် ဝန်ကြီးဦးဝဏ္ဏကျော်က အားပေးစကားပြောကြားပြီး ပျက်စီးခဲ့သော နေအိမ် လေးအိမ်မှ အိမ်ထောင်စုဝင်များအား တစ်အိမ်လျှင် ပလတ်စတစ်ရေပုံး တစ်လုံးနှင့်(၆၀×၄၀)ပေ ရှိ တာပေါ်လင်စ တစ်ခုတို့အား အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ၊ ပရာကျွတ်ခီရီခန်ခရိုင်ဝန်နှင့်အဖွဲ့က ထောက်ပံ့ပစ္စည်းများ လာရောက်လှူဒါန်း

**တနင်္သာရီ ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင် တနင်္သာရီမြို့နယ် အတွင်းရှိရေဘေးသင့်ပြည်သူများအတွက် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခန်ခရိုင်ဝန် မစ္စတာဖန်လုပ်စင်ဟစေနီ ဦးဆောင်သော ၆၀ ဦးပါအဖွဲ့သည် မောင်နှမမြို့တော်များဖြစ်ကြ၍ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ အစီအစဉ်အရ လူသားချင်းစာနာ ထောက်ထားစွာဖြင့် ဇူလိုင် ၂၇ ရက်နေ့ နံနက် ၁၁ နာရီခွဲအချိန်က မြန်မာ-ထိုင်းနယ်စပ် မောတောင်မြို့သို့ လာရောက်ပြီး မောတောင်မြို့ အမှတ်(၁)ရပ်ကွက်၊ ပြည်ထောင်စု(၁)လမ်း နာရီစင်အရှေ့တွင် ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။



တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး(မြို့ပြ)ဦးညီညီဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့-အဖွဲ့ဝင် ဦးအောင်ဆန်းဝင်းနှင့် မောတောင်မြို့အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးအောင်တို့က လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံ၊ ပရာကျွတ်ခီရီခန်ခရိုင်ဝန် မစ္စတာဖန်လုပ်စင်ဟစေနီ ဦးဆောင်သောအဖွဲ့မှ ဆန်၊ ဆီ၊ ငါးသေတ္တာ၊ အသင့်စားနိုင်သော ခေါက်ဆွဲခြောက်၊ သောက်ရေသန့်၊ အိမ်သုံးဆေးဝါး၊ ဆားနှင့်အခြားအသုံးအဆောင် ပစ္စည်းများ စုစုပေါင်းတန်ဖိုးဘတ်ငွေ ၅၅၀၀၀၀ (မြန်မာငွေကျပ်သိန်း ၂၀၀) ကျော်အား တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် ချစ်ခင်ရင်းနှီးစွာဖြင့် လာရောက်လှူဒါန်းကြောင်း သိရှိရသည်။

အဆိုပါလှူဒါန်းပစ္စည်းများအား မောတောင်မြို့မှ တစ်ဆင့်တနင်္သာရီမြို့နယ် ရေဘေးအလှူခံဌာန၊ ယာယီကွပ်ကဲရေးရုံးသို့ ပြည်ဖြိုးထွန်းဆီအုန်းစိုက်ပျိုးရေးကုမ္ပဏီမှမော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

**နန်းသာရီ-ထိန်ဝင်း**

# ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းပြီ

**ပျော်ဘွယ် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၆)အုပ်စု အတွင်းရှိ ကျေးရွာပေါင်း ၁၁ ရွာရှိ အိမ်ခြေ ၁၄၄၁ အိမ်၊ မူလတန်းကျောင်း ၁၁ ကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်း၊ ကျန်းမာရေးဌာန အဆောက်အအုံ နှစ်ခုနှင့် ဘာသာရေးအဆောက်အအုံ ၁၅ ခုတို့တွင် တစ်အိမ်ထောင်သုံး ဆိုလာစနစ်ဖြင့် မီးလင်းရေးအတွက် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရှိရသည်။

ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းမှုရရှိနေကြပြီးဖြစ်သော ကျေးရွာများမှာ စန်းတောကျေးရွာအုပ်စု သိမ်ကုန်းကျေးရွာ၊ အောင်းကုန်းကျေးရွာ၊ ကျောင်းရွာအုပ်စု ကျောင်းရွာကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ ဒဟတ်တန်းကျေးရွာ၊ မိုးကောင်းအုပ်စု ငှက်မီးကျေးရွာ၊ ကျောက်အိုးကျေးရွာ၊ တောင်နီကျေးရွာ၊ မီးဖုရားကုန်းအုပ်စု မီးဖုရားကုန်းကျေးရွာ၊ ရှမ်းစုကုန်းအုပ်စု ဘိုကုန်းကျေးရွာ၊ သီးပင်အုပ်စု သီးပင်ကျေးရွာတို့ဖြစ်ကြသည်။

၎င်းကျေးရွာအုပ်စုများသည် မဟာဓာတ်အားလိုင်းနှင့် ၁၀ မိုင်အထက် ကွာဝေးသော ကျေးရွာများဖြစ်ကြ၍ လျှပ်စစ်ဓာတ်အား မရရှိနိုင်သော ကျေးရွာများဖြစ်ကြသည်။ နိုင်ငံတော်နှင့် ကျေးလက်နေပြည်သူများ အချိုးကျထည့်ဝင်ငွေဖြင့် တစ်အိမ်ထောင်သုံး ဆိုလာစနစ်ဖြင့် ဆိုလာပြားများ တပ်ဆင်၍ မီးလင်းရေး ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**မောင်ကို(သာစည်)**



# ရန်ကုန်ဆန်ဈေးကွက် ဆန်ကြမ်း၊ ဆန်ချောများအနက် ပေါ်ကျွဲဆန်ဈေးနှုန်း အမြင့်ဆုံးတက်

ရန်ကုန်ဆန်ဈေးကွက်တွင် ဆန်ကြမ်း ဆန်ချော ဈေးနှုန်းများမြင့်တက်လာရာတွင် ပေါ်ကျွဲဆန်သည်ဈေးနှုန်းမြင့်တက်မှု အများဆုံး ဖြစ်ခဲ့ကြောင်း ဘုရင့်နောင်ပွဲရုံတန်းမှ သိရှိရသည်။

၂၀၁၈ သင်္ကြန်အလွန်ပေါ်ကျွဲ ဆန်တစ်အိတ်လျှင် ငွေကျပ် သုံးသောင်းကျပ်ဝန်းကျင်ရှိရာမှ ဇူလိုင်လကုန်တွင် လေးသောင်းကျပ်ဝန်းကျင်အထိဈေးနှုန်းမြင့်တက်လာသည်။ ၁၉၇၀ ဝန်းကျင်နိုင်ငံတော်မှ ဆန်စပါးလုပ်ငန်းများလုပ်ကိုင်ခဲ့ချိန်မီးဒုံး(အရပ်အခေါ် ကောက်ကြီး) အမျိုးအစားသည်အခြားညှော့မထ ငကျွဲ စပါးအုပ်စုဝင် စပါးအမျိုးအစားအကြား ဈေးနှုန်းအားဖြင့်ကြားအဆင့်တွင်ရှိခဲ့သည်။

ပြည်တွင်းဆန်ဈေးကွက်တွင် အခြေခံလူတန်းစားများစားသုံးမှုများပြီး ပြည်ပပို့ဆန်ဖြစ်သည့် ဆန်ကြမ်းအုပ်စုများဖြစ်သော မိုးဆန်ကြမ်းနှင့် နွေဆန်ကြမ်းဈေးနှုန်းများသည် သင်္ကြန်အလွန်ဧပြီလကုန်ပိုင်းမှ ဇူလိုင်လ ကုန်ပိုင်းအတွင်း ဈေးနှုန်းအတက်အကျဖြစ်နေရာ ယင်းကာလအတွင်းဈေးနှုန်းကွာခြားခြင်းမှာဆန်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀မှ ၂၀၀၀ ကျပ်ရှိခဲ့သည်။ စိုက်ပျိုးမှုအများဆုံးရှိသော မိုးဆန်ကြမ်းမှာမူ တစ်အိတ်လျှင် သင်္ကြန်အလွန် ငွေကျပ် ၂၅၀၀၀ ကျပ်ဝန်းကျင်ရှိရာမှ ဇူလိုင်လကုန်ပိုင်းတွင် ၂၇၀၀၀ ကျပ် ဝန်းကျင်ရှိသည်ဟု သိရသည်။

ပေါ်ဆန်းမှာပြည်တွင်းတွင် စိုက်ဧက၁၃ သိန်းဝန်းကျင်ရှိပြီး တစ်ပြည်လုံးတွင်စပါးစိုက်ဧကပေါင်း ၁၇၉သိန်း ရှိသည်ဟုသိရသည်။ နွေစပါးစိုက်ပျိုးမှုသည် မိုးစပါး စိုက်ပျိုးခြင်း၏ ၂၀ ရာခိုင်နှုန်းဝန်းကျင်သာရှိသည်ဟု သိရသည်။ ဒီဇင်ဘာလဝန်းကျင် ဆန်ဈေးကွက်သို့ စတင်ဝင်ရောက်လာသော ပေါ်ဆန်းဆန်ကို ပေါ်ဆန်းယဉ်ဟု ခေါ်ဝေါ်သည်။ အသက်အရွယ်ကြီးသူများ ပေါ်ဆန်းယဉ်စားသုံးခြင်းနည်းပြီး ပေါ်ဆန်းအဟောင်းဆန်သာစားသုံးမှုများသည်။ ပေါ်ဆန်းယဉ်နှင့် ပေါ်ဆန်းအဟောင်း ဈေးနှုန်းတို့သည် ဒီဇင်ဘာလဆန်းပိုင်းတွင် တစ်အိတ်လျှင် ငွေကျပ် တစ်သောင်း ဝန်းကျင်အထိကွာခြားမှု ရှိတတ်ကြောင်း သိရသည်။

သင်္ကြန်အလွန်ကာလ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်လျှင် ငွေကျပ် ငါးသောင်းနှစ်ထောင်မှ ဇူလိုင် လကုန်ပိုင်းတွင် ငါးသောင်းရှစ်ထောင်ကျပ်အထိ မြင့်တက်လာသည်။ အကြမ်းဖျင်း ရွှေဘိုပေါ်ဆန်းထက် တစ်အိတ်လျှင် ငွေကျပ် တစ်သောင်းဝန်းကျင် နည်းပါးသည့် မြောင်းမြပေါ်ဆန်းများ၊ ဒေးဒရဲပေါ်ဆန်းများ တောင်ပံ့ဈေးနှုန်းများမှာ သင်္ကြန်အလွန်တွင် ငွေကျပ် ၄၂၀၀၀ မှ ယခုအခါ ငါးသောင်းနီးနီး ဖြစ်လာခဲ့သည်။

မြစ်ဝကျွန်းပေါ်ဒေသဆန်စပါးအများအပြား ထွက်ရှိရာမြို့များရှိ ဆန်စက်လုပ်ငန်းရှင်များ စပါးကုန်သည်များ လက်ဝယ်လှောင်စပါးကြမ်းများရှိသေးသည်။ ဈေးနှုန်းအမြင့်ကိုစောင့်နေရာ ပြည်ပပို့ဆန်များအနက် ပင်လယ်ရေကြောင်းဖြင့် တင်ပို့ခြင်းထက် မူဆယ်နယ်စပ်ပို့ဆန်ဈေးကွက်တွင် ဈေးနှုန်းပိုရတတ်သော်လည်းပုံမှန်အရောင်းအဝယ်သာရှိနေသည်။ သို့ဖြစ်ရာဇူလိုင်လကုန်ပိုင်းအချိန် ဆန်ကြမ်းဈေးအနည်းငယ်ကျပြီး ဆန်ချောဈေးအနည်းငယ်မြင့်တက်နေသည်ဟု သိရသည်။

ပေါ်ဆန်းစပါးသစ်သည်မိုးစိုက်စပါးကြမ်းထက် နှစ်လဝန်းကျင်နောက်ကျ၍ ရိတ်သိမ်းရခြင်း ပေါ်ဆန်းယဉ်ဆန်သစ်ထွက်ပေါ်ချိန်ပေါ်ဆန်းဆန်အဟောင်းစားသုံးမှုများနေသေးခြင်းတို့ကြောင့် ပေါ်ဆန်းစပါးလှောင်ထားသူများအနေဖြင့်စပါးကြမ်းလှောင်သူများထက် ဆန်ဈေးနှုန်းတက်ချိန်ကို နှစ်လဝန်းကျင်ပို၍ စောင့်ချိန်ပိုရသည်ဟုဆန်ကုန်သည်တစ်ဦးက ဆိုသည်။ ယခုနှစ်သင်္ကြန်အလွန်မှ ယနေ့အထိသုံးလတာကာလအတွင်း ဆန်ကြမ်းဈေးနှုန်းများသည် အတက်အကျရှိသော်လည်း ပေါ်ကျွဲ၊ ပေါ်ဆန်း ဆန်ဈေးနှုန်းများမှာအကျမရှိဘဲ အတက်သာရှိနေသည်ဟု သိရပြီး ပေါ်ကျွဲ ဆန်တစ်အိတ်လျှင် ကျပ်တစ်သောင်း ဝန်းကျင် ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ်ငါးထောင်ဝန်းကျင် ဆန်ကြမ်းတစ်အိတ်လျှင် ကျပ်နှစ်ထောင် ဝန်းကျင်နှုန်း မြင့်တက်လာသည်ဟုသိရသည်။

**ခင်ဆိုင်**

# အစုအဖွဲ့ပိုင် သစ်တောထိန်းသိမ်းမှုနှင့် ရေချိုစိမ့်စမ်းထွက်ရှိသည့် ညောင်ရွှေမြို့မှ တောင်ပို့ကြီးကျေးရွာ

**သတင်းဆောင်းပါး-ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

မြန်မာနိုင်ငံ၏ အရှေ့ဘက် ရှမ်းကုန်းမြင့်ပေါ်ရှိ တောင်တန်းကြီးများအလယ် သာယာလှပစွာတည်ရှိနေသည့် အင်းလေးရေချိုကန်ကြီး၏ အနောက်ဘက်တောင်တန်းများ အနားတွင် သဘာဝက လက်ဆောင်အဖြစ် ပေးထားသည့်ပမာ ရေချိုများထွက်ရှိနေသည့် တောင်ပို့ကြီးတစ်ခုရှိနေသည်။

အဆိုပါတောင်ပို့ကြီးရှိသောကျေးရွာတွင် နေထိုင်သူများ အဓိကမှီခိုနေရသည့် ရေချိုထွက်နေသော တောင်ပို့ကြီးမှ စိမ့်စမ်းရေထွက်ရှိမှုမှာ တဖြည်းဖြည်း လျော့နည်းလာနေသည်ကို ကျေးရွာသူ ကျေးရွာသားများ သတိထားမိလာကြသည်။ အဘယ်ကြောင့် ယင်းတောင်ပို့ကြီးမှ စိမ့်စမ်းရေထွက် နည်းလာရသည်ကို အားလုံးက စိတ်ဝင်တစား ရှိနေကြသည်။

အင်းလေးကန်ကြီးနံဘေးက တောင်ပို့ကြီးကျေးရွာသည် ညောင်ရွှေမြို့မှ ငါးမိုင်ခန့်အကွာ အင်းလေးကန်၏အနောက်ဘက်တွင် တည်ရှိသည်။ တောင်ပို့ကြီးဟု အမည်တွင်ရသည့်အကြောင်းရင်းမှာ စိမ့်စမ်းရေအမြဲမပြတ် ထွက်နေသည့် ငါးဧကခန့်ရှိ တောင်ပို့ကြီးကို အစွဲပြု၍ ဘိုးဘွားများလက်ထက်ကတည်းက အမည်နာမပေးခဲ့ခြင်းဖြစ်သည်ဟု ဒေသခံ သက်ကြီးရွယ်အိုတွေက ပြောပြသည်။ ရှေးယခင်က တောင်ပို့ကြီးမှာ ကျေးရွာဟိုဘက်အခြမ်း ဒီဘက်အခြမ်းပင် မမြင်ရဘဲ ရှိခဲ့ကာ ယခုအခါ တောင်ပို့ကြီးမှာ တဖြည်းဖြည်း နိမ့်ကျလာသည်ဟု ဒေသခံများက ပြောပြသည်။

### သဘာဝကပေးသည့်လက်ဆောင်

တောင်ပို့ကြီးကျေးရွာအုပ်စုတွင် တောင်ပို့မြောက်ရွာမှ ရွာသူရွာသားများ မရှိမဖြစ် မှီခိုနေရသည့် သဘာဝရေချိုထွက်စိမ့်စမ်းရေတွင်းများရှိနေသည်။ သဘာဝရေချိုထွက်စိမ့်စမ်းရေတွင်းများကဲ့သို့ ကျေးရွာအတွင်း ထူးခြားနေသည့် အရာတစ်ခုလည်းရှိနေလေသည်။ ယင်းမှာ လေးနှစ်ဝန်းကျင်သာရှိသေးသည့် အဝီစိရေချိုတွင်းပင် ဖြစ်သည်။ ယင်းရေချိုတွင်းသည်လည်း သဘာဝကပေးသော လက်ဆောင်တစ်ခုဖြစ်နေသည်။ အင်းလေးကန်ကြီး၏ ရေချိုမှာ သောက်သုံး၍ မရနိုင်တော့သည့် အခြေအနေတွင် ထိုရေတွင်းသည် စက်များဖြင့် စုပ်ယူစရာမလိုဘဲ သဘာဝအတိုင်း ထွက်ရှိနေခြင်းကြောင့် တစ်ရွာလုံးအသုံးပြုလို့ရသည့် ရေချိုရေလှျံတွင်းပင်ဖြစ်သည်။

ထိုတောင်ပို့ကြီးပေါ်တွင် ၁၀ ပေပတ်လည်ခန့် မြေကျင်းများတူး၍ ကျေးရွာ၏ ရေချိုလိုအပ်ချက်ကို ရေမော်တာဖြင့် စုပ်ယူခြင်းမရှိဘဲ အလိုအလျောက်စနစ်ဖြင့်သာ အိမ်တိုင်ရာရောက် ထုတ်ယူသုံးစွဲလျက်ရှိနေသည်ကိုလည်းတွေ့ရသည်။

လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှစကာ ယင်းတောင်ပို့ကြီးမှ ရေထွက်နှုန်းနည်းပါးလာသည့်အတွက် ကျေးရွာနေသူများ တိုင်ပင်ပြီး သစ်တောဦးစီးဌာနသို့ ဆက်သွယ် အကြောင်းကြားခဲ့သည်။ သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးအစီအစဉ်ဖြင့် သစ်တောများထိန်းသိမ်းပါက တောင်ပို့ရေထွက်မှာ ပုံမှန်ဖြစ်လာမည်ဖြစ်ကြောင်း အသိပညာပေးပြောကြားခဲ့သည်ဟု ဒေသခံရွာသူရွာသားများ၏ ပြောပြချက်အရသိရသည်။

"ကျွန်တော်တို့ တောင်ပို့ကြီးဒေသခံ အစုအဖွဲ့ပိုင် သစ်တော ဧက ၆၀၀ ကို ထိန်းသိမ်းရတဲ့ ရည်ရွယ်ချက်က အင်းလေးကန်ကြီး မတိမ်ကောရေး၊ နုန်းပို့ချမှုနည်းပါးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအနေနဲ့ ရာသီဥတုကောင်းမွန်စေရေး၊ ကာဗွန်လျှော့ချရေးဆိုတဲ့ အသိစိတ်နဲ့ ထိန်းသိမ်းနေတာပါ။ ၂၀၀၀ ပြည့်နှစ်လောက်မှာ သစ်တောဦးစီးဌာနသို့ (Community Forest-CF) ဒေသခံ အစုအဖွဲ့ပိုင် သစ်တော လက်မှတ်ရရှိအောင် ဖောင်တင်ပြီး ၂၀၁၁ ခုနှစ်မှာ CF လက်မှတ်ရရှိခဲ့ပါတယ်။ သစ်တောထိန်းသိမ်းတဲ့အခါ အခက်အခဲအနေနဲ့ သစ်ခိုးတဲ့သူတွေ ရှိသလို၊ ထင်းလိုအပ်ချက်အရ ခုတ်တဲ့သူတွေ လည်းရှိတယ်။ ဒါကိုမလုပ်ဖို့ မေတ္တာရပ်ခံတာတွေ သုံးကြိမ်လောက်အထိ လုပ်တယ်။ ဒါမှမရရင် ဒဏ်ငွေအဖြစ် သတ်မှတ်ထားတယ်။ လောလောဆယ်ထိတော့ ဒဏ်ငွေရိုက်ရတဲ့သူမရှိသေးပါဘူး။ ထင်းခုတ်မှုတွေ လျော့နည်းလာတဲ့အဓိက အရာက လျှပ်စစ်မီးရရှိလာတဲ့အတွက်ဖြစ်ပါတယ်"ဟု တောင်ပို့ကြီး မြောက်ရွာမှ တောင်ပို့ကြီးကျေးရွာ ဒေသခံ အစုအဖွဲ့ပိုင်သစ်တော (Community Forest-CF) ဥက္ကဋ္ဌ ဦးသန်းအေးက ပြောသည်။

### ထင်းသုံးစွဲမှုလျော့နည်းသွား

မြန်မာနိုင်ငံတွင် လျှပ်စစ်မီးမရရှိသေးသည့် ဒေသတချို့ ရှိနေသော်လည်း နိုင်ငံတော်၏ ဦးစားပေးဆောင်ရွက်ပေးမှုကြောင့် လျှပ်စစ်မီးရရှိမှုသည်လည်း သစ်တောပြုန်းတီးမှုကို ကာကွယ်သည့်အနေဖြင့် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလျက်ရှိနေသည်ကို တွေ့ရသည်။ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်တွင် ကြိုးဝိုင်း၊ ကြိုးပြင်သစ်တော ကာကွယ်တောများအတွင်းရှိနေသော ကျေးရွာများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် လျှပ်စစ်မီးရရှိနေပြီဖြစ်သည့်အတွက် ထင်းသုံးစွဲမှုများစွာလျော့နည်းသွားကြောင်းနှင့် တောင်ပို့ကြီးကျေးရွာအုပ်စုသည်လည်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်က လျှပ်စစ်မီးစတင်ရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သစ်တောကာဗွန် ပမာဏတိုးမြှင့်စေခြင်းကို အထောက်အကူပြုစေသည့် ဒေသခံအစုအဖွဲ့ပိုင် သစ်တောများကို ထိန်းသိမ်းနိုင်ရန် သစ်တောဦးစီးဌာနက တစ်ဧက သစ်ပင် ၁၅၀ နှုန်းဖြင့် ဧကလိုအပ်ချက်အလိုက် နှစ်စဉ်နှစ်တိုင်းအခမဲ့မျိုးဝေပေးလျက်ရှိကြောင်းလည်း သိရသည်။



တောင်ပို့ကြီးကျေးရွာရှိ နေအိမ်အချို့ကိုတွေ့ရစဉ်။

ညောင်ရွှေမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက "ညောင်ရွှေမြို့နယ်မှာ CF ကျေးရွာပေါင်း ၁၀၄ ရွာရှိပြီးတော့ စုစုပေါင်းဧက ၃၄၄၂၄ ဒသမ ၅၄ ဧကရှိပါတယ်။ တစ်နှစ်လျှင် တောင်ကုန်းများဖာထေးနိုင်ရန်ဆိုပြီး ဌာနက ပျိုးပင်မျိုးစုံ ခြောက်သောင်းကျော်ကို အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်။ သစ်တောနဲ့ ပတ်သက်တဲ့ အသိပညာပေးဟောပြောမှုတွေလည်း စဉ်ဆက်မပြတ် လုပ်တယ်။ ဒေသခံတွေအနေနဲ့ စိတ်ဝင်တစား ပူးပေါင်းပါဝင်လာကြတာ တွေ့ရပါတယ်"ဟု ရှင်းလင်းပြောကြားသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က သစ်ခုတ်သူများလည်း သစ်တောဦးစီးဌာန၏ အသိပညာပေးမှုများနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် သစ်ခုတ်ထွင်ခြင်းမရှိတော့ဘဲ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုသာ အားထားလျက်ရှိနေသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးတွင် ပန်းမျိုးစုံကိုအဓိကထားစိုက်ပျိုးပြီး ရန်ကုန်မြို့အထိတိုက်ရိုက်တင်ပို့လျက်ရှိနေကာ အခြားသီးနှံစိုက်ပျိုးမှုများမှာလည်း ကြက်သွန်ဖြူ၊ ပြောင်း၊ ဂေါ်ဖီ၊ မုန်လာ၊ ခရမ်းချဉ်၊ ခရမ်းသီးတို့ကိုလည်း အများအပြားစိုက်ပျိုးကြသည်။ တောင်ပို့ကြီးကျေးရွာ အုပ်စုသည် ကျေးရွာဖွံ့ဖြိုးတိုးတက်လာစေရန် အဖွဲ့အစည်းများမှ အသေးစား၊ အလတ်စား ချေးငွေများ လိုအပ်လျက်ရှိနေသည်ကိုလည်း သိရသည်။

### ဂေဟစနစ်ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးရေး

အဆိုပါအကြောင်းအရာနှင့်ပတ်သက်၍ ဦးဇော်လှိုင်ဆွေက "CF နဲ့ပတ်သက်ပြီး တောင်ပို့ကြီးကျေးရွာအပါအဝင် ကျေးရွာ လေးရွာဟာ အင်းလေးကန်ပတ်ဝန်းကျင် ဂေဟစနစ်ထိန်းသိမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း စံပြလုပ်ကွက်အနေနဲ့ပါဝင်သွားပါပြီ၊ မကြာခင် CF နှင့် ပတ်သက်ပြီး ဩဂုတ်လအတွင်းမှာ ပံ့ပိုးမှုတွေစတင်တော့မှာဖြစ်ပါတယ်၊ အဲဒါတွေက ကြက်မွေးမြူရေး၊ ဝက်မွေးမြူရေးနဲ့ ယင်းအတွက်နည်းပညာပေးမယ်၊ ထောက်ပံ့ငွေတွေပေးဖို့ ရှိပါတယ်၊ သစ်ပင်စိုက်ပျိုးနည်းပညာတွေလည်းပါမယ်၊ ဩဂုတ်လထဲမှာပဲ ဂျိုက်ကာအနေနဲ့လည်း ကူညီပံ့ပိုးမှုတွေပေးသွားဖို့စီစဉ်နေပါတယ်"ဟု သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများကို ပြောပြသည်။

"ကျွန်တော်တို့အနေနဲ့ ဒေသခံတွေကို ဧက ၆၀၀ သစ်တောကြီးကို ဒီအတိုင်း ထိုင်ကြည့်ပြီး စောင့်ရှောက်နေရုံနဲ့ မလုံလောက်ဘူးထင်တယ်၊ သစ်တောထဲမှာ ကိုင်းဖျားကိုင်းနားတွေ ခုတ်ထွင်ရှင်းလင်းဖို့လိုမယ်၊ အပင်တစ်ပင်မှာ ပင်စည်နှစ်ခုဆိုလျှင် မသန်လောက်သည့် ပင်စည်တစ်ပင်ကို ခုတ်ထွင်ရှင်းလင်းဖို့ အသိပညာတွေပေးပါတယ်၊ ဒီကိုင်းဖျားကိုင်းနားတွေက ခြောက်လာမယ်၊ သစ်တောကျပ်လာမယ်ဆိုရင် တောမီးကလည်း အလွန်အန္တရာယ်ရှိပါတယ်၊ တောမီးလောင်သွားတဲ့အခါ ထိန်းသိမ်း စောင့်ရှောက်ထားတဲ့ သစ်တောကြီး ဒီအတိုင်းဆုံးရှုံးသွားနိုင်ပါတယ်"ဟု ဦးဇော်လှိုင်ဆွေက ဆက်လက်ရှင်းပြသည်။

မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမြေဧရိယာမှာ ၂၀၁၅ ခုနှစ်အထိ နိုင်ငံမြေ၏ ၄၅ ရာခိုင်နှုန်းရှိနေပြီး ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ နှစ်စဉ်သစ်တောပြုန်းတီးမှုမှာ ၆၄၇၀၀၀ ဟက်တာ ရှိနေသည်ဟု သစ်တောဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည့်အတွက် သစ်တောသစ်ပင်များကို ပြန်လည်စိုက်ပျိုးထိန်းသိမ်းရန် လိုအပ်နေသည်ဟု ပညာရှင်များက သုံးသပ်ပြောဆိုကြသည်။

မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုများမှာ တရားဝင်သစ်ထုတ်လုပ်ခြင်း၊ တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ အကြီးစားစိုက်ပျိုးရေးလုပ်ငန်းများ၊ အသေးစားစိုက်ပျိုးရေးလုပ်ငန်းများ နှင့် လူဦးရေတိုးပွားလာမှုများနှင့်အတူ မြို့ပြများချဲ့ထွင်ခြင်းတို့ကြောင့် ဖြစ်သည်။

"နောင်တစ်ချိန် သားစဉ်မြေးဆက်အတွက် ယခုအချိန်ကတည်းက CF ကို ထိန်းသိမ်းလာခြင်းဖြင့် များစွာသော အကျိုးကျေးဇူးတွေ ရရှိလာမှာ ဖြစ်ပါတယ်။ သစ်တောများကို ထိန်းသိမ်းလာတာ ရာသီဥတုလည်းမှန်လာတယ်။ အင်းလေးကန်အတွင်း နုန်းများကျရောက်မှုကိုလည်း ကာကွယ်ပြီးသားဖြစ်ပါတယ်"ဟု ဦးသန်းအေးက ဆက်လက်ပြောပြသည်။

### ရာသီဥတုပြောင်းလဲမှုလျော့ပါးရေး

မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် သစ်တောကဏ္ဍတွင် ရာသီဥတုပြောင်းလဲမှုလျော့ပါးစေရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်လျက်ရှိရာ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်း (UNFCCC)က ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဖော်ထုတ်ထားသော အစပျိုးလုပ်ငန်းတစ်ခု ဖြစ်သည်။ ထိုအစပျိုးလုပ်ငန်းသည် REDD+ ပင်ဖြစ်သည်။ REDD+ ၏ အပြည့်အစုံမှာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း၊ သစ်တောတွင်း သိုလှောင် ကာဗွန်များကို ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောများအား ရေရှည်တည်တံ့စွာ စီမံအုပ်ချုပ်ခြင်းနှင့် သစ်တောတွင်း သိုလှောင်ကာဗွန်များကို တိုးတက်စေခြင်းဆိုသည့် REDD+ လုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။

ရေချိုအင်းလေးကန်အတွက် ရှမ်းတောင်တန်းကြီး၏ လက်ဆောင်စိမ့်စမ်းရေတွေ ပေးဝေနေသည့် တောင်ပို့ကြီးရွာကလေးတွင် ၂၀၀၀ ပြည့်နှစ်က စတင်ထိန်းသိမ်းလာခဲ့သည့် တောင်ပို့ကြီးကျေးရွာအုပ်စု ဒေသခံများအစုအဖွဲ့ပိုင် သစ်တောဧက ၆၀၀ ၏ အကျိုးကျေးဇူးကြောင့် သဘာဝရေချိုထွက်ရှိသည့်နေရာများ ရေချိုထွက်နှုန်းပိုမိုများပြားလာလျက်ရှိနေသည်။ ပေပေါင်း ၃၈၀ ခန့်နက်သော အဝီစိရေချိုတွင်းမှာလည်း စဉ်ဆက်မပြတ် ရေချိုများထွက်ရှိကာ ကျေးရွာသူကျေးရွာသားများနှင့် အနာဂတ်မျိုးဆက်သစ်ပေါင်းများစွာအတွက် မေတ္တာစိမ့်စမ်းရေများ ထာဝရထွက်ရှိပေးနေမည်ဖြစ်ပါကြောင်း။ ။



တောင်ပို့ကြီးပေါ်တွင် တူးထားသည့် ရေချိုကန်။

## ငွေဆောင်နှင့် ချောင်းသာတို့၌ ညှိသည်များပိုမိုအဆင့်မြင့်စွာတည်းခိုနိုင်ရန် ပြင်ဆင်လျက်ရှိ

**ပုသိမ် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငွေဆောင်အပန်းဖြေစခန်းသို့ ပြည်တွင်းပြည်ပ ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်က ၁၁၈၃၇၀ ဦးနှင့် ၂၀၁၇ ခုနှစ်တွင် ၁၄၂၆၇၆ ဦး၊ ၂၀၁၈ ခုနှစ်ဇန်နဝါရီ မှ ဇွန်လအထိ ၁၀၆၅၅ ဦးဝင်ရောက်ခဲ့ပြီး အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၄ ရာခိုင်နှုန်းတိုးတက်လာကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေး(ငွေဆောင်)ရုံးခွဲမှ သိရှိရသည်။

ထို့ကြောင့် ငွေဆောင်နှင့် ချောင်းသာကမ်းခြေ အပန်းဖြေစခန်းများသို့ ပြည်တွင်းပြည်ပခရီးသွားများ တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးပွားလာခြင်းကြောင့် အဆင့်မြင့်တည်းခိုအပန်းဖြေနိုင်ရန်အတွက်လည်း စီစဉ်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ်က ကမ်းခြေ ဟိုတယ်များတည်ဆောက်ရာတွင် ၁၀ မီတာအမြင့်ဖြင့်နှစ်ထပ်သာဆောက်လုပ်ခွင့်ပြုထားခဲ့ပြီး ယခုအခါ နိုင်ငံတကာ အဆင့်မီစေရန်နှင့်ခရီးသွားများပိုမိုတည်းခိုနိုင်ရေးဟိုတယ်တည်းခိုခများတည်ငြိမ်စေရေးတို့အတွက် ၁၀ မီတာအမြင့်ဖြင့်ပင် သုံးထပ်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုထားကြောင်း သိရသည်။ ထို့အပြင်လက်ရှိနှစ်ထပ်အဆောက်အအုံများကိုလည်း အဆင့်မြှင့်ပြန်လည်ပြုပြင်လျက်ရှိနေကြောင်း မြင်တွေ့ရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှု ဦးစီးဌာန၏စာရင်းများအရငွေဆောင်ကမ်းခြေတွင်ဟိုတယ်၃၁လုံး၊ ချောင်းသာကမ်းခြေတွင်ဟိုတယ် ၂၉လုံးနှင့်ငပလီကမ်းခြေတွင် ဟိုတယ် ၄၀ ရှိပြီး ယခင်နှစ်အတွေ့အကြုံများအရ ခရီးသွားဝင်ရောက်မှုများပြားလျက်ရှိသည့် ငွေဆောင်ကမ်းခြေတွင်အဆင့်မြင့်ဟိုတယ်အသစ်ငါးလုံး တည်ဆောက်လျက်ရှိနေကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**



ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းတစ်ခုတွင် သဘာဝအလှကို တွေ့မြင်ရစဉ်။

# ခရီးသွားဧည့်သည်များနှင့် အမြဲစည်ကားနေသော ပလင်းကမ်းသာယာဆင်စခန်း

ညောင်ဦး ဇူလိုင် ၂၈

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီးရှိ ပလင်းကမ်းသာယာဆင်းစခန်းတွင် ပြည်တွင်းပြည်ပ ခရီးသွားများဖြင့် အမြဲစည်ကားနေသည်။ ပလင်းကမ်းသာယာဆင်စခန်းသည် ညောင်ဦးမြို့မှ ညောင်ဦး-မြင်းခြံ-ပခုက္ကူ လမ်းမကြီး အထွက် ငါးမိုင်ခန့်အကွာတွင် တည်ရှိပြီး ဧရာဝတီမြစ်ကမ်းဘက်သို့ နှစ်ဖာလုံခန့်သာသွားရကြောင်းသိရပြီး ပြည်တွင်းပြည်ပ ခရီးသွားများဖြင့် အမြဲစည်ကားလျက်ရှိသည်။**



ညောင်ဦးမြို့နယ်ရှိ ပလင်းကမ်းသာယာ ဆင်စခန်းသို့ လာရောက်အပန်းဖြေသူများကို တွေ့ရစဉ်။

ပလင်းကမ်းသာယာဆင်စခန်းတွင် ဆင်ခြောက်ကောင်ထားရှိပြီး နောက်ထပ်ဆင်မတစ်ကောင်ရောက်ရှိမည် ဖြစ်ကာ ဆင်များအကြောင်း သိကောင်းစရာများအား ဗီနိုင်းဖြင့် ရေးသားထားသော အချက်အလက်များကိုလည်း ခရီးသွားဆင်ချစ်သူများကဖတ်နေခြင်းဖြင့် ခရီးသွားဆင်ချစ်သူများ ဆင်အကြောင်းစိတ်ဝင်တစားရှိနေကြသည်မှာ အနယ်နယ် အရပ်ရပ်ရှိ ဆင်စခန်းများအောင်မြင်နိုင်မည့် အလားအလာများဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်း လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကိုက ပြောပြသည်။ ပလင်းကမ်းသာယာဆင်းစခန်းသည် ဧရာဝတီမြစ်ကမ်းဘေးတွင် တည်ရှိနေကာ မြစ်ရေတက်ချိန် ဝါဆို၊ ဝါခေါင်လများတွင် နေပီယာမြက် စိုက်ခင်းအထိ မြစ်ရေတက်ကာဆင်စခန်း၏သာယာလှပမှုပိုမိုပေါ်လွင်နေပြီး ဆင်စခန်းဝင်းအတွင်း ခရီးသွားဆင်ချစ်သူများ အေးချမ်းစွာနားနေနိုင်စေရန် ခြေတန်ရှည်ထန်းရွက်မိုးတဲများဖြင့် ခရီးသွားမိသားစုများ နားနေနိုင်ရန် စီစဉ်ပေးထားကာ ပလင်းကမ်းသာယာဆင်စခန်းရောက်အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်စေရန် ဆင်စခန်းဝင်းအတွင်းရှိ သစ်ပင်များပေါ်မှ ပုဂံဒေသထွက် ရုပ်သေးရုပ်များ၊ ဝန်ကြီး မှူးမတ်ရုပ်များ၊ ဆင်ရုပ်များ၊ ဇော်ဂျီရုပ်များ ချိတ်ဆွဲပေးထားသည်။

ဆင်စခန်းဝင်းအတွင်း ခြေတံရှည်တဲနားနေဆောင်များပေါ်မှ ခရီးသွားဆင်ချစ်သူများ မှာယူသုံးဆောင်နိုင်ရန် သန့်ရှင်း လတ်ဆတ်သော အစားအစာဝန်ဆောင်မှုများမှာလည်း မှာယူစားသုံးသူများပြားလှကြောင်းသိရသည်။ ပုဂံ-ညောင်ဦးဒေသသို့ လာရောက်ကြသည့် ခရီးသွားများ၊ဘုရားဖူးများ၊ လေ့လာရေးလာရောက်ကြသည့် ကျောင်းသားကျောင်းသူများအတွက် ပလင်း ကမ်းသာယာဆင်စခန်းဝန်းကျင် သာယာစိုပြည်လှပစေရန် အထူးအစီအစဉ်မှာ ခရီးသွားဆင်ချစ်သူများကြိုက်နှစ်သက်ရာသစ်ပင်၊ ဝါးပင်များစိုက်ပျိုးနိုင်ရန် စီစဉ်ပေးထားကာ သစ်ပင်စိုက်သူအမည်ကမ္ဗည်းရေးထိုးပေးထားပြီး စိုက်ပျိုးထားသည့်သစ်ပင်၊ ဝါးပင်များကြီးသည်အထိ တာဝန်ယူ စောင့်ရှောက်ထိန်းသိမ်းပေးကြောင်း သိခဲ့ရသည်။ ပလင်းကမ်းသာယာဆင်စခန်းသို့ မြန်မာပြည် အနှံ့မှ ပုဂံဒေသသို့ လေ့လာရင်းလာရောက်ကြသည်မှာနေရာစုံ၊ မြို့စုံမှဖြစ်ပြီး ဆင်များကျွေးသော နေပီယာမြက်စိုက်ခင်းများ၏ စိမ်းစိုလန်းဆန်းနေသော မြက်ခင်းများကိုကြည့်ကာ နေပီယာမြက်အကြောင်း စိတ်ဝင်စားသူများအား နေပီယာမြက်မျိုး ဖြန့်ဖြူးဝေငှနေသော ကျောက်ပန်းတောင်းမြို့နယ်က ပုပ္ပားတောင်ချစ်သူများအသင်း နာယကဆရာတော် ဦးယုဇနနှင့် ပုပ္ပားတောင်ချစ်သူများ အသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းဆွေတို့မှ မြန်မာပြည် အရပ်ရပ်သို့ နေပီယာမြက်မျိုးများဖြန့်ဝေပေးနေကြောင်း ပြောကြားသည်။

ပလင်းကမ်းသာယာဆင်စခန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ သစ်လုပ်ငန်းမှ ဆင်များအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို အများပြည်သူနှင့်ကမ္ဘာတစ်လွှားမှ လက်တွေ့သိမြင်လာပြီး ပူးပေါင်းပါဝင်လာစေရန်၊ ဆင်အခြေပြုခရီးသွားလုပ်ငန်းကို အမှီပြု၍ အနီးပတ်ဝန်းကျင် ကျေးရွာများမှပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်စေရန်၊ ဆင်များနှင့် အနီးကပ်ထိတွေ့ခွင့်ရရှိခြင်း ဖြင့်ဆင်များနှင့် ပတ်သက်သော ဗဟုသုတများရရှိစေပြီး ဆင်များကို ချစ်ခင်မြတ်နိုးတတ်စေရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ အပန်းဖြေနားနေနိုင်ရန် နေရာများဖန်တီးပြီး ဆင်အခြေပြု ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်ဌေးက ရှင်းပြသည်။

ဆင်စခန်းဝင်းအတွင်း ဆင်ချစ်သူများလက်တွေ့လေ့လာနိုင်ရန် ဆင်စခန်း၏ဝန်ဆောင်မှုများလည်း လေ့လာနိုင်သည်။ ဆင်နှင့်ပတ်သက်သော ဗဟုသုတများလေ့လာနိုင်ခြင်း၊ ဆင်များကို ကိုယ်တိုင်အနီးကပ်ထိတွေ့ကြည့်ရှုနိုင်ခြင်း၊ ဆင်များအား ကိုယ်တိုင်အစာကျွေးနိုင်ခြင်း၊ ဆင်များနှင့်အတူ ဓာတ်ပုံ၊ ဗွီဒီယို(အခမဲ့)ရိုက်ကူးနိုင်ခြင်း၊ ဆင်များကို ကိုယ်တိုင်ပွတ်တိုက်ရေချိုးပေးနိုင်ခြင်း၊ ဆင်ဝန်ထမ်းများ၏ လူနေမှုဘဝအား လေ့လာနိုင်ခြင်း၊ ဆင်စီး၍ ဧရာဝတီမြစ်အလှနှင့်ညနေရှုခင်းကို ကြည့်ရှုနိုင်ခြင်းနှင့်မော်တော်စီးကာဧရာဝတီဆည်းဆာအလှအပကိုကြည့်ရှုခံစားနိုင်အောင် စီစဉ်ပေးထားကြောင်း လက်ထောက်မန်နေဂျာဦးမျိုးမင်းကိုက ပြောသည်။

**ကိုထိန် (ငါ့သရောက်)**

# ယင်းမာပင်မြို့တွင် အိုးအိမ်ဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများ နေရာချထားပေး

**ယင်းမာပင် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ ခရိုင်စုပေါင်းရုံး အနီးတွင် မြို့ပြနှင့်အိမ်ရာဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောက်လုပ်ပြီးစီးခဲ့သည့် အမှုထမ်း ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ် အဆောက်အအုံတွင် ယင်းမာပင်မြို့၌ တာဝန်ထမ်း ဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား စိစစ်၍ အသီးသီးနေရာချထားပေးခဲ့ပြီးဖြစ်ကြောင်း ယင်းမာပင်မြို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရှိရသည်။

"အိုးအိမ်ဝန်ထမ်းအိမ်ရာကို နေထိုင်ခွင့်ရရှိဖို့ လျှောက်ထားသူ ၅၂ ဦး ရှိပါတယ်၊ အဲဒီထဲကမှ အခြားသောဒေသက လာရောက်တာဝန်ထမ်းဆောင်နေသူတွေ၊ မိသားစုအလိုက် အမှန်တကယ် နေထိုင်မယ့် ဝန်ထမ်းတွေကို ကော်မတီက စိစစ်ပြီး နေရာချထားပေးပါတယ်၊ ဝန်ထမ်းအိမ်ရာမှာ နေထိုင်ခွင့်ရရှိကြတယ့် ဝန်ထမ်းများ အားလုံးကို စည်းကမ်းတကျ နေထိုင်ကြဖို့၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်ကြဖို့ မှာကြားထားပြီး ဖြစ်ပါတယ်"ဟု ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ပြောကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့တွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မှ ဝန်ထမ်းအိမ်ရာ သုံးလုံး၊ ၃၆ ခန်း၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ သုံးလုံး၊ ၄၈ခန်းတွင် ဝန်ထမ်းများကို နေရာချထားပေးနိုင်ခဲ့သည်။ ယင်းမာပင်မြို့သည် ယခင်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း ရှိသော မြို့နယ်အဆင့် မှ ၂၀၁၃ ခုနှစ်တွင် ခရိုင်အဆင့်သို့ တိုးမြှင့်ကာ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီးနှင့်ပုလဲ လေးမြို့နယ်ဖြင့် ဖွဲ့စည်းထားရှိခဲ့ပါသည်။ ခရိုင်အဆင့်တိုးချဲ့ခဲ့သဖြင့်ခရိုင်ရုံး မြို့နယ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဌာနအသီးသီးမှ ဝန်ထမ်းများ၊ အထူးသဖြင့် ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်နေကြရသည့် ဝန်ထမ်းများနှင့် မိသားစုများအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများကို စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**

# တောင်တွင်းကြီးမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးလျက်ရှိ

**တောင်တွင်းကြီး ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများကို မေ၁၇ရက်မှ ဇွန်လကုန်အထိ အပြီးချေးပေးရန် သတ်မှတ်ထားသော်လည်း ချေးငွေပြန်ဆပ်ရမည့်တောင်သူများမှာ နောက်ကျနေခြင်းကြောင့် ငွေထုတ်ချေးကာလကို တစ်လတိုးမြှင့်ပေးထားကာ ချေးငွေများကို ထပ်မံထုတ်ချေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

"ဒီနှစ်ကငွေချေးတဲ့ကာလကို မေ ၁၇ ရက်မှဇွန်လကုန်အထိ အပြီးချေးရမယ်လို့ မူလကညွှန်ကြားထားပါတယ်။ နှစ်စဉ်ပိုက်ဆံချေးတဲ့ကာလဟာမေလကနေစက်တင်ဘာအထိဖြစ်ပါတယ်၊ ဒီနှစ်မှာတော့ ထူးထူးခြားခြား တစ်လခွဲအတွင်း ပြီးအောင်ချေးရမယ်ဆိုတဲ့ အနေအထားကြတော့ လက်တွေ့မှာ တောင်သူတွေပိုက်ဆံပေးဆပ်မှုနောက်ကျနေတဲ့အတွက်သူတို့ကိုခေါ်ယူစစ်ဆေးရတာလည်းရှိတယ်၊ ဆက်စပ်ဌာနတွေနဲ့ စာရင်းဇယားတွေ စစ်ဆေးရတာတွေရှိတဲ့အတွက် ကျွန်တော်တို့ပိုက်ဆံချေးတဲ့အခါမှာ အချိန်ကာလ နှောင့်နှေးမှုတွေရှိနေလို့ ဇူလိုင်၁ လကို ချေးငွေထပ်တိုးပေးတာဖြစ်ပါတယ်"ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမန်နေဂျာဦးစန်းဝင်းကပြောသည်။

တောင်တွင်းကြီးမြို့နယ်၌ ဇူလိုင်လ ၂၆ရက်အထိကျေးရွာအုပ်စု ၆၇ အုပ်စု လယ်သမားပေါင်း ၁၈၀၁၇ ဦး ၏စပါးကေ ၄၉၉၇၅ အခြားသီးနှံ ၁၄၅၉၉ ကေ စုစုပေါင်း ၆၄၅၇၄ ကေအတွက်ငွေ ကျပ် ၈၂၂၆၂ သိန်း ထုတ်ချေးထားပြီးဖြစ်ကြောင်း ဦးစန်းဝင်းက ပြောသည်။

အဆိုပါချေးငွေများကို ထုတ်ချေးရာတွင် တောင်သူတစ်ဦးချင်းစီ၏ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) မူရင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှာ အပ်နှံထားရကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# နွားထိုးကြီးမြို့နှင့် တောင်သာမြို့ဆက်သွယ်သည့်လမ်းပိုင်းအား အဆင့်မြှင့်တင်



**တောင်သာ ဇူလိုင် ၂၈**

မန္တလေးသို့သွားနိုင်မည့် နွားထိုးကြီး- တောင်သာဖြတ်လမ်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက တောင်သာမြို့ အထွက် ၁၂ ပေ ကတ္တရာလမ်းကို ရာသီမရွေးသွားနိုင်ရန် ကျောက်ကတ္တရာခင်းနေပြီဖြစ်သည်။ နွားထိုးကြီး- တောင်သာလမ်းမှာ ၁၇ မိုင်ရှိသော်လည်း နွားထိုးကြီးနယ်မှ ၁၂ မိုင်ထိ ကျောက်ကတ္တရာခင်းပြီးဖြစ်၍ တောင်သာနယ်မှ လိုအပ်သော ကျန် သုံးမိုင်ကို ကျောက်ကတ္တရာခင်းခြင်းဖြစ်သည်။ မန္တလေးသွားလျှင် တောင်သာမှ မြင်းခြံကို ဖြတ်၍ ၁၁၁ မိုင် ရှိရာ ယခု နွားထိုးကြီး-တောင်သာဖြတ်လမ်းကြောင့် ၃၅ မိုင် ခရီးတိုကာ မိုင် ၈၀ ဖြင့် တောင်သာ-မန္တလေး ခရီးသွားနိုင်ပြီဖြစ်သည်။

**ဌေးမြင့်မောင်**

# ငွေအရစ်ကျပေးချေခြင်းဖြင့် ဝယ်ယူသည့် စပါးရိတ်သိမ်းခြွေလှေ့စက် လွှဲပြောင်းပေး

**တပ်ကုန်း ဇူလိုင် ၂၈**

နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် ယခင်က ရှေးရိုးရာ လုပ်ထုံးလုပ်နည်းများအလျောက် ထွန်းယက်စိုက်ပျိုး၊ ရိတ်သိမ်းခြွေလှေ့ကြပြီး အမိုးအကာအောက်သိမ်းဆည်းခဲ့ကြရာ ယခုအခါ ကျွဲ၊ နွားထွန်ရှည်း၊ လုပ်အားအခက်အခဲမရှိဘဲ အချိန်တိုအတွင်းပြီးစီးနိုင်ရေး စွမ်းအားမြင့်လယ်ထွန်စက်၊ ခြွေလှေ့စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်ကြီးများကို ဝယ်ယူအသုံးပြုလာကြကြောင်း သိရသည်။

တပ်ကုန်းမြို့အမှတ်(၆၈)စက်မှုလယ်ယာစခန်းမှ (၂)နှစ်အတွင်း သုံးရစ်ဆပ်ပေးချေစနစ်ဖြင့် (DC-70G Plus Combine Harvester)အမျိုးအစား ရိတ်သိမ်းခြွေလှေ့စက်တန်ဖိုးငွေကျပ် ၄၃၂၉၉၀၀၀ ကို ပထမအရစ်ပေးသွင်း ငွေကျပ် ၁၄၄၃၃၀၀၀ ဖြင့် အုန်းပင်ကျေးရွာအုပ်စု၊ တောင်ပို့သာကျေးရွာမှ တောင်သူ ဦးတင့်ဆွေက ယနေ့နံနက်ပိုင်းက ဝယ်ယူခဲ့ရာ စက်မှုလယ်ယာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်ဦး၊ မြို့နယ်ဦးစီးဌာနမှူး ဦးဘိုမြင့်တို့က ရိတ်သိမ်းခြွေလှေ့စက်ကို ကြည့်ရှုစစ်ဆေး၍ဝယ်ယူသည့်တောင်သူအား လွှဲပြောင်းပေးအပ်ခဲ့သည်။ လယ်ယာသုံးစက်ကိရိယာပစ္စည်းအမျိုးမျိုးတို့ကို လက်ငင်းပေးချေစနစ်၊ အရစ်ကျပေးချေစနစ်တို့ဖြင့် ရောင်းချပေးလျက်ရှိရာ စိုက်ပျိုးရေးတောင်သူများ ဝယ်ယူလိုပါက နီးစပ်ရာ မြို့နယ်စက်မှုလယ်ယာစခန်းနှင့် ချိတ်ဆက်ဝယ်ယူနိုင်ကြောင်း သိရသည်။

**တင်စိုးလွင်**

# ရွှေဘိုမြို့နယ် စိုင်ဒိုးကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်နေ

**ရွှေဘို ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရွှေဘိုမြို့နယ် စိုင်ဒိုးကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်ဒိုးကျေးရွာ ကုန်ထုတ်လမ်းကို ၂၀၁၈ခု ခြောက်လ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၇ သန်းဖြင့် အရှည် ပေ ၆၅၀၀၊ အကျယ် ၁၂ ပေနှင့် ကိုး လက်မထု ဂျင်းခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၂၂ သန်းဖြင့် အရှည် ၁၄ ပေ၊ အကျယ် ၁၅ ပေ ကွန်ကရစ်တံတားကို လည်းကောင်း၊ ခွင့်ပြုရန်ပုံ ငွေကျပ် ၇ ဒသမ ၀၅ သန်းဖြင့် အရှည် ၁၀ ပေ၊ အကျယ် ၁၅ ပေ ကွန်ကရစ် တံတားကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ထုတ်လမ်းပြီးစီးသွားပါက တစ်နှစ်လျှင် နှစ်သီး စိုက်ပျိုးနိုင်မည့် စိုက်ပျိုးကေပေါင်း ၇၇၈ ကေအတွက် အကျိုးရှိမည်ဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးမြင့်၏ ပြောကြားချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

**THE GOVERNMENT OF THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF ELECTRICITY AND ENERGY**
**NATIONAL ELECTRIFICATION PROJECT**
**Invitation for Bids**

**Date: 29th July, 2018**
**SPECIFIC PROCUREMENT NOTICE**
IDA Credit No. : 5727-MM

**Contract Title: Concrete Poles for National Electrification Project**
**Reference No.: C1-G11**

1. The Ministry of Electricity and Energy has received financing from the World Bank towards the cost of the National Electrification Project, and intends to apply part of the proceeds towards payments under the contract for Concrete Poles for National Electrification Project.

2. The Ministry of Electricity and Energy now invites sealed bids from eligible bidders for supply of concrete pole 10 meter and 12 meter, for the total quantities of 138,212 poles to be delivered in calendar year 2018 and 2019 to multiple destinations in all Regions and States of Myanmar. Domestic preference with the margin of 15% will apply. The goods will be grouped into 12 lots and bidders may submit bid for any one or more lots.

3. For quick reference, some of the key qualification requirements include:
   * Minimum average annual turnover (or annual sales volume) shall be 75% of the bid price in over the last two years per each lot. In case of a bidder bidding for multiple lots, the minimum average annual turnover requirement of those multiple lots will be cumulatively applicable.
   * The Bidder should have past experience of having satisfactorily completed during the last 5 years, at least one contract for supply of similar goods; with the value of such contract not less than 50 % of the Bid Price for the offered goods.
